# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**

၁၃၈၁ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၃ ရက် ၂၀၁၉ ခုနှစ်၊ မေ ၃၁ ရက်၊ သောကြာနေ့ အတွဲ (၅၈)၊ အမှတ် (၂၄၃)


**အနှစ်ရှိသော တရားကိုရနိုင်**

အနှစ်ရှိသော တရားကိုလည်း အနှစ်ရှိသော တရားဟူ၍၊ အနှစ်မရှိသော တရားကိုလည်း အနှစ်မရှိသော တရားဟူ၍ သိကြကုန်သောကြောင့် ထိုသူတို့သည် မှန်ကန်သော ကြံစည်မှုလျှင် အာရုံရှိကုန်ရကား အနှစ်ရှိသော တရားကို ရနိုင်ကြကုန်၏။

ယမကဝဂ်(ဓမ္မပဒ-၁၂)



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် အိန္ဒိယနိုင်ငံ သမ္မတ၊ ဝန်ကြီးချုပ်တို့နှင့်အတူ အိန္ဒိယသမ္မတ နိုင်ငံ ဝန်ကြီးချုပ် ရှရီ နရန်ဒရာမိုဒီ၏ ဒုတိယအကြိမ် ဝန်ကြီးချုပ်သက်တမ်း ကျမ်းသစ္စာကျိန်ဆိုပွဲအခမ်းအနားသို့ တက်ရောက်လာသော နိုင်ငံခေါင်းဆောင်များ၊ အစိုးရအဖွဲ့အကြီးအကဲများနှင့် စုပေါင်း မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်

# နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ် ရှရီ နရန်ဒရာမိုဒီ၏ ဒုတိယအကြိမ် ဝန်ကြီးချုပ်သက်တမ်း ကျမ်းသစ္စာကျိန်ဆိုပွဲအခမ်းအနားသို့ တက်ရောက်

**နယူးဒေလီ မေ ၃၀**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်မှ အထူးလေယာဉ်ဖြင့် ထွက်ခွာရာ အိန္ဒိယသမ္မတ နိုင်ငံ နယူးဒေလီမြို့သို့ ဒေသစံတော်ချိန် နံနက် ၁၁ နာရီခွဲတွင် ရောက်ရှိကြသည်။

နိုင်ငံတော်သမ္မတနှင့် အဖွဲ့အား အိန္ဒိယပြည်ပရေးရာဝန်ကြီးဌာန အတွင်းဝန် (ကောင်စစ်ရေးရာ) H.E. Shri Sanjiv Arora ၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး မစ္စတာ ဆော်ရက်(ဘ်) ကူးမား၊ အိန္ဒိယပြည်ပရေးရာဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမိုးကျော်အောင်နှင့် ဇနီး၊ စစ်သံမှူး ဗိုလ်မှူးချုပ်သိန်းဇော်နှင့် တာဝန်ရှိသူများက နယူးဒေလီမြို့ Palam လေတပ်စခန်း လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့သည် မော်တော်ယာဉ်များဖြင့် ခေတ္တတည်းခိုမည့် Hotel ITC Maurya သို့ ရောက်ရှိကြသည်။

**လိုအပ်သည်များ မှာကြား**

မွန်းလွဲပိုင်းတွင် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် နယူးဒေလီမြို့ရှိ မြန်မာသံအမတ်ကြီး နေအိမ်သို့ ရောက်ရှိပြီး မြန်မာသံရုံးနှင့်စစ်သံရုံးတို့မှ သံရုံးဝန်ထမ်းများ၊ မိသားစုဝင်များနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံကာ လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် မြန်မာသံရုံးနှင့် စစ်သံရုံးဝန်ထမ်းမိသားစုများအတွက် လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

**ကြည့်ရှုလေ့လာ**

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်အဖွဲ့သည် နယူးဒေလီမြို့ရှိ အမျိုးသားပြတိုက်သို့ ရောက်ရှိကြပြီး အိန္ဒိယနိုင်ငံ၏ ခေတ်အဆက်ဆက် သမိုင်းယဉ်ကျေးမှု၊ အနုပညာနှင့် အသုံးအဆောင်ပစ္စည်းပြခန်းတို့ကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။

*စာမျက်နှာ ၃ ကော်လံ ၄* ❐




မြန်မာ့အလင်း

# မြန်မာ့ရှုခင်း မြန်မာ့စိတ်ရင်း

တစ်ခေတ်တစ်ခါတုန်းက မြန်မာနိုင်ငံဟာ သဘာဝသယံဇာတများ ကြွယ်ဝပြည့်စုံသော၊ စိမ်းစိုသာယာသော နိုင်ငံတစ်ခုအဖြစ် အရှေ့တောင်အာရှတွင် လူသိများ ထင်ရှားခဲ့ဖူးသည်။ ထို့အတူ မြန်မာလူမျိုးများသည်လည်း စာနာတတ်သူများ၊ ယဉ်ကျေးဖွယ်ရာသူ၊ ဖော်ရွေသူ၊ သူတစ်ထူး ထိခိုက်နစ်နာသွားမှာကို စိုးရိမ်တတ် အားနာတတ်သူများအဖြစ် ကျော်ကြားခဲ့သည်။

ထိုအမည်ကောင်းများ တဖြည်းဖြည်းချင်း ဖျော့တော့လာပြီဟု နိုင်ငံတကာ အသိုင်းအဝိုင်းက စာများပေများတွင် ထည့်သွင်းရေးသားလာခဲ့သည်တို့ပင် ရှိလာသည်။ အထူးသဖြင့်မူ အလွန်မွန်းကျပ် ဖိစီးလာသည့် အထွေထွေအခြေအနေများကြောင့် အစွန်းရောက်လာသော သည်းမခံနိုင်မှုများကတစ်ဆင့် လောက၏ တရားမျှတမှုကို မယုံကြည်နိုင်လောက်အောင်ဖြစ်လာသည်များ၊ မညီမျှမှုများက လွှမ်းမိုးလာသည့်အခါ အစွန်းရောက်သည့် ယုံကြည်မှုများပေါ်မူတည်ကာ အစွန်းရောက် အယူအဆများ၊ အစွန်းရောက်ပြောဆိုမှုများ၊ အစွန်းရောက် လက်တွေ့လုပ်ဆောင်မှုများအထိ ဖြစ်လာသည်ဟု ယူဆပါသည်။

သည်လို ခေတ်ကာလက ဖန်တီးလိုက်သည့် အယူအတွေး အပြောအဆို၊ အလုပ်အကိုင်တို့တွင် နည်းပညာမြင့်မားမှုက လျင်မြန်စွာ ပျံ့နှံ့နိုင်အောင် အထောက်အကူပေးသည့်အခါ အချို့သော အယူအတွေးတို့က ကူးစက်လွယ်ဖြစ်လာ၏။ အချို့သော အပြောအဆို ကြမ်းတမ်းမှုများက အားရပါးရရှိသလိုလို အာတွေ့သလိုလို ဖြစ်လာ၏။ အချို့သော ပြင်းထန်ကြမ်းတမ်းလှသော ပြုမူဆောင်ရွက်မှုများက ပေါ်များလာသော မူးယစ်ဆေးဝါးတို့၏ သွေးထိုးမှုဖြင့် ပိုမိုရဲတင်း ရက်စက်လာသည်တို့ကိုလည်း သတိပြုမိပါ၏။

ချစ်ခြင်း၊ မုန်းခြင်း၊ မကျေနပ်ခြင်း၊ သဘောမတူခြင်း၊ ဝမ်းသာခြင်း၊ ဝမ်းနည်းပူဆွေးခြင်း အစရှိသည့် စိတ်ခံစားမှုအမျိုးမျိုးတို့ကို ပြင်းထန်ကြမ်းတမ်းသည့် ဖော်ထုတ်မှုများပြုလုပ်လာသည်ကို တွေ့လာရသည်။ အတွေးအယူတို့က အစွန်းရောက်လာသည့်အခါ အပြောအဆိုတို့က အလွန်အကျွံ ရိုင်းပျကြမ်းတမ်းလာသည်ဟု ယူဆပါသည်။ အချို့သော အသုံးအနှုန်းများဆိုလျှင် ယုံကြည်ရန်ခက်ခဲလောက်အောင်ပင် လူကြားသူကြားထဲ အလွယ်တကူ သုံးနှုန်း ပြောဆိုလာကြသည်။ လူတစ်ဦးနှင့်တစ်ဦး မည်မျှလောက် မကျေနပ်သည်ဖြစ်စေ သည်ကဲ့သို့ နှုတ်က ထွက်ပေါ်လာစရာအကြောင်း မရှိဟု ယုံကြည်လောက်သည့် မြန်မာ့အစဉ်အလာဓလေ့ယဉ်ကျေးမှုတို့ ကပြောင်းကပြန်ဖြစ်သွားလေပြီဟု တွေးထင်မိတော့သည်။

ပင်ကိုအားဖြင့် မြန်မာတို့တွင် သူတစ်ပါးကို ချစ်ခင်ရင်းနှီး လွယ်တတ်သော ချစ်စရာကောင်းသည့် ဓလေ့စရိုက်တို့ပေါ်တွင် ကြမ်းတမ်းမှုတို့က သြဇာကြီးလာသကဲ့သို့ ဖြစ်လာသည်။

အမှန်တော့ လောက လူ့ရွာ လူ့ကမ္ဘာမှာ မတူညီသော လူမျိုး၊ မတူညီသော ဘာသာ၊ မတူညီသော ယုံကြည်ကိုးကွယ်ရာ၊ မတူညီသော အယူအဆအတွေးအမြင်ရှိသူများ စုပေါင်းနေထိုင်ကြခြင်း ဖြစ်ပါသည်။ အယူအဆမတူညီလျှင်သော်မှ တစ်ဦးနှင့် တစ်ဦး ရန့်ရင်းစရာ မလို၊ နာကျင်ထိခိုက်အောင် နှိပ်စက်ရန်မလို၊ သိမ်မွေ့သည့်နည်းဖြင့် ဖြေရှင်းခြင်းကသာ သာယာငြိမ်းချမ်းသောလောကကို တည်ဆောက်နိုင်ပါမည်။ လူမှုအဖွဲ့အစည်းအတွင်းမှာ သည်လိုချစ်ကြည်ငြိမ်းချမ်းစွာနေထိုင်ကြခြင်းကိုသာ အားပေးပြီး ဖျက်ဆီးလိုသူတို့အတွက် လူမှုအဖွဲ့အစည်းက ရေးဆွဲထားသည့် မျှတသော ဥပဒေတို့ဖြင့် ထိန်းကျောင်းရပါသည်။

ဒါသည်ပင် ဒီမိုကရေစီ၏ အရင်းခံတစ်ခုလည်းဖြစ်ကာ လောကကို ငြိမ်းချမ်းသာယာအောင် စောင့်ရှောက်နိုင်မည့် အခြေခံတရားတစ်ခုလည်း ဖြစ်ပါသည်။

မတူညီသည့် သဘောတရား ယုံကြည်မှုတို့ အတူယှဉ်တွဲကာ ငြိမ်းငြိမ်းချမ်းချမ်း နေထိုင်ခြင်းက မြန်မာနိုင်ငံသားတို့၏ မူလစိတ်ရင်း စိတ်ထားလည်း ဖြစ်သည်ဟု ယုံကြည်ပါသည်။

ဘာသာရေးအရဖြစ်စေ၊ လူမျိုး၏ အစဉ်အလာဓလေ့တို့အရ ဖြစ်စေ သိမ်မွေ့ယဉ်ကျေးမှုကို တန်ဖိုးထားသည့် အလေ့အထတို့ကို မြန်မာ့ လူမှုအဖွဲ့အစည်းက ထိန်းသိမ်းစောင့်ရှောက်ခြင်းဖြင့်သာ မြန်မာနိုင်ငံနှင့် မြန်မာနိုင်ငံသားတို့၏ ငြိမ်းချမ်းသာယာမှုကို ရရှိမည်ဟု ယုံကြည်ပါကြောင်း တင်ပြလိုက်ရပါသည်။ ။




## ပညာရေးဝန်ကြီးဌာန "၂၀၁၉-၂၀၂၀ ပညာသင်နှစ်" အသိပေး ကြေညာချက်

- ❖ ၅ နှစ်အရွယ် ကလေးများကို သူငယ်တန်း (KG) သို့ အပ်နှံရန်။
- ❖ ၆ နှစ်အရွယ် ကလေးများကို ပထမတန်း (Grade-1) သို့ အပ်နှံရန်။

## ပညာရေးဝန်ကြီးဌာန ၂၀၁၉-၂၀၂၀ ပညာသင်နှစ် ကျောင်းအုပ်၊ ဆရာ၊ ဆရာမများအားလုံးနှင့် အရာထမ်း၊ အမှုထမ်းများအားလုံး သိရှိလိုက်နာရမည့်အချက်များ

- ❖ မည်သည့်အခကြေးငွေမျှ ကောက်ခံခြင်း၊ လက်ခံခြင်းမပြုရ။
- ❖ ငွေကြေး၊ လက်ဆောင်ပစ္စည်းတစ်စုံတစ်ရာ လက်ခံခြင်းမပြုရ။
- ❖ ကျောင်းဝတ်စုံအတွက် အတန်းတံဆိပ်နှင့် ကျောင်းတံဆိပ်များ ရောင်းချခြင်းမပြုရ။
- ❖ အခြားမည်သည့်ပစ္စည်းကိုမျှ ရောင်းချခြင်းမပြုရ။
- ❖ အသက် ၅ နှစ်ပြည့်သူတိုင်းအား သူငယ်တန်း(KG)တွင်လည်းကောင်း၊ အသက် ၆ နှစ်ပြည့်သူတိုင်းအား ပထမတန်း (Grade1) တွင်လည်းကောင်း၊ ကျောင်းနေအရွယ်အားလုံး ကျောင်းအပ်လက်ခံဆောင်ရွက်ရန်။
- ❖ ဇွန်လမှ မတ်လအထိ ကျောင်းတက်မှန်၍ စာသင်ချိန်ဇယားအတိုင်းပုံမှန် အတန်းဝင် သင်ကြားသင်ယူပေးရန်၊ ရုံးတက်မှန်ရန်။
- ❖ ကျောင်းသား၊ ကျောင်းသူများအား ပူးပေါင်းဆောင်ရွက်တတ်၍ တာဝန်ယူတာဝန်ခံ ဆောင်ရွက်တတ်သော တီထွင်ကြံဆနိုင်စွမ်းရှိသည့် လူသားကောင်းများ ဖြစ်လာစေရန်အတွက် ကျောင်းတက်မှန်ရေး၊ အိမ်စာများကို နေ့စဉ်လုပ်ဆောင်ရေး၊ သင်ယူတတ်မြောက်မှု အရည်အသွေးကောင်းမွန်ရေး မိဘများနှင့် ပူးပေါင်းဆွေးနွေး ဆောင်ရွက်ပါရန်။
- ❖ သက်ဆိုင်ရာအတန်းများအလိုက် အခန်းဆုံး စစ်ဆေးခြင်းများကို ၂၀၁၉-ခုနှစ် ဇူလိုင်လ၊ ဩဂုတ်လတွင် တစ်ကြိမ်နှင့် ဒီဇင်ဘာလတွင် တစ်ကြိမ်၊ နှစ်လယ်စစ်ဆေးခြင်းကို အောက်တိုဘာလတွင် တစ်ကြိမ်၊ နှစ်ဆုံးစစ်ဆေးခြင်းကို ၂၀၂၀ ခုနှစ် မတ်လတွင်တစ်ကြိမ် စုစုပေါင်း (၄)ကြိမ်သာ ဆောင်ရွက်ရန်။
- ❖ ကျောင်းခေါ်ချိန်မပြည့်သူများ၊ သင်ယူတတ်မြောက်မှုအားနည်းသော ကျောင်းသား ကျောင်းသူများအတွက် ဖြည့်ဆည်းသင်ကြားပေးခြင်း (Remedial Education) ကို ဇူလိုင်လမှစတင်၍ နှစ်ဆုံးစစ်ဆေးခြင်းမတိုင်မီအထိ စဉ်ဆက်ဆောင်ရွက်ရန်။
- ❖ ကျောင်းသန့်ရှင်းရေးလုပ်ငန်းများနှင့် ကျောင်းဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်တတ်စေရေး ကျောင်းသား ကျောင်းသူများကို တိုက်တွန်းအားပေးပါရန်။
- ❖ မူလတန်းအဆင့်တွင် ပထမတန်း၊ ဒုတိယတန်း၊ တတိယတန်းကျောင်းသား၊ ကျောင်းသူများအားလုံး စာဖတ်တတ်ရန်၊ စာရေးတတ်ရန်၊ အခြေခံသင်္ချာတွက်ချက်တတ်ရန်အတွက် အလေးအနက်ထားဆောင်ရွက်ပြီး ကျောင်းထွက်သူ လုံးဝမရှိစေရေးနှင့် အလယ်တန်း၊ အထက်တန်းအဆင့်များသို့ အဆင့်ဆင့် ဆက်လက်ပညာသင်ယူနိုင်ရေးအတွက် မိဘများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးပါရန်။
- ❖ မူးယစ်ဆေးဝါး တားဆီးကာကွယ်ရေး၊ အရက်၊ ဘီယာ၊ စီးကရက်၊ ကွမ်းယာ မသုံးစွဲရေး မိဘပြည်သူအားလုံးနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေး မိဘပြည်သူအားလုံးနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ကျန်းမာရေးနှင့် ညီညွတ်သော လူနေမှုပုံစံများ စွဲမြဲဆောင်ရွက်တတ်ရန် အသိပညာပေးရေးမိဘပြည်သူအားလုံးနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ အသိပညာပေးရေးကို မိဘပြည်သူအားလုံးနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ကျောင်းသား ကျောင်းသူများ ဂိမ်းစွဲလမ်းမှုပပျောက်စေရေး မိဘပြည်သူအားလုံးနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ပညာရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံးသို့ အကြံပြုလို၊ တိုင်ကြားလိုပါက ဒုတိယအမြဲတမ်းအတွင်းဝန်၊ ပညာရေးဝန်ကြီးဌာန၊ ရုံးအမှတ် ၁၃၊ နေပြည်တော် (သို့မဟုတ်) dpsoffice@moe.edu.mm သို့ ပေးပို့တိုင်ကြားနိုင်ပါသည်။

## ကျိုက်မရောတွင် အရိပ်ရအပင်များ စိုက်ပျိုးမည်

**ကျိုက်မရော မေ ၃၀**

မော်လမြိုင်ခရိုင် ကျိုက်မရောမြို့နယ်အတွင်း ဇွန် ၅ ရက်တွင် ကျရောက်မည့် ကမ္ဘာ့သစ်ပင်များနေ့အထိမ်းအမှတ်အဖြစ် အရိပ်ရအပင်များ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း မြို့နယ်သစ်တောဦးစီးဌာနမှ သိရသည်။

ဇွန် ၅ ရက်တွင် စိုက်ပျိုးနိုင်ရန်အတွက် မြို့နယ်သစ်တောဦးစီးဌာန ပျိုးဥယျာဉ်မှ ပျိုးပင်များကို စိုက်ပျိုးမည့် ပြည်သူလူထုများနှင့် ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များသို့ အခမဲ့ဖြန့်ဝေပေးသွားမည်ဖြစ်သည်။ မိုးရာသီကာလအတွင်း အရိပ်ရအပင်စိုက်ပျိုးလိုသူ ပြည်သူများကိုလည်း အခမဲ့ဖြန့်ဝေနိုင်ရန်အတွက် ကျွန်း၊ ပျဉ်းကတိုး၊ မလေးရှားမန်ဂျန်ရှား၊ မဟော်ဂနီ၊ မလေးရှားပိတောက် စသည့် ပျိုးပင်အမျိုးအစား ခုနစ်မျိုးကို ပျိုးထောင်ထားရှိပြီး ပျိုးပင်ပေါင်း ၃၅၅၀၀ ပင်ကို မြို့နယ်အတွင်းရှိ ပြည်သူများထံ လက်ဝယ်အရောက် အချိန်မီဖြန့်ဝေပေးရန် စီစဉ်ထားရှိကြောင်း မြို့နယ်သစ်တောဦးစီးဌာနမှ သိရသည်။

**ချိုမြတ်မြတ်ထွေး (ကျိုက်မရော)**



ကျိုက်မရောမြို့နယ် သစ်တောဦးစီးဌာန ပျိုးဥယျာဉ်မှ ပျိုးပင်များကို တွေ့ရစဉ်။

## ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီ လုပ်ငန်းများ ခွင့်ပြုပေးမှုအခြေအနေ

ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ် (၄၈/၂၀၁၄) ဖြင့် ၂၀၁၄ ခုနှစ် အောက်တိုဘာလ ၁၀ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပြီးနောက် လုပ်ငန်းအသိအမှတ်ပြုလက်မှတ် လျှောက်ထားလာပါက ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများနှင့်အညီ စိစစ်၍ လုပ်ငန်းအသိအမှတ်ပြုလက်မှတ်များကို ခွင့်ပြုပေးလျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ၂၃-၅-၂၀၁၉ ရက်နေ့က ပြုလုပ်ခဲ့သော ပြန်ကြားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးတွင် ၁၁-၃-၂၀၁၉ ရက်နေ့မှ ၅-၄-၂၀၁၉ ရက်နေ့အထိ လုပ်ငန်းအသိအမှတ်ပြုလက်မှတ် လျှောက်ထားလာသည့် ပုံနှိပ်ခြင်းလုပ်ငန်းအတွက် အသစ်လျှောက်ထားသူ ရှစ်ဦးကိုလည်းကောင်း၊ ထုတ်ဝေခြင်းလုပ်ငန်းအတွက် အသစ်လျှောက်ထားသူ ဂျာနယ်လေးဦး၊ မဂ္ဂဇင်းသုံးဦး၊ အထွေထွေ ၁၁ ဦး ပေါင်း ၁၈ ဦးကိုလည်းကောင်း၊ သတင်းအေဂျင်စီလုပ်ငန်း လျှောက်ထားသူ ၁၄ ဦးကိုလည်းကောင်း အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးရန် ခွင့်ပြုပေးခဲ့ပါသည်။

ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများပြဋ္ဌာန်းသည့် ၁၀-၁၀-၂၀၁၄ ရက်နေ့မှစ၍ ယနေ့အထိ ပုံနှိပ်ခြင်းလုပ်ငန်း ၁၅၇၁ ဦး၊ ထုတ်ဝေခြင်းလုပ်ငန်း ၂၆၀၉ ဦးနှင့် သတင်းအေဂျင်စီလုပ်ငန်း ၁၈၇ ဦး စုစုပေါင်း ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း ၄၃၆၇ ဦးအား အသိအမှတ်ပြုလက်မှတ်များ စိစစ်ခွင့်ပြုပေးခဲ့ပြီး ဖြစ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

# နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် အိန္ဒိယသမ္မတနိုင်ငံဝန်ကြီးချုပ် ရှရီ နရန်ဒရာမိုဒီ၏ ဒုတိယအကြိမ် ဝန်ကြီးချုပ်သက်တမ်း ကျမ်းသစ္စာကျိန်ဆိုပွဲအခမ်းအနားတက်ရောက်ရန် အိန္ဒိယသို့ထွက်ခွာ

**နေပြည်တော် မေ ၃၀**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ် ရှရီ နရန်ဒရာမိုဒီ၏ ဖိတ်ကြားချက်အရ ၎င်း၏ ဒုတိယအကြိမ် ဝန်ကြီးချုပ်သက်တမ်း ကျမ်းသစ္စာကျိန်ဆိုပွဲအခမ်းအနားသို့ တက်ရောက်ရန် ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်မှ အိန္ဒိယသမ္မတနိုင်ငံသို့ မြန်မာအမျိုးသားလေကြောင်းလိုင်း အထူးလေယာဉ်ဖြင့် ထွက်ခွာသည်။

**ပို့ဆောင်နှုတ်ဆက်**

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ဒုတိယသမ္မတ ဦးမြင့်ဆွေ၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသူ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်မော်၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံရုံးမှ သံရုံးယာယီတာဝန်ခံ Mr. Sumit Seth နှင့် တာဝန်ရှိသူများက နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

**လိုက်ပါသွား**

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်အတူ အဖွဲ့ဝင်အဖြစ် အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်နှင့် တာဝန်ရှိသူများ လိုက်ပါသွားကြသည်။

**သတင်းစဉ်**

**နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်အား ဒုတိယသမ္မတ ဦးမြင့်ဆွေ၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် တာဝန်ရှိသူများက နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြစဉ်။**

သတင်းစဉ်





**နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် နယူးဒေလီမြို့ရှိ အမျိုးသားပြတိုက်၌ ကြည့်ရှုလေ့လာစဉ်။**

သတင်းစဉ်

❐ *ရှေ့ဖုံးမှ*

ဆက်လက်၍ နိုင်ငံတော်သမ္မတသည် အဖွဲ့ဝင်များနှင့်အတူ နယူးဒေလီမြို့ရှိ India Gate သို့ သွားရောက်လေ့လာပြီး အမှတ်တရ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

**အခမ်းအနားတက်ရောက်**

ညပိုင်းတွင် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်အဖွဲ့သည် နယူးဒေလီမြို့ သမ္မတအိမ်တော် (Rashtrapati Bhavan)၌ ကျင်းပသည့် အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ် ရှရီ နရန်ဒရာမိုဒီ၏ ဒုတိယအကြိမ် ဝန်ကြီးချုပ်သက်တမ်း ကျမ်းသစ္စာကျိန်ဆိုပွဲ အခမ်းအနားသို့ တက်ရောက်သည်။

ကျမ်းသစ္စာကျိန်ဆိုပွဲသို့ သီရိလင်္ကာနိုင်ငံ သမ္မတ မစ္စတာ မိုင်သရီပါလ ဆီရီစီနာ၊ ကာဂျစ္စတန်နိုင်ငံ သမ္မတ မစ္စတာ ဆော်ရွန်ဘေး ဂျန်ဘီကိုဗ်၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ သမ္မတ မစ္စတာ မိုဟာမက် အဗ္ဗဒူလ်ဟာမစ်၊ နီပေါနိုင်ငံဝန်ကြီးချုပ် မစ္စတာ ကေ ပီ ရှာမာအိုလီ၊ ဘူတန်နိုင်ငံ ဝန်ကြီးချုပ် ဒေါက်တာ လိုတေး ရှားရင်း၊ မော်ရစ်ရှနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ပရာဗင့်ကူးမား ဂျက်နော့၊ ထိုင်းနိုင်ငံ ဝန်ကြီးချုပ်၏ အထူးကိုယ်စားလှယ် စိုက်ပျိုးရေးနှင့် သမဝါယမဝန်ကြီး မစ္စတာ ဂရီဆာဒါ ဘွန်းရေ့စ်တို့လည်း တက်ရောက်ကြသည်။

**နှုတ်ဆက်စကားပြောကြား**

ကျမ်းသစ္စာ ကျိန်ဆိုပွဲအပြီးတွင် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ် ရှရီ နရန်ဒရာမိုဒီနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ၍ ဂုဏ်ယူဝမ်းမြောက်ကြောင်း နှုတ်ဆက်စကား ပြောကြားပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် အခမ်းအနားသို့တက်ရောက်လာကြသည့် နိုင်ငံခေါင်းဆောင်များ၊ အစိုးရအဖွဲ့ အကြီးအကဲများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

**ကျမ်းသစ္စာကျိန်ဆို**

အဆိုပါ ကျမ်းသစ္စာကျိန်ဆိုပွဲတွင် အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ်နှင့်အတူ ၎င်း၏ အစိုးရအဖွဲ့ဝင် ဝန်ကြီးများလည်း တစ်ပါတည်း ကျမ်းသစ္စာကျိန်ဆိုခဲ့ကြသည်။

**ညစာစားပွဲတက်ရောက်**

ယင်းနောက် နိုင်ငံတော်သမ္မတသည် နိုင်ငံခေါင်းဆောင်များ၊ အစိုးရအဖွဲ့ အကြီးအကဲများ၊ ကိုယ်စားလှယ်များနှင့်အတူ အိန္ဒိယသမ္မတနိုင်ငံ သမ္မတ မစ္စတာ ရမ် နက်သ် ကိုဗင့်ဒ်က တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်သည်။

**သတင်းစဉ်**



**အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ် ရှရီ နရန်ဒရာမိုဒီ၏ ဒုတိယအကြိမ် ဝန်ကြီးချုပ်သက်တမ်း ကျမ်းသစ္စာကျိန်ဆိုပွဲအခမ်းအနား ကျင်းပစဉ်။**

သတင်းစဉ်

## နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့ တောင်အာဖရိကသမ္မတနိုင်ငံ သမ္မတအဖြစ် ပြန်လည်ရွေးကောက်တင်မြှောက်ခံရသော မစ္စတာ မာတာ မီလာ ဆီရာယ်(လ်) ရန်(မ်)မဖိုစာ ထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

**နေပြည်တော် မေ ၃၁**

၂၀၁၉ ခုနှစ်၊ မေလ ၈ ရက်နေ့တွင် ကျင်းပခဲ့သည့် တောင်အာဖရိကသမ္မတနိုင်ငံ၏ အထွေထွေရွေးကောက်ပွဲတွင် သမ္မတအဖြစ် ပြန်လည်ရွေးကောက်တင်မြှောက်ခြင်းခံရသော မစ္စတာ မာတာ မီလာ ဆီရာယ်(လ်) ရန်(မ်)မဖိုစာထံသို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံမှ လည်းကောင်း၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ထံမှလည်းကောင်း ဝမ်းမြောက်ကြောင်း သဝဏ်လွှာများ အသီးသီးပေးပို့ခဲ့သည်။

**သတင်းစဉ်**

## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြန်လည်ရွေးချယ်ခံရသည့် ဩစတြေးလျဝန်ကြီးချုပ်ထံ သဝဏ်လွှာပေးပို့

**နေပြည်တော် မေ ၃၁**

၂၀၁၉ ခုနှစ်၊ မေလ ၁၈ ရက်နေ့တွင် ကျင်းပခဲ့သည့် ဩစတြေးလျနိုင်ငံ၏ အထွေထွေရွေးကောက်ပွဲတွင် ဝန်ကြီးချုပ်အဖြစ် ပြန်လည်ရွေးချယ်တင်မြှောက်ခြင်းခံရသော The Honourable Mr. Scott Morrison ထံသို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ထံမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့ခဲ့သည်။

**သတင်းစဉ်**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် မေ ၃၀**

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ **မိုး/ဇလ**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပြင်ဆင်ရေး ပူးပေါင်းကော်မတီအစည်းအဝေးကျင်းပ



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်ရေး ပူးပေါင်းကော်မတီအစည်းအဝေး(၁၇/၂၀၁၉) ကျင်းပစဉ်။ သတင်းစဉ်

**နေပြည်တော် မေ ၃၀**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်ရေး ပူးပေါင်းကော်မတီအစည်းအဝေး(၁၇/၂၀၁၉)ကို ယနေ့မွန်းလွဲ ၁ နာရီတွင် ပြည်ထောင်စုလွှတ်တော် D ဆောင် ဒုတိယထပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အစည်းအဝေးသို့ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်ရေးပူးပေါင်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းအောင်(ခ)ဦးထွန်းထွန်းဟိန်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်ရေး ပူးပေါင်းကော်မတီ ဒုတိယဥက္ကဋ္ဌ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ ပူးပေါင်းကော်မတီအတွင်းရေးမှူး ဒေါက်တာမြတ်ဉာဏစိုး၊ တွဲဖက်အတွင်းရေးမှူး ဦးဌေးဝင်းအောင်(ခ)ဦးပြုံးချို ၊ အဖွဲ့ဝင်များဖြစ်ကြသည့် နိုင်ငံရေးပါတီများမှ လွှတ်တော်ကိုယ်စားလှယ်များနှင့် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

# စက်မှုဇုန်ဥပဒေကြမ်းနှင့် စပ်လျဉ်းသည့် ကြားနာမှုအခမ်းအနား နေပြည်တော်၌ ကျင်းပ

**နေပြည်တော် မေ ၃၀**

စက်မှုဇုန် ဥပဒေကြမ်းနှင့် စပ်လျဉ်းသည့် ကြားနာမှုအခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိခန်းမဆောင်တွင် ကျင်းပရာ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန် တက်ရောက်အဖွင့်အမှာစကား ပြောကြားသည်။

ယင်းနောက် ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ဝင်းက စက်မှုဇုန်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လည်းကောင်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းသိန်းဇော်က စက်မှုဇုန်ဥပဒေကြမ်း ရေးဆွဲရေးနှင့် စပ်လျဉ်း၍ လည်းကောင်း ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် မြန်မာနိုင်ငံ စက်မှုကုန်ထုတ်လုပ်သူများအသင်း၊ စက်မှုဇုန်ရေးရာလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စက်မှုဇုန်များ၏ ကိုယ်စားပြုပုဂ္ဂိုလ် သုံးဦး၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ စက်မှုဇုန်များ၏ ကိုယ်စားပြုပုဂ္ဂိုလ်နှစ်ဦး၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ စက်မှုဇုန်များ၏ ကိုယ်စားပြုပုဂ္ဂိုလ် တစ်ဦးတို့က စက်မှုဇုန်လုပ်ငန်းအခြေအနေများ၊ လက်ရှိဆောင်ရွက်နေသည့် မူဝါဒများနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

အခမ်းအနားသို့ ဥပဒေကြမ်းကော်မတီ၊ နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာကော်မတီ၊ ဘဏ္ဍာများနှင့်ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီနှင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးကော်မတီများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **သတင်းစဉ်**



ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန် စက်မှုဇုန်ဥပဒေကြမ်းနှင့် စပ်လျဉ်းသည့် ကြားနာမှုအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

## ဇေယျာသီရိမြို့နယ်၌ စပါးအထွက်နှုန်းတိုးတက်ရေး ဆောင်ရွက်

**နေပြည်တော် မေ ၃၀**

တစ်ဧက စပါးအထွက်နှုန်း တိုးတက်ရေးအတွက် မျိုးကောင်းမျိုးသန့်များများ ရွေးချယ်စိုက်ပျိုးကြရန် လိုကြောင်း၊ မြေဆီလွှာပြုပြင်ပြီး မြေဩဇာကို လိုအပ်သည့်ပမာဏနှင့် ရေသွင်းရေထုတ်သည့်စနစ်ကို မှန်ကန်စွာ ဆောင်ရွက်ရန် လိုကြောင်း၊ စိုက်နည်းစနစ်နှင့် ပိုးမွှားကာကွယ်ရေးလုပ်ငန်းကို စနစ်တကျ ဆောင်ရွက်ကြမှသာ စပါးအထွက်နှုန်း တိုးတက်လာမည်ဖြစ်ကြောင်း မေ ၂၉ ရက်က နေပြည်တော် ဇေယျာသီရိမြို့နယ် ကျည်တောင်ကျေးရွာအုပ်စု မွန်းတည့်ခွင် ဘက်စုံအဆင့်မြင့်နည်းပညာသုံး စံပြကျေးရွာ၌ ပြုလုပ်သော ဆင်းသုခစပါး ရိတ်သိမ်းပွဲတွင် စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကိုကိုကြီးက ပြောသည်။

ထို့နောက် ဇေယျာသီရိမြို့နယ် စိုက်ပျိုးရေးဦးစီးမှူးက ဆင်းသုခစပါး တစ်ဧက တင်း ၁၅၀ ထွက်ရှိရေးအတွက် ရည်ရွယ်ပြုလုပ်ရခြင်း အကြောင်းကို တောင်သူများအား ရှင်းလင်းပြောကြားသည်။ ယင်းနောက် ရိတ်သိမ်းခြွေလှေ့စက်ဖြင့် ရိတ်သိမ်းခဲ့ရာ တစ်ဧကအထွက်နှုန်း ၁၅၃ တင်းကျော် ထွက်ရှိကြောင်း မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

အဆိုပါရိတ်သိမ်းပွဲသို့ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်များမှ စိုက်ပျိုးရေးဦးစီးမှူးများ၊ မြို့နယ်လယ်စီ အဖွဲ့ဝင်များ၊ စိုက်ပျိုးရေးဝန်ထမ်းများနှင့် တောင်သူများ ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

**မောင်ကျော်ကြီး**

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

**နေပြည်တော် မေ ၃၀**

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ မော်လမြိုင်မြို့တွင် ၄ ဒသမ ၇၆ လက်မ၊ အမ်းမြို့တွင် ၄ ဒသမ ၀၁ လက်မ၊ ကတိုင်တိတွင် ၃ ဒသမ ၆၂ လက်မ၊ ကျိုက္ခမီမြို့တွင် ၃ ဒသမ ၁၅ လက်မ၊ ပေါင်မြို့တွင် ၃ ဒသမ ၀၇ လက်မ၊ ချောင်းဆုံမြို့တွင် ၂ ဒသမ ၉၉ လက်မ၊ ဂွမြို့တွင် ၂ ဒသမ ၆၈ လက်မ၊ မဒေါက်မြို့တွင် ၂ ဒသမ ၄၄ လက်မ၊ မုဒုံမြို့တွင် ၂ ဒသမ ၃၆ လက်မ၊ ရွှေကျင်မြို့တွင် ၂ ဒသမ ၀၇ လက်မ၊ ဘော်လခဲမြို့နှင့် သထုံမြို့တို့တွင် ၂ ဒသမ ၀၁ လက်မစီနှင့် ရွှေဂွန်းနှင့် ရှမ်းရွာသစ်မြို့တို့တွင် ၁ ဒသမ ၈၀ လက်မစီတို့ ဖြစ်ကြသည်။ **မိုး/ဇလ**

❖ *ကျော်ဖုံးမှ*

ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အတွင်းရေးမှူး၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အတွင်းရေးမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**လုပ်ငန်းတာဝန် (၅)ရပ် ချမှတ်**

အစည်းအဝေးတွင် ဒုတိယသမ္မတက ကမ္ဘာ့နိုင်ငံအားလုံး၏ လူ့အခွင့်အရေးအခြေအနေကို ပုံမှန်သုံးသပ်သည့် လုပ်ငန်းစဉ် ဒုတိယအကြော့ UPR အကြံပြုတိုက်တွန်းချက်များအား ကမ္ဘာ့နိုင်ငံအားလုံး၏ လူ့အခွင့်အရေးအခြေအနေကို ပုံမှန်သုံးသပ်သည့် လုပ်ငန်းစဉ် တတိယအကြော့ သုံးသပ်ခံယူရန်အတွက် နိုင်ငံတော်၏ အစီရင်ခံစာ မတင်သွင်းမီ ကာလအတွင်း ရေတိုရေရှည် အစီအစဉ်များချမှတ်၍ စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် "Universal Periodic Review-UPR ဆိုင်ရာ အကြံပြုတိုက်တွန်းချက်များ အကောင်အထည်ဖော်ဆောင်ရွက်ရေး အမျိုးသားအဆင့်ကော်မတီ"ကို နိုင်ငံတော်သမ္မတရုံးက ၂၀၁၈ ခုနှစ် အောက်တိုဘာ ၁၉ ရက်တွင် အဖွဲ့ဝင် ၂၅ ဦးဖြင့် လုပ်ငန်းတာဝန် (၅)ရပ် ချမှတ်ကာ ဖွဲ့စည်းပေးခဲ့ပါကြောင်း၊ အဆိုပါလုပ်ငန်းတာဝန်များကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန်အတွက် "အစီရင်ခံစာပြုစုရေး လုပ်ငန်းကော်မတီ"ကို အဖွဲ့ဝင် ၂၃ ဦးဖြင့် လည်းကောင်း၊ "စာတမ်းပြုစုရေး ကော်မတီ"ကို အဖွဲ့ဝင် ၂၀ ဖြင့်လည်းကောင်း၊ "အဖွဲ့အစည်းများနှင့် ဆက်ဆံရေးကော်မတီ"ကို အဖွဲ့ဝင် ခုနစ်ဦးဖြင့် လည်းကောင်း ၂၀၁၉ ခုနှစ် ဧပြီ ၃၀ ရက်တွင် ဖွဲ့စည်းခဲ့ပြီး လုပ်ငန်းများအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း။

ထိုကဲ့သို့ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံက လက်ခံခဲ့သည့် အကြံပြုတိုက်တွန်းချက် ၁၆၆ ချက်နှင့်ပတ်သက်၍ အကောင်အထည်ဖော်ဆောင်ရွက်ရမည့် ကဏ္ဍ (၁၂)ရပ်ကို ချမှတ်ကာ တာဝန်ခံဆောင်ရွက်ရမည့် ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများကို သတ်မှတ်ခဲ့ပါကြောင်း။

အဆိုပါကဏ္ဍ ( ၁၂ ) ရပ်အတွက် တာဝန်ခံဆောင်ရွက်ရမည့် ဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများမှာ **အဓိကအပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးစာချုပ်များတွင် ပါဝင်ချုပ်ဆိုရန် ကိစ္စရပ် (၄၁) ရပ်**နှင့် စပ်လျဉ်း၍ "နိုင်ငံခြားရေးဝန်ကြီးဌာန"က လည်းကောင်း၊ **အမျိုးသားလူ့အခွင့်အရေး ကော်မရှင်နှင့် စပ်လျဉ်းသည့် ကိစ္စရပ်(၇)ရပ်**နှင့် စပ်လျဉ်း၍ "မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်"က လည်းကောင်း၊ **ကုလသမဂ္ဂလူ့အခွင့်အရေးယန္တရားနှင့် ပူးပေါင်းဆောင်ရွက်ရန် ကိစ္စရပ်(၄)ရပ်**နှင့်စပ်လျဉ်း၍ "အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာန"က လည်းကောင်း၊ **ဒီမိုကရေစီရေး၊ ငြိမ်းချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လူ့အခွင့်အရေးပြုပြင်ပြောင်းလဲရေးကိစ္စရပ် (၁၉)ရပ်**နှင့် စပ်လျဉ်း၍ "ပြည်ထောင်စုရှေ့နေချုပ်ရုံး"က လည်းကောင်း၊ **စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်(၁၂)ရပ်**နှင့် စပ်လျဉ်း၍ "စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန"က လည်းကောင်း၊ **ကောင်းမွန်သော အုပ်ချုပ်မှုစနစ်ဖော်ဆောင်ရေးကိစ္စနှင့် မြေသိမ်းမှုကိစ္စရပ် (၁၀)ရပ်**နှင့် စပ်လျဉ်း၍ "ပြည်ထဲရေးဝန်ကြီးဌာန"ကလည်းကောင်း၊ **ကျား-မ တန်းတူရည်တူရှိမှု မြှင့်တင်ရေးကိစ္စနှင့် ထိခိုက်ခံစားလွယ်သော အုပ်စုများကာကွယ်ရေးကိစ္စရပ်(၁၅)ရပ်နှင့် ခွဲခြားမှုမပြုရေးကိစ္စရပ်(၁၅)ရပ်**တို့နှင့်စပ်လျဉ်း၍ "လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန" က လည်းကောင်း၊ **ကျန်းမာရေးနှင့် ပညာရေးကိစ္စရပ် (၁၃)ရပ်**နှင့်စပ်လျဉ်း၍"ပညာရေးဝန်ကြီးဌာန"က လည်းကောင်း၊ **ဘာသာပေါင်းစုံ ချစ်ကြည်ရေးကိစ္စ၊ လွတ်လပ်စွာ ထုတ်ဖော်ခွင့်နှင့် ငြိမ်းချမ်းစွာစုဝေးခွင့်ကိစ္စရပ်(၁၈)ရပ်**နှင့် စပ်လျဉ်း၍ "သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန"က လည်းကောင်း၊ **နိုင်ငံသားစိစစ်ရေးကိစ္စ၊ ပြည်တွင်းနေရပ်စွန့်ခွာ ရွှေ့ပြောင်းနေရသူများကိစ္စနှင့် လူကုန်ကူးခြင်းကိစ္စရပ်(၇)ရပ်**နှင့်စပ်လျဉ်း၍ "အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန"က လည်းကောင်း၊ **အပစ်အခတ်ရပ်စဲရေးနှင့် အမျိုးသားပြန်လည်ရင်ကြားစေ့ရေး ကိစ္စရပ် (၅)ရပ်**နှင့်စပ်လျဉ်း၍ "နိုင်ငံတော်အတိုင်ပင်ခံရုံး ဝန်ကြီးဌာန" တို့က လည်းကောင်း တာဝန်ခံဆောင်ရွက်လျက်ရှိပါကြောင်း၊ အဆိုပါ တာဝန်ခံဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများ၏ တင်ပြချက်များအရ အကြံပြုတိုက်တွန်းချက်ပေါင်း(၁၆၆)ချက်တွင် ဆောင်ရွက်ပြီး(၁၈) ချက်နှင့် ဆောင်ရွက်ဆဲ (၁၄၈) ချက်တို့ကို တွေ့ရပါကြောင်း။

UPR အမျိုးသားအဆင့်ကော်မတီ၏ ပထမအကြိမ် အစည်းအဝေးကို ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၂၆ ရက်တွင် ကျင်းပခဲ့ပြီး အစည်းအဝေးဆုံးဖြတ်ချက် (၇)ချက် ချမှတ်ခဲ့ရာ ဆောင်ရွက်ပြီး (၁)ချက်နှင့် ဆောင်ရွက်ဆဲ(၆)ချက်ရှိသည်ကိုတွေ့ရပါကြောင်း၊ ထို့ကြောင့် UPR အကြံပြုတိုက်တွန်းချက်(၁၆၆)ချက်နှင့် ပထမအကြိမ် အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ဆဲအချက်အများစုမှာ စဉ်ဆက်မပြတ်ဆက်လက်ဆောင်ရွက်ရမည့် အချက်များဖြစ်သဖြင့် အရှိန်အဟုန်မြှင့် ဆောင်ရွက်စေလိုပါကြောင်း၊ ကျန်ဆောင်ရွက်ဆဲ အချက်များကိုလည်း သတ်မှတ်ချိန်အတွင်း ပြီးစီးရေးအတွက် တာဝန်ခံဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများအနေဖြင့် ပူးပေါင်းညှိနှိုင်းကာ အလေးထား ဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားလိုပါကြောင်း။

**ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်**

မြန်မာနိုင်ငံက လက်ခံခဲ့သည့် အကြံပြု တိုက်တွန်းချက်များနှင့် ပတ်သက်၍ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကဏ္ဍ ၁၂ ရပ်အလိုက် တာဝန်ခံဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများ၏ သုံးလတာကာလအတွင်း လုပ်ငန်းဆောင်ရွက်မှု အခြေအနေများ တင်ပြလာမှုနှင့်စပ်လျဉ်း၍ တချို့အကြောင်းအရာများသည် ယေဘုယျဆန်ပြီး ကျစ်လျစ်မှုမရှိသည်ကိုတွေ့ရှိရပါကြောင်း၊ သက်ဆိုင်ရာကော်မတီများအနေဖြင့် အစီရင်ခံစာပြုစုရာတွင် အချက်အလက်များ ပြည့်စုံ၊ တိကျမှန်ကန်မှုရှိစေရေး၊ စကားလုံးများ ဖောင်းပွမှုမရှိစေရေးနှင့် ပါဝင်သင့်ပါဝင်ထိုက်သည်များ ကျန်ရှိမှုမရှိစေရေး တို့ကို စိစစ်ဆောင်ရွက်ကာ နိုင်ငံတကာမှ လက်ခံနိုင်သည့် အစီရင်ခံစာဖြစ်စေရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း၊ ထိုကဲ့သို့ ဆောင်ရွက်နိုင်ရန်အတွက်လည်း ဆက်စပ်ဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများအနေဖြင့် တာဝန်ခံဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများ၏ လိုအပ်သည့် အချက်အလက်များကို အချိန်မီပေးပို့နိုင်ရေး အလေးထားဆောင်ရွက်သွားကြရန် လိုအပ်မည်ဖြစ်ပါကြောင်း။

**အထူးကိစ္စရပ်တစ်ခုအဖြစ် သတ်မှတ်**

UPR အကြံပြုတိုက်တွန်းချက်များအပေါ် အကောင်အထည်ဖော်နိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများအနေဖြင့် မိမိတို့ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ "Time Frame" ရေးဆွဲဆောင်ရွက်ရန် မှာကြားထားပြီးဖြစ်ပါကြောင်း၊ ထို့အပြင် UPR အကြံပြုတိုက်တွန်းချက်များ အကောင်အထည်ဖော်ရေး နိုင်ငံတော်၏အစီရင်ခံစာ (National Report)ကို ၂၀၂၀ ပြည့်နှစ် ဇူလိုင်လ နောက်ဆုံးထား၍ တင်သွင်းရမည်ဖြစ်သည့်အတွက် **အစီရင်ခံစာ(မူကြမ်း)**ကို ၂၀၁၉ ခုနှစ် ဒီဇင်ဘာတွင် နောက်ဆုံးထား၍ ပြုစုတင်ပြနိုင်ရေးနှင့်ပြီးပြည့်စုံသည့် **အစီရင်ခံစာ(မူချော)**ကို ၂၀၂၀ ပြည့်နှစ် ဧပြီတွင် တင်ပြနိုင်ရန်အတွက် အထူးကိစ္စရပ်တစ်ခုအဖြစ် သတ်မှတ်ကာ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများအားလုံး ဝိုင်းဝန်းပူးပေါင်း ညှိနှိုင်းဆောင်ရွက်ကြရန် ပြောကြားလိုပါကြောင်း၊ ထို့ကြောင့် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများက Time Frame အတိုင်း ပြီးစီးရန်အတွက် အစီရင်ခံစာမူကြမ်းများကို ၂၀၁၉ ခုနှစ် သြဂုတ်မှစပြီး အစီရင်ခံစာပြုစုရေးလုပ်ငန်းကော်မတီသို့ ပေးပို့ရမည်ဖြစ်ပါကြောင်း။

**ဖော်ထုတ်ပြသနိုင်မည်**

UPR လုပ်ငန်းစဉ်သည် မိမိတို့နိုင်ငံ၏ လူ့အခွင့်အရေးအခြေအနေ ဖွံ့ဖြိုးတိုးတက်မှုများကို ကမ္ဘာကသိစေရန် စနစ်တကျ ဖော်ထုတ်ပြသခွင့်ရမည့် အခွင့်အရေးဖြစ်သည့်အတွက် အလေးအနက်ထား ဆောင်ရွက်ပေးစေလိုပါကြောင်း၊ ထို့ပြင် မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့နိုင်ငံများနည်းတူ လူ့အခွင့်အရေး အခြေအနေများ တိုးတက်မှုရှိစေရေး ဘက်ပေါင်းစုံမှ အစွမ်းကုန် ကြိုးစားဆောင်ရွက်လျက်ရှိပါကြောင်းနှင့် လက်ရှိကြုံတွေ့နေရသော နိုင်ငံတကာ၏ စွပ်စွဲပြောဆိုမှုများသည် မှန်ကန်မှုမရှိကြောင်းတို့ကို ဖော်ထုတ်ပြသနိုင်မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ယခုအစည်းအဝေးသို့ တက်ရောက်လာသူများ အနေဖြင့် ဆက်လက်ဆောင်ရွက်သင့်သည့် အစီအမံများ၊ အကြံပြုချက်များ၊ လုပ်ငန်းကော်မတီအလိုက် အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများနှင့် အခက်အခဲများရှိပါက ပွင့်ပွင့်လင်းလင်းဆွေးနွေးပေးကြရန် ပြောကြားသည်။

ထို့နောက် (Universal Periodic Review- UPR) အကြံပြုတိုက်တွန်းချက်များ အကောင်အထည်ဖော်ဆောင်ရွက်ရေး အမျိုးသားအဆင့်ကော်မတီအတွင်းရေးမှူး ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်သူက UPR အစီရင်ခံစာပြုစုနိုင်ရေးအတွက် လိုအပ်သည့်ကော်မတီများ ဖွဲ့စည်းခဲ့မှု အခြေအနေ၊ ယခင်အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် UPR အကြံပြုတိုက်တွန်းချက်(၁၆၆) ချက်နှင့် စပ်လျဉ်း၍ ကဏ္ဍ (၁၂)ရပ်အတွက် တာဝန်ခံဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများက လေးလတာကာလအတွင်း အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် လုပ်ငန်းများနှင့် ရှေ့ဆက်ဆောင်ရွက်သင့်သည့် လုပ်ငန်းများအား ရှင်းလင်းတင်ပြကြရာ "အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန"မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးတင်မောင်နိုင်က **အဓိကအပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးစာချုပ်များတွင် ပါဝင်ချုပ်ဆိုရန် ကိစ္စရပ်(၄၁)ရပ်**နှင့် **ကုလသမဂ္ဂလူ့အခွင့်အရေးယန္တရားနှင့် ပူးပေါင်းဆောင်ရွက်ရန်ကိစ္စရပ်(၄)ရပ်** တို့နှင့် စပ်လျဉ်း၍ လည်းကောင်း၊ "မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်" ဥက္ကဋ္ဌ ဦးဝင်းမြက **အမျိုးသားလူ့အခွင့်အရေးကော်မရှင်နှင့်စပ်လျဉ်းသည့် ကိစ္စရပ်(၇)ရပ်**နှင့် စပ်လျဉ်း၍ လည်းကောင်း၊ "ပြည်ထောင်စု ရှေ့နေချုပ်" ဦးထွန်းထွန်းဦးက **ဒီမိုကရေစီရေး၊ ငြိမ်းချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လူ့အခွင့်အရေး ပြုပြင်ပြောင်းလဲရေးကိစ္စရပ်(၁၉) ရပ်**နှင့် စပ်လျဉ်း၍ လည်းကောင်း၊ "စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန" မှ ညွှန်ကြားရေးမှူးချုပ် ဒေါ်သွေးသွေးချစ်က **စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး ကိစ္စရပ် (၁၂)ရပ်**နှင့်စပ်လျဉ်း၍ လည်းကောင်း၊ "ပြည်ထဲရေးဝန်ကြီးဌာန"၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ဒုတိယရဲချုပ် ရဲဗိုလ်ချုပ် မျိုးဆွေဝင်းက **ကောင်းမွန်သော အုပ်ချုပ်မှုစနစ် ဖော်ဆောင်ရေးကိစ္စနှင့် မြေသိမ်းမှု ကိစ္စရပ် (၁၀ ) ရပ်**နှင့် စပ်လျဉ်း၍ လည်းကောင်း၊ "လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန"၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက **ကျား-မ တန်းတူရည်တူရှိမှု မြှင့်တင်ရေးကိစ္စနှင့် ထိခိုက်ခံစားလွယ်သောအုပ်စုများ ကာကွယ်ရေးကိစ္စရပ်(၁၅)ရပ်နှင့် ခွဲခြားမှုမပြုရေးကိစ္စရပ် (၁၅)ရပ်**တို့နှင့် စပ်လျဉ်း၍ လည်းကောင်း၊ "ပညာရေးဝန်ကြီးဌာန"၊ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာအေးမြင့်က **ကျန်းမာရေးနှင့် ပညာရေးကိစ္စရပ် (၁၃)ရပ်**နှင့်စပ်လျဉ်း၍ လည်းကောင်း၊ "သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန" အမြဲတမ်းအတွင်းဝန် ဦးထွန်းအုံက **ဘာသာပေါင်းစုံချစ်ကြည်ရေးကိစ္စ၊ လွတ်လပ်စွာ ထုတ်ဖော်ခွင့်နှင့် ငြိမ်းချမ်းစွာစုဝေးခွင့် ကိစ္စရပ်(၁၈)ရပ်**နှင့် စပ်လျဉ်း၍လည်းကောင်း၊ "အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန" အမြဲတမ်းအတွင်းဝန် ဦးအေးလွင်က **နိုင်ငံသားစိစစ်ရေးကိစ္စ၊ ပြည်တွင်းနေရပ်စွန့်ခွာ ရွှေ့ပြောင်းနေရသူများကိစ္စနှင့် လူကုန်ကူးခြင်းကိစ္စရပ်(၇)ရပ်**နှင့် စပ်လျဉ်း၍ လည်းကောင်း၊ "နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန"၊ ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက **အပစ်အခတ်ရပ်စဲရေးနှင့် အမျိုးသားပြန်လည်ရင်ကြားစေ့ရေးကိစ္စရပ် (၅)ရပ်**နှင့်စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

**ဖြည့်စွက်ဆွေးနွေး**

ထို့နောက် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥက္ကဋ္ဌ ဦးဝင်းမြ၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်း၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်ဆွေဆွေနိုင်နှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ဥပဒေအကြံဉာဏ်ပေးရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဒေါ်သီတာဦးတို့က UPR အကြံပြုတိုက်တွန်းချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေး နိုင်ငံတော်၏ အစီရင်ခံစာ (National Report) နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဌာနအလိုက် ဆောင်ရွက်နေမှုများအပေါ် အကြံပြုချက်များ၊ ထည့်သွင်းရေးသားသင့်သည့်အချက်များနှင့် စပ်လျဉ်း၍ ဖြည့်စွက်ဆွေးနွေးကြသည်။

ယင်းနောက် ကမ္ဘာ့နိုင်ငံအားလုံး ၏ လူ့အခွင့်အရေးအခြေအနေကို ပုံမှန်သုံးသပ်သည့်လုပ်ငန်းစဉ် (Universal Periodic Review-UPR) အကြံပြုတိုက်တွန်းချက်များ အကောင်အထည်ဖော်ဆောင်ရွက်ရေး အမျိုးသားအဆင့်ကော်မတီဥက္ကဋ္ဌ၊ ဒုတိယသမ္မတ ဦးမြင့်ဆွေက ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

# အာဆီယံဥပဒေပညာရှင်များအသင်း (မြန်မာ)၏ (၁/၂၀၁၉)အစည်းအဝေး ကျင်းပ

နေပြည်တော် မေ ၃၀

**အာဆီယံဥပဒေပညာရှင်များအသင်း(မြန်မာ)၏(၁/၂၀၁၉) အစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီတွင် ပြည်ထောင်စုရှေ့နေချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

အစည်းအဝေးတွင် အသင်းဥက္ကဋ္ဌ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးက အမှာစကားပြောကြားရာ၌ အာဆီယံ ဥပဒေပညာရှင်များအသင်း(ALA)သည် ၁၉၇၉ ခုနှစ် ဖေဖော်ဝါရီလတွင် အင်ဒိုနီးရှားနိုင်ငံ ဂျာကာတာမြို့၌ ကျင်းပခဲ့သော "Legal Development in ASEAN Countries Conference" တွင် အာဆီယံဒေသတွင်းဆိုင်ရာ ရှေ့နေအဖွဲ့အစည်း ဖွဲ့စည်းရန် အဆိုပြုခဲ့ခြင်းမှ စတင်ပေါ်ပေါက်ခဲ့ပါကြောင်း၊ အဆိုပါအသင်းသည် အာဆီယံဥပဒေဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်ဆောင်ရွက်ရပါကြောင်း၊ အာဆီယံနိုင်ငံများရှိ ဥပဒေပညာရှင်များအကြား ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ခြင်းနှင့် ဒေသတွင်း ဥပဒေဆိုင်ရာကိစ္စရပ်များတွင် ပါဝင်ဆောင်ရွက်ရပါကြောင်း၊ မြန်မာနိုင်ငံသည် ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီ ၁၈ ရက်တွင် ALA သို့ အဖွဲ့ဝင်နိုင်ငံအဖြစ် ဝင်ရောက် ခဲ့ပါကြောင်း၊ ALA ၏ဖွဲ့စည်းပုံ စည်းမျဉ်းအရ တရားစီရင်ရေးအဖွဲ့အစည်းများ၊ အစိုးရရှေ့နေများ၊ ဥပဒေအကျိုးဆောင်ရှေ့နေများ၊ ဥပဒေတက္ကသိုလ်များမှ ဆရာ ဆရာမများဖြင့် အာဆီယံဥပဒေပညာရှင်များအသင်း (မြန်မာ)ကို ဖွဲ့စည်းခဲ့ပါကြောင်း၊ ဥပဒေပညာဖြင့် အသက်မွေးဝမ်းကျောင်းပြုနေသူများသည် အာဆီယံဥပဒေပညာရှင်များအသင်း (မြန်မာ)သို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်း၊ ALA အသင်းဝင်များအကြား ပညာရပ်ဆိုင်ရာ ဆွေးနွေးပွဲများ ကျင်းပခြင်း၊ အတွေ့အကြုံဖလှယ်ခြင်းများ တိုးမြှင့်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ပြောကြားခဲ့ပြီး အဖွဲ့ဝင်များက အာဆီယံ ဥပဒေပညာရှင်များအသင်း(မြန်မာ)ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။



အာဆီယံဥပဒေပညာရှင်များအသင်း(မြန်မာ)၏ (၁/၂၀၁၉) အစည်းအဝေး ကျင်းပစဉ်။ သတင်းစဉ်

အဆိုပါအစည်းအဝေးသို့ ဒုတိယဥက္ကဋ္ဌ ဒုတိယရှေ့နေချုပ် ဦးဝင်းမြင့်နှင့် အဖွဲ့ဝင်များအနက် ပါမောက္ခ ဒေါက်တာခင်ချစ်ချစ်၊ ပါမောက္ခ ဒေါက်တာခင်ဖုန်းမြင့်ကြူ၊ တရားလွှတ်တော်ရှေ့နေ ဦးစိုးတင့်ရည်၊ ညွှန်ကြားရေးမှူးချုပ်များဖြစ်ကြသော ဒေါက်တာသီတာဦးနှင့် ဒေါက်တာဆွေဆွေအောင်တို့ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

# ဂျိတ္တော(လုံးသာ)ဆိပ်ခံတံတား တည်ဆောက်ရေးလုပ်ငန်းကို မြန်မာ့ဆိပ်ကမ်းအာဏာပိုင်အနေဖြင့် နည်းပညာကူညီဆောင်ရွက်ပေးနိုင်

**နေပြည်တော် မေ ၃၀**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်(၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၃ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

## သက်တမ်း(၂)နှစ်သား လိမ္မော်ပင်များကို စုဆောင်း၍ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း စိုက်ပျိုးရာသီအမီ ဒေသခံတောင်သူများထံသို့ အခမဲ့ဖြန့်ဖြူးပေးသွားမည်

အစည်းအဝေးတွင် လေရှီးမဲဆန္ဒနယ်မှ ဦးကျော်ဌေး၏ **လေရှီးမြို့နယ်တွင် စိုက်ပျိုးထားသည့် နှစ်ရှည်သီးနှံဖြစ်သော လိမ္မော်ပင်နှင့် အခြားနှစ်ရှည်ပင်များအား ပိုးမွှားများနှင့် ရာသီဥတုပြောင်းလဲမှုကြောင့် ပျက်စီးခြင်းမှ ကာကွယ်ပေးနိုင်ရန် အသိပညာပေးလုပ်ငန်းနှင့် နည်းပညာကျွမ်းကျင်သူများစေလွှတ်၍ သုတေသနလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က တိုင်းဒေသကြီး စိုက်ပျိုးရေး ဦးစီးဌာနအနေဖြင့် ပိုးမွှားရောဂါနှင့် ရာသီဥတုပြောင်းလဲမှုကြောင့် ပျက်စီးခဲ့သည့် လိမ္မော်ပင်များအား အစားထိုးစိုက်ပျိုးနိုင်ရန်အတွက် သက်တမ်း(၂)နှစ်သား လိမ္မော်ပင်များကို စုဆောင်း၍ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း စိုက်ပျိုးရာသီအမီ ဒေသခံတောင်သူများထံသို့ အခမဲ့ဖြန့်ဖြူးပေးသွားမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် မိုးမကျမီ စိုက်ပျိုးသွားနိုင်ရန်အတွက် တစ်ဖက်မှလည်း လွှတ်တော်ကိုယ်စားလှယ်အနေဖြင့် လေရှီးမြို့နယ်အတွင်းရှိ တောင်သူများကို အဆိုပါလုပ်ငန်းစဉ်တွင် ပိုမိုပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရေးအတွက် ကူညီစည်းရုံးဆောင်ရွက်ပေးစေလိုပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ ပင်းတယမဲဆန္ဒနယ်မှ ဦးစိုးမြင့်၏ **ပင်းတယမြို့နယ် သစ်အယ်ပင်ကျေးရွာအုပ်စုတွင် ပြန်ပေးပြီး မြေကွက်(၆)ကွက်အား မြေပိုင်ဆိုင်မှု ပုံစံ (၇)ရရှိအောင်ဆောင်ရွက် ပေးရန် နှောင့်နှေးကြန့်ကြာမှု ဖြစ်နေသော အဆိုပါ မြေ(၆)ကွက်ကိစ္စအား လုပ်ငန်း အဆင်ပြေစေရန်နှင့် အရေးယူဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် မောက်မယ်မဲဆန္ဒနယ်မှ ဦးစိုင်းဝေါ်င်းဆိုင်ဟိန်း၏ **အခြေခံပညာကျောင်းများတွင် နို့တိုက်ကျွေးခြင်းလုပ်ငန်း (School Milk Program) ပိုမိုထိရောက် အောင်မြင်၍ ရာနှုန်းပြည့်ဖော်ဆောင်သွားနိုင်ရန် နိုင်ငံတော်အစိုးရမှ မည်သို့ဆက်လက်ကူညီပံ့ပိုးပေးမည်နှင့် ယင်းလုပ်ငန်းစဉ်အတွက် သီးသန့်ရန်ပုံငွေချထားပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းတို့နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးလှကျော်က ရှင်းလင်းဖြေကြားသည်။

ထို့နောက် သံတွဲမဲဆန္ဒနယ်မှ ဦးမင်းကြည်၏ **သံတွဲမြို့နယ်၊ ငပလီမြို့၊ အမှတ်(၅)ရပ်ကွက်၊ ဂျိတ္တော(လုံးသာ)ရပ်ကွက်အတွင်းရှိ အများပြည်သူအသုံးပြုနေသော ဆိပ်ခံတံတား (Jetty) မှာ ပျက်စီးယိုယွင်းနေပါသဖြင့် မည်သည့် ဘဏ္ဍာရေးနှစ်တွင် အဆင့်မီ (Jetty) တစ်ခုအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်ပေးမည်ကို သိလိုခြင်း**နှင့် စပ်လျဉ်း၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးက ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ဂျိတ္တော(လုံးသာ)ဆိပ်ခံတံတားနေရာကို ပြည်နယ်အစိုးရအဖွဲ့သို့ လွှဲပြောင်းပေးအပ်နိုင်ရေးအတွက် လိုအပ်သည်များ လမ်းညွှန်မှုပြုနိုင်ပါရန် ပြည်ထောင် စုအစိုးရအဖွဲ့ရုံးသို့ ၂၀၁၇ ခုနှစ် မတ် ၉ ရက်တွင် တင်ပြခဲ့ပါကြောင်း၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ တင်ပြမှုနှင့် ပတ်သက်၍ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၏ သဘောထားကို ၂၀၁၇ခုနှစ် မတ် ၂၁ ရက်တွင် တောင်းခံလာသည့်အတွက် အဆိုပါ ဆိပ်ခံတံတားနေရာအား ရခိုင်ပြည်နယ်အစိုးရ အဖွဲ့သို့ လွှဲပြောင်းပေးအပ်နိုင်ပါကြောင်း ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက ၂၀၁၇ ခုနှစ် ဧပြီ ၁၁ ရက်တွင် ပြည်ထောင်စုအစိုးရအဖွဲ့ ရုံးသို့ သဘောထားတင်ပြခဲ့ပြီး ဖြစ်ပါကြောင်း။

ပြည်ထောင်စုအစိုးရအဖွဲ့ရုံးအနေဖြင့်လည်း အဆိုပါအမှုတွဲကို လိုအပ်သလို ဆောင်ရွက်နိုင်ရန် စီးပွားရေးရာကော်မတီသို့ ၂၀၁၇ ခုနှစ် ဧပြီ ၁၃ ရက်တွင် အမှုတွဲအား လွှဲပြောင်းပေးခဲ့ပါကြောင်း၊ သို့ဖြစ်ပါ၍ ရခိုင်ပြည်နယ်အစိုးရအဖွဲ့သို့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ဂျိတ္တော(လုံးသာ)ဆိပ်ခံတံတားနေရာအား လွှဲပြောင်းပေးအပ်နိုင်ပါကြောင်းနှင့် ရခိုင်ပြည်နယ်အစိုးရမှ လွှဲပြောင်းလက်ခံရယူပြီး ဆိပ်ခံတံတားတည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်ရာတွင် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်အနေဖြင့် နည်းပညာပိုင်းကိစ္စရပ်များ ကူညီဆောင်ရွက်ပေးနိုင်ပါကြောင်း ရခိုင်ပြည်နယ် အစိုးရအဖွဲ့နှင့် ပေါင်းစပ်ညှိနှိုင်း ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ လက်ပံတန်းမဲဆန္ဒနယ်မှ ဦးကျော်မင်း၏ **လက်ပံတန်းမြို့နယ်ရှိ ရန်ကုန်-ပြည်လမ်းနှင့် ကျွန်းကလေး-မှော်အင်းလမ်းဆုံရာ (ကျွန်းကလေးအရှေ့ဘက်လမ်းတာဆုံ)တွင် စံကိုက်မီးပွိုင့်ပြုလုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်း၊ ရွှေကူမဲဆန္ဒနယ်မှ ဦးဇာနည်မင်း၏ **ရွှေကူမြို့နယ် ဧရာဝတီမြစ်အရှေ့ဘက်ကမ်းရှိ ခုံခမ်း၊ ကျွန်းတော်တို့ ကူးတို့ဆိပ်၊ အမှတ်(၁)ရပ်ကွက်နှင့် ရန်ကြီးအောင်ရပ်ကွက် စသောနေရာများတွင် မြစ်ရေတိုက်စားမှုကြောင့် ကမ်းပါးများ နှစ်စဉ်ပြိုကျလျက်ရှိရာ မြစ်ထိန်းကျောက်စီနံရံရေကာတာ ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် အင်းစိန်မဲဆန္ဒနယ်မှ ဦးမောင်မောင်ဦး၏ **ပြည်ထောင်စုမြန်မာနိုင်ငံတစ်ဝန်း တပ်ဆင်သွယ်တန်းထားကြသော ဆက်သွယ်ရေးကြိုးလိုင်းများ၊ အင်တာနက်ကွန်ရက် ဖိုက်ဘာလိုင်းများသည် တရားဥပဒေနှင့် ညီညွတ်မှု ရှိ၊ မရှိ အဆိုပါကြိုးလိုင်းများအား ဖြုတ်သိမ်းရွှေ့ပြောင်းရန် လိုအပ်လာသည့်အခါ မည်သည့်အဖွဲ့အစည်းများတွင် တာဝန်ရှိသည်ကို သိရှိလိုခြင်းနှင့် နိုင်ငံပိုင်ဓာတ်အားတိုင်များတွင် သွယ်တန်းထားမှုကြောင့် လျှပ်စစ်နှင့် အခြားအန္တရာယ်ကင်းရှင်းရန်၊ မည်ကဲ့သို့ အရေးယူဆောင်ရွက်ပေးမည်ကို သိလိုခြင်း**မေးခွန်းတို့နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးကျော်မျိုးက ရှင်းလင်းဖြေကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီဝင် ဦးထွန်းထွန်းက အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ အစီရင်ခံစာအား ဖတ်ကြားတင်ပြပြီး



ဒုတိယဝန်ကြီး ဦးလှကျော် ဖြေကြားစဉ်။



လေရှီးမဲဆန္ဒနယ်မှ ဦးကျော်ဌေး မေးမြန်းစဉ်။



ဒုတိယဝန်ကြီး ဦးကျော်မျိုး ဖြေကြားစဉ်။



သံတွဲမဲဆန္ဒနယ်မှ ဦးမင်းကြည် မေးမြန်းစဉ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က အဆိုပါအစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်မရှိ အတည်ပြု၍ပေးပို့သော မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း(၂၀၁၉)နှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာ တင်ပြချက်အတိုင်း အမျိုးသားလွှတ်တော်၏ အတည်ပြုချက်ကို ပြင်ဆင်ချက်မရှိ အတည်ပြုရန်အတွက် လွှတ်တော်၏ သဘောထားရယူရာ သဘောမတူသူ မရှိသည့်အတွက် ပြင်ဆင်ချက်မရှိ သဘောတူကြောင်းနှင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာသည်။

ဆက်လက်၍ မအူပင်မဲဆန္ဒနယ်မှ ဦးစိန်ဝင်းက **လယ်ယာသားငါးကဏ္ဍ ထုတ်လုပ်မှု၊ အထွက်နှုန်း၊ အရည်အသွေးမြင့်မား၍ နိုင်ငံခြားသို့ တင်ပို့နိုင်စေရန် သုတေသနနှင့် တိုးချဲ့ထုတ်လုပ်ရေးစနစ် (Research and Extension System) ပိုမိုအားပေးဆောင်ရွက်ပါရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်း**အဆိုကို တင်သွင်းရာတွင် လယ်ယာသားငါးကဏ္ဍထုတ်ကုန်များ ပိုမိုထုတ်လုပ်ဆောင်ရွက်နိုင်ရန်၊ အထွက်နှုန်း / အရည်အသွေးများ မြင့်မားလာစေရန်၊ နိုင်ငံခြားတင်ပို့နိုင်သော လယ်ယာသားငါးထွက်ကုန်အများအပြား ထုတ်လုပ်နိုင်စေရန်၊ အရည်အသွေးရှိသော စိုက်ပျိုးရေးပစ္စည်းများသုံးစွဲ၍ အရည်အသွေးမြင့် တန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်စေရန်နှင့် ထုတ်လုပ်မှုနှင့်ပတ်သက်သော အခြေခံအချက်အလက်များ သိရှိလိုက်နာဖြေရှင်းဆောင်ရွက်ခြင်းဖြင့် အကျိုးကျေးဇူး ပိုမိုရရှိစေရန်တို့အတွက် ရည်ရွယ်၍ အဆိုအား တင်သွင်းရခြင်း ဖြစ်ပါကြောင်း။

တောင်သူလယ်သမားအများစုတွင် မည်သည့်ပိုးကျ၍ မည်သို့ကာကွယ်ရမည်ကို သိရှိသုံးစွဲမှု အားနည်းလာသဖြင့် အသိပညာ၊ နည်းပညာရပ်များကို သင်တန်းပေးဆောင်ရွက်သင့်ပါကြောင်း၊ ဝန်ကြီးဌာနမှ ဝန်ထမ်းများသည် နည်းပညာပေးလုပ်ငန်းများကို ကြိုးစားဆောင်ရွက်နေကြသော်လည်း ဝန်ထမ်းအင်အား အားနည်းမှုကြောင့်လည်းကောင်း၊ ဘတ်ဂျက်ခွဲဝေမှု နည်းပါးခြင်းကြောင့်လည်းကောင်း လက်တွေ့ဆောင်ရွက်နေမှုများကို ကျေးရွာများအထိ ကျယ်ကျယ်ပြန့်ပြန့် မဆောင်ရွက်နိုင်ကြောင်းကို တွေ့ရှိရပါကြောင်း၊ တောင်သူလယ်သမားများသည် လိုအပ်ခြင်း၊ မလိုအပ်ခြင်းတို့ သိရှိခြင်းမရှိဘဲ ပိုးသတ်ဆေးများဖြန်းကြသောကြောင့် ဓာတ်ကြွင်းအာနိသင်များပြားသဖြင့် နိုင်ငံခြားမှ Reject လုပ်ခံရသည်အထိ ဖြစ်လာသဖြင့် လယ်ယာသားငါးကဏ္ဍထုတ်လုပ်မှု အသိပညာ၊ နည်းပညာများ စဉ်ဆက်မပြတ် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နေရန် လိုအပ်ပါကြောင်း။

## နိုင်ငံခြား Export တင်ပို့နိုင်ရန် ဈေးကွက်ဝင်သီးနှံများ ဒေသအလိုက် သုတေသနများ စမ်းသပ်၍ သင့်လျော်သော Export သီးနှံများကို Mass Producation အဖြစ် ပိုမိုထုတ်လုပ်နိုင်ရန်လို

နိုင်ငံခြားသို့ တင်ပို့နိုင်စေရန် ဈေးကွက်ဝင် သီးနှံအမျိုးအစားအသစ်များ သုတေသနစမ်းသပ်ဖော်ထုတ်ခြင်းကို အားပေးဆောင်ရွက်ရန် လိုအပ်သကဲ့သို့ နိုင်ငံခြား Export တင်ပို့နိုင်ရန် ဈေးကွက်ဝင်သီးနှံများ ဒေသအလိုက် သုတေသနများ စမ်းသပ်၍ သင့်လျော်သော Export သီးနှံများကို Mass Producation အဖြစ် ပိုမိုထုတ်လုပ်နိုင်ရန် လိုအပ်ပါကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရန် လယ်ယာသားငါးကဏ္ဍကို စနစ်တကျ လက်တွေ့ကျ မူဝါဒ၊ လုပ်ငန်းစဉ်နည်းစနစ်များရေးဆွဲ၍ တိုးမြှင့်ရန် ဆောင်ရွက်သင့်ပါကြောင်း ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ကျောင်းကုန်းမဲဆန္ဒနယ်မှ ဦးသိန်းထွန်းက အဆိုအား လက်ခံဆွေးနွေးနိုင်ရန် ထောက်ခံတင်ပြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ယင်းအဆိုနှင့် စပ်လျဉ်း၍ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူသဖြင့် အဆိုအား လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်း ကြေညာသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ယင်းအဆိုနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် ဝေါမဲဆန္ဒနယ်မှ ဦးတင်ထွေးတင်သွင်းသည့် **နိုင်ငံ၏ အမျိုးသားစီးပွားဖွံ့ဖြိုးတိုးတက်စေရန် တောင်သူဗဟိုပြု စိုက်ပျိုးရေးနှင့် အသားငါးထုတ်လုပ်ရေးကဏ္ဍကို နှစ်တို၊ နှစ်ရှည်စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်ပေးပါရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်း**အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

မင်းလှမဲဆန္ဒနယ်မှ ဒေါက်တာသန်းအောင်စိုးက မြန်မာနိုင်ငံသည် စိုက်ပျိုးရေးနိုင်ငံဖြစ်သည့်အတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးသည် ကျေးလက်နေတောင်သူများ တွဲဖက်လုပ်နေသည့် လုပ်ငန်းဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် နှစ်အလိုက် စီမံကိန်းများ ချမှတ်ဆောင်ရွက်နေသည်ကို သိရှိပါကြောင်း၊ စီမံကိန်းများ ချမှတ်ထားသော်လည်း အဖြေရလဒ်၊ ချဉ်းကပ်မှုများအရ တောင်သူများဘဝသည် ထင်ထားသကဲ့သို့ မတိုးတက်ပါကြောင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးအတွက် အဓိကအချက်သည် မျိုးစေ့၊ မြေနေရာ၊ အရင်းအနှီး၊ နည်းပညာနှင့် သွင်းအားစုများ လိုအပ်ပါကြောင်း။

အထူးသဖြင့် စိုက်ပျိုးမြေ များရှိသော်လည်း မွေးမြူရေးမြေသည် အကန့်အသတ်ဖြစ်နေပါကြောင်း၊ လယ်ယာမြေကို အခြားနည်းသုံးစွဲခွင့်တွင်လည်း အခက်အခဲများဖြင့် ကြုံနေရပါကြောင်း၊ ဖွံ့ဖြိုးတိုးတက်ရန်အတွက် Research and Development သည် ဒွန်တွဲနေပါကြောင်း၊ မြေအမျိုးအစား၊ မျိုးစေ့၊ နည်းပညာများကိုသာ သုတေသနလုပ်မနေဘဲ ဈေးကွက်သုတေသနကိုပါလုပ်ရန် လိုအပ်ပါကြောင်းစသည်ဖြင့် အဆိုအား ထောက်ခံဆွေးနွေးသည်။

ဆက်လက်၍ မအူပင်မဲဆန္ဒနယ်မှ ဦးစိန်ဝင်း၊ ကျောက်တံခါးမဲဆန္ဒနယ်မှ ဦးခင်မောင်ဦး၊ လက်ပံတန်းမဲဆန္ဒနယ်မှ ဦးကျော်မင်း၊ သနပ်ပင်မဲဆန္ဒနယ်မှ ဦးမြင့်ဦး၊ မင်းတုန်း မဲဆန္ဒနယ်မှ ဒေါ်ခင်သန်းနု၊ ဂွမဲဆန္ဒနယ်မှ ဦးမြင့်ဝေ၊ ခရမ်းမဲဆန္ဒနယ်မှ ဒေါက်တာဦးအေးမင်း၊ ကော့မှူးမဲဆန္ဒနယ်မှ ဦးကျော်ဆွေဝင်းနှင့် ကျောင်းကုန်းမဲဆန္ဒနယ်မှ ဦးသိန်းထွန်းတို့က ဆွေးနွေးကြသည်။

## ကောင်းမွန်သည့် မွေးမြူရေးကျင့်စဉ်တို့ကို ကျင့်သုံး၍ နိုင်ငံတကာ ဈေးကွက်လိုအပ်ချက်နှင့် ကိုက်ညီသည့် အရည်အသွေးပြည့်မီသည့် ကဏ္ဍဆိုင်ရာ ထွက်ကုန်များ ကျယ်ပြန့်စွာ ထုတ်လုပ်နိုင်ရေးအတွက် အစီအမံများ ချမှတ်ဆောင်ရွက်

ယင်းအဆိုနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က ဝန်ကြီးဌာနအနေဖြင့် စိုက်ပျိုးရေးကဏ္ဍ၊ အသားကဏ္ဍ၊ ငါးကဏ္ဍ ကဏ္ဍအလိုက် ဖွံ့ဖြိုးတိုးတက်ရန်အတွက် အရည်အသွေးကောင်းမွန်သည့် သီးနှံများ စိုက်ပျိုးထုတ်လုပ်နိုင်ရန်အတွက် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ၊ ကောင်းမွန်သည့် တိရစ္ဆာန်မွေးမြူရေးကျင့်စဉ်၊ ကောင်းမွန်သည့် မွေးမြူရေးကျင့်စဉ်တို့ကို ကျင့်သုံး၍ နိုင်ငံတကာဈေးကွက်လိုအပ်ချက်နှင့် ကိုက်ညီသည့် အရည်အသွေးပြည့်မီသည့် ကဏ္ဍဆိုင်ရာထွက်ကုန်များ ကျယ်ပြန့်စွာ ထုတ်လုပ်နိုင်ရေးအတွက် အစီအမံများ ချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း။

အဆိုနှင့်ပတ်သက်၍ စိုက်ပျိုးရေး၊ မွေးမြူရေးထုတ်ကုန်များ တိုးတက်ထုတ်လုပ်နိုင်ရန် သုတေသနနှင့် တိုးချဲ့ပညာပေးရေး၊ မျိုးကောင်းမျိုးသန့်နှင့် သွင်းအားစုများ ဖြန့်ဖြူးပေးရေး၊ လယ်ယာလုပ်ငန်းခွင် စက်ကိရိယာများတိုးမြှင့်သုံးစွဲနိုင်ရေး၊ နိုင်ငံတကာ စံချိန်စံညွှန်းနှင့် ကိုက်ညီသည့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေးနှင့် တောင်သူလယ်သမားများ အရင်းအနှီးနှင့် ချေးငွေထောက်ပံ့ငွေများ တိုးတက်ရရှိရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ငန်းများကို အထောက်အကူဖြစ်စေမည့် ရေရရှိရေး၊ ဈေးကွက်ဖွံ့ဖြိုးတိုးတက်ရေး၊ ထုတ်လုပ်သူများ၏ စွမ်းဆောင်ရည်မြှင့်တင်ရေးစသည့် တောင်သူဗဟိုပြုဖွံ့ဖြိုးမှု နှစ်တိုနှစ်ရှည် စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့်အတွက် တောင်သူဗဟိုပြုဆောင်ရွက်လျက်ရှိသည့် စီမံကိန်းများမှ ကျေးလက်ဒေသ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေခြင်းဖြင့် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ထိရောက်စွာ အထောက်အကူဖြစ်စေသည့်အတွက် အဆိုအား မှတ်တမ်းတင်သင့်ပါကြောင်း ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က အဆိုရှင်၏ သဘောထားရယူရာ အဆိုရှင်က မှတ်တမ်းတင်စောင့်ကြည့်ပေးပါရန် ပြောကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဆိုအား မှတ်တမ်းတင်စောင့်ကြည့်ရန်အတွက် လွှတ်တော်၏ သဘောထားရယူရာ သဘောမတူသူ မရှိသည့်အတွက် မှတ်တမ်းတင်စောင့်ကြည့်မည်ဖြစ်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၃ ရက်မြောက်နေ့ကို ဇွန် ၃ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာသည်။

**အေးအေးသန့်(သတင်းစဉ်)**

# ပလက်ဝမြို့နယ်တွင် အသေးစားလုပ်ငန်းစုများပါဝင်သော စက်မှုဇုန်တစ်ခု အကောင်အထည်ဖော် ထူထောင်ပေးနိုင်ရန် မြေပြင်ကွင်းဆင်းလေ့လာရေးအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်ကာ ပြုလုပ်လျက်ရှိ


ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို ဖြေကြားစဉ်။


ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၁)မှ ဦးဇော်တင်း မေးမြန်းစဉ်။


ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး ဖြေကြားစဉ်။


စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၄)မှ ဦးလှဦး မေးမြန်းစဉ်။


နေပြည်တော်ကောင်စီဝင် ဦးညီထွန်း ဖြေကြားစဉ်။


ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၁) မှ ဒေါက်တာဝင်းမြင့် မေးမြန်းစဉ်။

**နေပြည်တော် မေ ၃၀**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၃ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

## လက်တွေ့အကောင်အထည်ဖော်နိုင်ရန် လုပ်ထုံးလုပ်နည်းများနှင့် အညီ ဆက်လက်ဆောင်ရွက်သွားမည်

အစည်းအဝေးတွင် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးဇော့တင်း၏ **ချင်းပြည်နယ် ပလက်ဝမြို့နယ်တွင် အသေးစား (SME) လုပ်ငန်းစုများ ပါဝင်သော စက်မှုဇုန်တစ်ခု အကောင်အထည်ဖော် ထူထောင်ပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို က ချင်းပြည်နယ် ပလက်ဝမြို့နယ်တွင် အသေးစား (SME) လုပ်ငန်းစုများပါဝင်သော စက်မှုဇုန်တစ်ခု အကောင်အထည်ဖော် ထူထောင်ပေးနိုင်ရန်အတွက် ချင်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့် မြေပြင်ကွင်းဆင်းလေ့လာရေးအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်ကာ (Feasibility Study) များ ပြုလုပ်လျက်ရှိနေပါကြောင်းနှင့် မြေပြင်ကွင်းဆင်းလေ့လာရေးအဖွဲ့၏ အသေးစိတ်အစီရင်ခံမှုအရ လက်တွေ့အကောင်အထည်ဖော်နိုင်ရန် ချင်းပြည်နယ်အစိုးရအဖွဲ့နှင့်အတူ သက်ဆိုင်ရာဝန်ကြီးဌာနများကပါ ပါဝင်ပူးပေါင်းကာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၁၂)မှ ဦးမျိုးထပ် (ခ) ဆလိုင်းမျိုးထိုက်၏ **ချင်းပြည်နယ် ပလက်ဝမြို့နယ် အပ်စကျေးရွာအုပ်စု ဟုန်းကျေးရွာ ကျေးလက်ကျန်းမာရေးဌာန(ခွဲ)အား ကျေးလက်ကျန်းမာရေးဌာနအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ဟုန်းကျေးလက်ကျန်းမာရေးဌာန(ခွဲ)တွင် ကျေးရွာပေါင်း ၁၃ ရွာ၊ အိမ်ခြေ ၃၃၀ ရှိပါကြောင်း၊ ထို့ကြောင့် ကျေးလက်ကျန်းမာရေးဌာနအဖြစ် ဖွင့်ပေးမည်ဆိုပါက အနီးအနားတွင်ရှိသည့် ကျေးရွာ ၁၉ ရွာ၊ အိမ်ခြေ ၅၀၄ အိမ်၊ လူဦးရေ ၂၇၅၅ ဦးကို လွှမ်းခြုံနိုင်မည်ဖြစ်ပါကြောင်း၊ အဆင့်တိုးမြှင့်ရန် လိုအပ်ချက် (၆)ချက်တွင်လည်း (၄) ချက် ပြည့်မီပြီး ချင်းပြည်နယ်သည်လည်း ခက်ခဲသည့် ဒေသဖြစ်သည့်အတွက် မိမိအနေဖြင့် အဆင့်တိုးမြှင့်ပေးရန် ရည်ရွယ်ပါကြောင်း၊ ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူးကလည်း ထောက်ခံပါကြောင်း။

## အမိန့်ထွက်လာပါက ဖွဲ့စည်းပုံတင်ခြင်းနှင့် ဘတ်ဂျက်ကိစ္စရပ်များ စတင်လုပ်ဆောင်မည်ဖြစ်

သို့သော် ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ လမ်းညွှန်ချက်တစ်ခုရှိပါကြောင်း၊ ဝန်ထမ်းများဖွဲ့စည်းပုံ တိုးချဲ့ခြင်း၊ ပြင်ဆင်ခြင်း၊ အသစ်ခန့်အပ်ခြင်းနှင့် စပ်လျဉ်း၍ လိုက်နာဆောင်ရွက်ရန်အတွက် လူ့စွမ်းအားအရင်းအမြစ်စီမံခန့်ခွဲမှု အစီရင်ခံစာအပေါ် အခြေခံသော အမိန့်ကြေညာစာထွက်ပြီးမှသာ သတ်မှတ်ချက်များနှင့် စိစစ်တင်ပြရန် အကြောင်းကြားသည့်အတွက် အဆိုပါ အမိန့်ကြေညာစာကို စောင့်ရန်လိုပါကြောင်း၊ ထို့ကြောင့် အမိန့်ထွက်လာပါက ဖွဲ့စည်းပုံတင်ခြင်းနှင့် ဘတ်ဂျက်ကိစ္စရပ်များစသည် တို့ကို စတင်လုပ်ဆောင်မည်ဖြစ်ပါကြောင်း ဖြေကြားသည်။

## အောင်သုခ ကျေးရွာမှာ မည်သည့်အုပ်စုထဲတွင် ပါဝင်ဖွဲ့စည်းလိုသည်ကို ယခုထိတင်ပြလာခြင်းမရှိ၍ ပြည်သူလူထု၏ သဘောထားရယူ ဆောင်ရွက်လျက်ရှိ

ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာဝင်းမြင့် ၏ **ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် အုတ်ဖိုမြို့နယ် အေးမြသာယာရွာကြီးအား မြို့အဖြစ် အဆင့် တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ နေပြည်တော်ကောင်စီဝင် ဦးညီထွန်းက အေးမြသာယာကျေးရွာအုပ်စုအား မြို့အဖြစ်အဆင့်တိုးမြှင့်နိုင်ရေးအတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးအဖွဲ့၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံညှိနှိုင်း အစည်းအဝေးပြုလုပ်၍ ဒေသခံပြည်သူများ၏ သဘောထားများကို အေးမြသာယာရှိ အကွက်အလိုက်နှင့် ရွာခွဲအလိုက် သွားရောက်ပြီး သဘောထားရယူခဲ့ရာ အေးမြသာယာအုပ်စုရှိ ရပ်ကွက် (၉) ရပ်ကွက်မှာ အေးမြသာယာမြို့တွင် ပါဝင်လိုပြီး ရေတာကျေးရွာ၊ ငှက်ပျောတောကျေးရွာ၊ ဆီဆုံကုန်းကျေးရွာ၊ ဂုံညင်းတန်းကျေးရွာ၊ ကဝေစုကျေးရွာတို့အား စုပေါင်း၍ ရေတာကျေးရွာအုပ်စုအဖြစ်လည်းကောင်း၊ ပြည်တော်သာကျေးရွာ၊ သိုက်ဝါးချောင်းကျေးရွာတို့အား စုပေါင်း၍ ပြည်တော်သာကျေးရွာအုပ်စုအဖြစ်လည်းကောင်း ဖွဲ့စည်းလိုကြောင်း သဘောထားရရှိခဲ့ပြီး ဖြစ်ပါကြောင်း၊ အောင်သုခကျေးရွာမှာ မည်သည့်အုပ်စုထဲတွင် ပါဝင်ဖွဲ့စည်းလိုသည်ကို ယခုထိတင်ပြလာခြင်းမရှိ၍ မည်သို့ဆောင်ရွက်လိုသည်ကို ပြည်သူလူထု၏ သဘောထားရယူ ဆောင်ရွက်လျက်ရှိပါကြောင်း။

ဖော်ပြပါ ရပ်ကွက်/ကျေးရွာများ၏ မြေအသုံးချမှုအခြေအနေနှင့် ကျေးရွာတစ်ရွာချင်းစီ၏ အုပ်ချုပ်ရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ ပညာရေး၊ ဘာသာရေး၊ လူမှုရေးဆိုင်ရာအချက်အလက်များ၊ ကျေးရွာသမိုင်းကြောင်းစသည့် စာရင်းဇယားများ ပြုစုဆောင်ရွက်လျက်ရှိပြီး အချက်အလက်စာရင်းဇယားများနှင့် မြေပုံများ ပြည့်စုံအောင်ဆောင်ရွက်ပြီးပါက လွှတ်တော်ကိုယ်စားလှယ်များနှင့် မြို့နယ်စီမံခန့်ခွဲမှု ကော်မတီတို့မှ ကွင်းဆင်းစစ်ဆေးပြီး အမှုတွဲတစ်ပေါင်းတည်း တည်ဆောက်၍ ဆက်လက်တင်ပြသွားမည် ဖြစ်ပါကြောင်း ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ကိုယ်စား ဖြေကြားသည်။

## လွှတ်တော်ကိုယ်စားလှယ်များ၏ မေးမြန်းချက်များကို တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြား

အလားတူ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးခင်ဝင်း၏ **မကွေးတိုင်းဒေသကြီး ဂွေးပင်တိုက်နယ် ဂွေးပင်ကျေးရွာတွင်ရှိသော ကျေးလက်ကျန်းမာရေးဌာနအား တိုက်နယ်ဆေးရုံအဖြစ် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် အဆင့် တိုးမြှင့်ပေးရန် အစီအ စဉ် ရှိ/မရှိ** မေးခွန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဒေါက်တာဇော်လင်းထွဋ်၏ **ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် မြန်မာတစ်နိုင်ငံလုံးရှိ မသန်စွမ်းသူများအား အခမဲ့ဖြစ်စေ၊ ကျခံနိုင်သော နှုန်းထားတစ်ခုနှင့်ဖြစ်စေ ကျန်းမာရေး စောင့်ရှောက်မှု စနစ်တစ်ခု ပြုလုပ်ပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်း၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးလှဦး ၏ **စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ဆားလင်းကြီးမြို့နယ် ထန်းဇင်ကျေးရွာအုပ်စု ထန်းပုကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာန(ခွဲ) ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်း၊ မန္တလေး တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးထွန်းထွန်းဦး ၏ **အသေးစား စိတ်ဝေဒနာများကို ကုသသည့် ဆေးဝါးတချို့နှင့် အလွန်ကိုက်ခဲနာကျင်သော ဝေဒနာများကို သက်သာစေသည့် ဆေးဝါးတချို့တို့သည် ထိန်းချုပ်ဆေးဝါးများစာရင်းတွင် ပါဝင်နေပါသဖြင့် ဝယ်ယူရန် အလွန်ခက်ခဲပြီး ဝေဒနာရှင်များအား အလွယ်တကူ ကုသနိုင်စေရေးအတွက် မည်ကဲ့သို့ ဖြေလျှော့ပြောင်းလဲစီမံဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း** မေးခွန်းနှင့် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၃) မှ ဦးဘွဲခိန်း၏ **ချင်းပြည်နယ် ထန်တလန်မြို့နယ် ငါဖိုင်ပီး ကျေးလက်ကျန်းမာရေးဌာနအား တိုက်နယ်ဆေးရုံအဖြစ် အဆင့်တိုးမြှင့် ပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းတို့နှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး ကလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးဖေချစ်၏ **ရန်ကုန်မြောက်ပိုင်းခရိုင် မှော်ဘီမြို့နယ် ထိန်စွန်းစားကျက်မြေတွင် စိုက်ပျိုးအသက်မွေးနေကြသော အိမ်ထောင်စုများမှ လူနေထိုင်ခွင့်ရရှိရေးအတွက် စားကျက်မြေပယ်ဖျက်ပေးရန် လျှောက်ထားခဲ့ကြရာ ခွင့်မပြုဟု အကြောင်းကြားလာသဖြင့် နှစ်များစွာ စိုက်ပျိုးနေထိုင်ပြီးဖြစ်သော ပြည်သူလူထု ထိခိုက်နစ်နာမှုမရှိစေရေး မည်ကဲ့သို့ ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ နေပြည်တော် ကောင်စီဝင် ဦးအေးမောင်စိန် က လည်းကောင်း ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

## မိမိတို့နိုင်ငံဖွံ့ဖြိုးတိုးတက်စေရန်အတွက် စစ်မှန်သည့် ပညာရေးအဆင့်အတန်း မြင့်မားနေရန် လိုအပ်

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးကျော်ထွေးက နိုင်ငံခြားတက္ကသိုလ် သို့မဟုတ် ပညာရေးအဖွဲ့အစည်းများနှင့် ချိတ်ဆက်၍ဖြစ်စေ၊ မိမိကိုယ်ပိုင်သင်ရိုးညွှန်းတမ်းများဖြင့်ဖြစ်စေ ဖွင့်လှစ်သင်ကြားပို့ချနေသော ပုဂ္ဂလိကပညာရေး သင်တန်းကျောင်းများ၏ အရည်အသွေး၊ အဆင့်အတန်းကို စစ်ဆေးအကဲဖြတ်ခြင်းနှင့် ယင်းသင်တန်းကျောင်းများမှ ထုတ်ပေးသော လက်မှတ်များကို စိစစ်၍ သတင်းထုတ်ပြန်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကိုတင်သွင်းရာတွင် မိမိတို့နိုင်ငံဖွံ့ဖြိုးတိုးတက်စေရန်အတွက် စစ်မှန်သည့် ပညာရေးအဆင့်အတန်းမြင့်မားနေရန် လိုအပ်ပါကြောင်း၊ ယခုအခါ မိမိတို့နိုင်ငံ၏ ပညာရေးခေတ်နောက်ကျမှုနှင့် ဥပဒေကြီးကြပ်မှုအားနည်းသည့် အခြေအနေကို အခွင့်ကောင်းယူပြီး အရည်အသွေးစစ်မှန်မှု မသေချာဘဲ မြန်မာ့ပညာရေးလောကထဲသို့ နိုင်ငံခြားတက္ကသိုလ်အဖွဲ့အစည်းအမည် များကို အသုံးပြု၍ ကြော်ငြာအားကောင်းကောင်းဖြင့် သင်တန်းကျောင်းမျိုးစုံ ဖွင့်လှစ်သင်ကြားပို့ချပေးနေသည်ကို တွေ့ရပါကြောင်း။

အဆိုပါ ကျောင်းများသည် စီးပွားရေးတွက်ခြေကိုက်မှုကိုသာ အဓိကထားပြီး အတုအယောင် သို့မဟုတ် အရည်အသွေးမမီသည့် သင်ခန်းစာများ သင်ကြားပို့ချနေမည်ဆိုပါက ကျောင်းသူ၊ ကျောင်းသားများနှင့် ကျောင်းသားမိဘများ ဆုံးရှုံးနစ်နာရုံသာမက မြန်မာ့ပညာရေး၏ ဂုဏ်သိက္ခာကိုပါ ထိခိုက်နိုင်ပါကြောင်း၊ ကမ္ဘာ့နိုင်ငံအများစုတွင် ပညာရေးအဆင့်အတန်းမြှင့်တင်ရန်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရန် ဆိုသည့် ရည်ရွယ်ချက်များနှင့် ပညာရေးအရည်အသွေးစိစစ်ကြပ်မတ်သည့် အဖွဲ့အစည်းများ ထားရှိကြပါကြောင်း၊ မိမိတို့နိုင်ငံတွင်လည်း အမျိုးသားပညာရေးအဆင့်အတန်းနှင့် အရည်အသွေးအာမခံမှု အကဲဖြတ်ရေးကော်မတီကို ဖွဲ့စည်းထားပြီး ဖြစ်သော်လည်း ပုဂ္ဂလိက ပညာရေးလုပ်ငန်းများကို စိစစ်အကဲဖြတ်သည့် လုပ်ငန်းများ ထိထိရောက်ရောက်ဆောင်ရွက်နေသည်ကို မတွေ့ရပါကြောင်း။

## အစိုးရတက္ကသိုလ်များ အဆင့်အတန်းမြှင့်တင်ပေးရန် လိုအပ်သကဲ့သို့ ပုဂ္ဂလိကပညာရေးကိုလည်း အဆင့်မြှင့်ရန် လိုအပ်

ထို့ကြောင့် အစိုးရတက္ကသိုလ်များ အဆင့်အတန်းမြှင့်တင်ပေးရန် လိုအပ်သကဲ့သို့ ပုဂ္ဂလိကပညာရေးကိုလည်း အဆင့်မြှင့်ရန် လိုအပ်ပါကြောင်း၊ စိစစ်ကြပ်မတ်အကဲဖြတ်သည့် လုပ်ငန်းစဉ်မရှိဘဲ ပညာရေးအဆင့်အတန်း မြင့်မားလာရန် မဖြစ်နိုင်ပါကြောင်း၊ စစ်မှန်သည့် ပညာရေးကို ကျောင်းသား၊ လူငယ်များရရှိစေရန် အရေးကြီးပါကြောင်း၊ ထို့ကြောင့် အဆိုကို တင်သွင်းရခြင်းဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ယင်းအဆိုကို မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးကျော်တုတ်က ထောက်ခံဆွေးနွေးသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း က ယင်းအဆိုကို လက်ခံဆွေးနွေးရန် သင့် မသင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ သဘောမတူသူ မရှိသည့်အတွက် လက်ခံဆွေးနွေးရန် သဘောတူကြောင်းနှင့် ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၄ ရက်မြောက်နေ့ကို ဇွန် ၃ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်၊ လူမော်**

---

## ဗန်းမော်မြို့တွင် အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းဖွင့်

**ဗန်းမော် မေ ၃၀**

နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန၊ ကချင်ပြည်နယ် ဗန်းမော်မြို့ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း၏ အခြေခံအိမ်တွင်းမှုသင်တန်းအမှတ်စဉ်(၄၃)နှင့် အဆင့်မြင့်စက်ချုပ်သင်တန်းအမှတ်စဉ်(၃၁)ဖွင့်ပွဲအခမ်းအနားကို မေ ၂၇ ရက် နံနက် ၉ နာရီက အဆိုပါ သင်တန်းကျောင်းခန်းမ၌ ကျင်းပရာ ဗန်းမော်ခရိုင်အုပ်ချုပ်ရေးမှူး ဦးထွေးမြင့်က သင်တန်းဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်သိမ့်သိမ့်စိုးက သင်တန်းတွင်ပို့ချမည့်ဘာသာရပ်များကို ရှင်းလင်းပြောကြားပြီး အခမ်းအနား တက်ရောက်လာသူများက ခင်းကျင်းပြသထားသည့် သင်ထောက်ကူပစ္စည်းများကို ကြည့်ရှုကြသည်။

အဆိုပါသင်တန်းတွင် အခြေခံအိမ်တွင်းမှုသင်တန်းသူ ၆၀ ဦးနှင့် အဆင့်မြင့်စက်ချုပ်သင်တန်းသူ ၁၅ ဦး စုစုပေါင်း ၇၅ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တ ၁၄ ပတ်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်ပြန်/ဆက်**


# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် လာအိုသံအမတ်ကြီးအား လက်ခံတွေ့ဆုံ နှစ်နိုင်ငံနှင့် တပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်ခိုင်မာစေရေးကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် မေ ၃၀**


တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် မြန်မာနိုင်ငံဆိုင်ရာ လာအိုသံအမတ်ကြီး Mr. Heuangseng Khamdalavong အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-လာအို နှစ်နိုင်ငံယဉ်ကျေးမှုနှင့် ကိုးကွယ်မှုဘာသာ တူညီမှုရှိပြီး လာအိုနိုင်ငံတွင် ထေရဝါဒဗုဒ္ဓဘာသာဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များ ကူညီပံ့ပိုးဆောင်ရွက်ပေးနိုင်မည့်အခြေအနေ၊ နှစ်နိုင်ငံအကြား ကုန်သွယ်ရေးနှင့် ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေ၊ နှစ်နိုင်ငံနှင့် တပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်ခိုင်မာစေရေးအတွက် ယဉ်ကျေးမှုအဖွဲ့များ၊ အားကစားအဖွဲ့များနှင့် အဆင့်အလိုက် ချစ်ကြည်ရေးခရီးစဉ်များ အပြန်အလှန်လည်ပတ်ရေးဆိုင်ရာ ကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာနိုင်ငံဆိုင်ရာ လာအိုသံအမတ်ကြီး Mr. Heuangseng Khamdalavong အား လက်ခံတွေ့ဆုံစဉ်။** ဓာတ်ပုံ- တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး



# ဂျပန်တိုယိုတာမော်တော်ကားကုမ္ပဏီ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမည်

**နေပြည်တော် မေ ၃၀**

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ ဦးသောင်းထွန်းသည် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး Mr. Ichiro Maruyama နှင့် Toyota Motor Asia Pacific Pte Ltd ၏ ဥက္ကဋ္ဌ Mr. Susumu Matsuda နှင့်အဖွဲ့အား ယနေ့တွင် ရန်ကုန်မြို့၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံတွင် စက်ရုံတည်ထောင်ပြီး မော်တော်ကားထုတ်လုပ်ရောင်းချခြင်းနှင့်စပ်လျဉ်း၍ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။ ပြည်ထောင်စုဝန်ကြီးက တိုယိုတာကုမ္ပဏီအနေဖြင့် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံလိုမှုအတွက် လှိုက်လှဲစွာကြိုဆိုပါကြောင်းနှင့် နည်းပညာမျှဝေပေးရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကော်ပိုရိတ်လူမှုပတ်ဝန်းကျင်ဆိုင်ရာ တာဝန်ယူမှုလုပ်ငန်းများ ဆောင်ရွက်ပေးရေးတို့တွင် ပါဝင်ဆောင်ရွက်ပေးရန် ပြောကြားသည်။

**ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း ဂျပန်သံအမတ်ကြီး Mr. Ichiro Maruyama နှင့် Toyota Motor Asia Pacific Pte Ltd ၏ ဥက္ကဋ္ဌ Mr. Susumu Matsuda နှင့် အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။**

တိုယိုတာမော်တာ ကုမ္ပဏီသည် ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၅၂ ဒသမ ၆ သန်းဖြင့် သီလဝါအထူးစီးပွားရေးဇုန်တွင် ရင်းနှီးမြှုပ်နှံသွား မည်ဖြစ်ပြီး ၂၀၂၁ ခုနှစ်တွင် မော်တော်ယာဉ်များ စတင်ထုတ်လုပ်သွားမည်ဖြစ်သည်။

**သတင်းစဉ်**

# ရန်ကုန်မြို့ ပဲခူးကလပ်ကို အခု ၃၀ မြောက် အပြာရောင်ကမ္ပည်းပြား တပ်ဆင်

**ရန်ကုန် မေ ၃၀**

ရန်ကုန်မြို့ပြအမွေအနှစ်စာရင်း၌ ပါဝင်လာခဲ့သော ဒဂုံမြို့နယ် စကားဝါလမ်းရှိ ပဲခူးကလပ်ကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ပြအမွေအနှစ်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့၏ မြို့ပြအမွေအနှစ်အထိမ်းအမှတ်အဖြစ် အခု ၃၀ မြောက် အပြာရောင်ကမ္ပည်းပြားကို တပ်ဆင်ခဲ့သည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး**

အဆိုပါ အပြာရောင်ကမ္ပည်းပြားတပ်ဆင်ပွဲအခမ်းအနား၌ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက အမှတ်တရစကားပြောကြားခဲ့ပြီး ပဲခူးကလပ်မှ Ms. Deborah Kyaw Thaung က ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့သည်။ ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်းနှင့် တာဝန်ရှိသူများက ကမ္ပည်းပြားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး သပြေခက်ဖြင့် အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

“ကျွန်တော်တို့ရဲ့ မြို့ပြအမွေအနှစ်အဆောက်အအုံတွေမှာ သမိုင်းကြောင်းတွေရှိပါတယ်။ ဒီသမိုင်းတွေကို ကျွန်တော်တို့ရဲ့ နောင်မျိုးဆက်တွေကို ပေးချင်ပါတယ်။ အဆောက်အဦတွေတိုင်းမှာ ခေတ်အဆက်ဆက်ရဲ့သမိုင်းတွေ ရှိပါတယ်။ ဒီသမိုင်းတွေကို အခုလို အဆောက်အဦတွေကို မြင်တွေ့ခြင်းအားဖြင့် ပြောနိုင်မှာဖြစ်ပါတယ်။ မြင်တွေ့ခွင့်မရတော့ဘူးဆိုရင် ဒီသမိုင်းတွေဟာ ပျောက်ကွယ်သွားမှာဖြစ်ပါတယ်။ ရန်ကုန်မှာ တချို့ အထင်ကရအဆောက်အအုံကြီးတွေဟာ ပျောက်ကွယ်သွားပြီ ဖြစ်ပါတယ်”ဟု တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားသည်။

**ကိုလိုနီခေတ် လက်ရာတစ်ခုဖြစ်**

ယနေ့ အခု ၃၀ မြောက် အပြာရောင်ကမ္ပည်းပြားတပ်ဆင်ခြင်းခံရသော ပဲခူးကလပ်သည် သက်တမ်းရင့် ကိုလိုနီခေတ်လက်ရာတစ်ခုဖြစ်ပြီး ပင်မဆောင်အပါအဝင် မူလဆောင်များကို ကျွန်းသားအပြည့်ဖြင့် ဆောက်လုပ်ထားခဲ့ခြင်းဖြစ်သည်။ မူလက ကန်တိုမင်ဧရိယာအတွင်း ၁၈၇၁ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး ၁၈၈၂ ခုနှစ်တွင် ယခုတည်နေရာသို့ ပြောင်းရွှေ့လာခဲ့သည်။ ၁၉၂၁ ခုနှစ်တွင် ကလပ်အဆောက်အအုံကို ပြောင်းလဲမှုများပြုလုပ်ခဲ့ပြီး ဗြိတိန်အိမ်ရှေ့စံမင်းသားအား ဧည့်ခံရန် Prince of Wales ခန်းမဆောင်ကို ထည့်သွင်းတည်ဆောက်ခဲ့သည်။

ဒုတိယကမ္ဘာစစ်အတွင်း ဂျပန်စစ်တပ်၏ သီးသန့်ကလပ်အဖြစ် အသုံးပြုခဲ့ပြီး မဟာမိတ်တပ်များ သိမ်းပိုက်အပြီးတွင် ဗြိတိသျှလေတပ်အရာရှိများက အသုံးပြုခဲ့သည်။ စစ်အပြီးတွင် ကလပ်ကို မြန်မာလူမျိုးများ ပထမဆုံးအကြိမ် အသင်းဝင်အဖြစ် ဝင်ခွင့်ရခဲ့သည်။ ၁၉၆၅ ခုနှစ်တွင် ကလပ်ကိုပိတ်ခဲ့ပြီး ဆိုရှယ်လစ်ခေတ်တွင် ပြည်သူပိုင်ဖြစ်လာခဲ့သည်။ နောက်ပိုင်းတွင် တပ်မတော်၏ အရာရှိဆောင်အဖြစ် ခေတ္တအသုံးပြုခဲ့ပြီး တပ်မတော်ငွေစာရင်းရုံးအဖြစ် ပြောင်းလဲအသုံးပြုခဲ့သည်။ ၂၀၀၀ ပြည့်နှစ် အစောပိုင်းမှစ၍ အသုံးမပြုတော့သည့်အတွက် ယိုယွင်းပျက်စီးလာသည်။ လက်ရှိအချိန်တွင် KT Group က နှစ်ရှည်ငှားရမ်းထားပြီး အခမ်းအနားများ၊ ပွဲလမ်းသဘင်များ လက်ခံကျင်းပရန် ပင်မဆောင်၊ ခန်းမများ၊ ဥယျာဉ်များကို ပြန်လည်ပြင်ဆင်ရေးလုပ်ငန်းများ လုပ်ဆောင်လျက်ရှိသည်။

**နာမည်အကြီးဆုံးကလပ်**

ပဲခူးကလပ်သည် နာမည်ကျော် ပဲခူးကလပ်ကော့တေး အစပြုခဲ့ရာဖြစ်ပြီး အဆိုပါကော့တေးသည် ၁၉၃၀ ပြည့်နှစ်ခန့်တွင် ကမ္ဘာတစ်ဝန်းတွင် လူကြိုက်များသည့် အဖျော်ယမကာဖြစ်လာခဲ့သည်။ ၁၈၉၉ ခုနှစ်တွင် အင်္ဂလိပ်စာရေးဆရာကြီး ရုဒ်ယာဒ်ကစ်ပလင်းသည် ပဲခူးကလပ်တွင် တစ်ညနေ လာရောက်အပန်းဖြေခဲ့ပြီး နာမည်ကျော် Mandalay ကဗျာကို ကလပ်တွင် ကြားခဲ့ရသည်များကို အခြေခံ၍ ရေးစပ်ခဲ့သည်။ ထိုအချိန်က ရန်ကုန်ကလပ်များ၌ နာမည်အကြီးဆုံးဖြစ်ခဲ့သည့် ပဲခူးကလပ်တွင် အသင်းဝင်အများစုမှာ အစိုးရအရာရှိကြီးများ၊ ဗြိတိသျှစစ်တပ်အရာရှိကြီးများ၊ လူချမ်းသာများနှင့် လူရည်ဝင်ဆံ့သူများသာဖြစ်သည်။ အစိုးရ၏အုပ်ချုပ်မှုဝါဒကို ကလပ်အသင်းသားများက များစွာလွှမ်းမိုးမှုရှိသည့်အတွက် အစိုးရကို ပဲခူးကလပ်အစိုးရဟု နောက်ပြောင်ခေါ်ဆိုခဲ့ကြသည်။

**အပြာရောင်ကမ္ပည်းပြားများ တပ်ဆင်ရန်စီစဉ်**

ရန်ကုန်မြို့ပြအမွေအနှစ်ထိန်းသိမ်းစောင့်ရှောက်ရေး အဖွဲ့အနေဖြင့် အင်းလျားကန် (သို့) ရန်ကုန်တက္ကသိုလ်အတွင်းရှိ သစ်ပုပ်ပင်ကဲ့သို့ နေရာများကို ထပ်မံ၍ အပြာရောင်ကမ္ပည်းပြားများ တပ်ဆင်သွားနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း စီမံချက်အရာရှိ ကိုသူရိန်အောင်က ပြောကြားသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**
**ဓာတ်ပုံ - ထိန်လင်း**



**မြို့ပြအမွေအနှစ်အထိမ်းအမှတ်အဖြစ် သတ်မှတ်သည့် ပဲခူးကလပ်၏ အပြာရောင်ကမ္ပည်းပြားကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်းနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်စဉ်။**

# မြေတိုင်းဥပဒေ ( မူကြမ်း )နှင့်ပတ်သက်သည့် အလုပ်ရုံဆွေးနွေးပွဲကျင်းပ


ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း မြေတိုင်းဥပဒေ (မူကြမ်း)နှင့်ပတ်သက်သည့် အလုပ်ရုံဆွေးနွေးပွဲတွင် အမှာစကားပြောကြားစဉ်။

သတင်းစဉ်

နေပြည်တော် မေ ၃၀

**မြေတိုင်းဥပဒေ (မူကြမ်း)နှင့်ပတ်သက်သည့် အလုပ်ရုံဆွေးနွေးပွဲကို သင်္ဂဟဟိုတယ်၌ ယနေ့နံနက်ပိုင်းက ကျင်းပရာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။**

**သတင်းအချက်အလက်ဖလှယ်ရေး**

ပြည်ထောင်စုဝန်ကြီးက နိုင်ငံတကာ၌ ပြောင်းလဲလာသော မူဝါဒနှင့် နည်းပညာများအရ မြေတိုင်းလုပ်ငန်းသည် သီးခြားရပ်တည်မနေတော့ဘဲ ကဏ္ဍအသီးသီးနှင့် ချိတ်ဆက်လာသောကြောင့် မြန်မာနိုင်ငံ၌ မြေတိုင်းလုပ်ငန်းများ ဆောင်ရွက်ရန် မြေတိုင်းဥပဒေ တစ်ရပ်လိုအပ်လာပါကြောင်း၊ သတင်းအချက်အလက်ဖလှယ်ရေး ဆောင်ရွက်နိုင်ရန် ရည်ရွယ်ချက်များဖြင့် ဆောင်ရွက်နေသည့် အာဆီယံဝန်ဆောင်မှုညှိနှိုင်းရေး ကော်မတီ (Coordinating Committe on Services - CCS)အောက်ရှိ မြေတိုင်းတာခြင်းဆိုင်ရာ အရည်အချင်းနှင့်ပတ်သက်၍ အပြန်အလှန်အသိအမှတ်ပြုမှုအစီအစဉ် သဘောတူညီမှု မူဘောင်ချမှတ်နိုင်ရန်အတွက် လည်း အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံအနေဖြင့် မြေတိုင်းဦးစီးဌာနမှလည်း ပါဝင်ဆောင်ရွက်လျက်ရှိပါကြောင်း။

မြန်မာနိုင်ငံအတွင်းရှိ မြေတိုင်းတာခြင်းဖြင့် အသက်မွေးဝမ်းကျောင်းပြုသူများအတွက် မြေတိုင်းတာခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် မြေတိုင်းဥပဒေတစ်ရပ်ပေါ်ထွန်းရေးသည် လိုအပ်ချက်တစ်ခုဖြစ်သလို မြေတိုင်းဥပဒေပေါ်ထွန်းလာပြီးမှ လိုင်စင်ရမြေတိုင်းပညာရှင်များ တရားဝင်ပေါ်ထွန်းလာမည်ဖြစ်ပြီး အာဆီယံဒေသအတွင်း မြေတိုင်းတာခြင်းဆိုင်ရာ လုပ်ငန်းများတွင်လည်း ပါဝင်ပူးပေါင်း လုပ်ဆောင်နိုင်မည် ဖြစ်ပါကြောင်း။

**မြေတိုင်းဥပဒေရေးဆွဲနေ**

မြေတိုင်းတာခြင်းလုပ်ငန်းနှင့်မြေပုံထုတ်လုပ်ခြင်းလုပ်ငန်းများမှာ တိကျမှန်ကန်မှုနှင့် အရည်အသွေးစံနှုန်းများ ချမှတ်ထိန်းချုပ်နိုင်ရန်၊ မြေတိုင်းတာခြင်းဆိုင်ရာဝန်ဆောင်မှု လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြသည့် ကုမ္ပဏီ၊ အဖွဲ့အစည်းနှင့် လူပုဂ္ဂိုလ်များအား ဖွံ့ဖြိုးတိုးတက်လာစေရန်၊ လိုင်စင်ရမြေတိုင်းပညာရှင်များအား ၎င်းတို့၏ အရည်အသွေးနှင့် ကျွမ်းကျင်မှုတို့ကို မြှင့်တင် ထိန်းသိမ်းလာနိုင်စေရန်၊ မြေတိုင်းတာခြင်း လုပ်ငန်းများအား မလိုအပ်ဘဲ ထပ်ခါတလဲလဲ ဆောင်ရွက်ခြင်းများ မဖြစ်ပေါ်စေရန်၊ နိုင်ငံတော်၏ မြေမျက်နှာသွင်ပြင်ပြ မြေပုံများ ထုတ်လုပ်ခြင်းနှင့် စီမံခန့်ခွဲခြင်းလုပ်ငန်းတွင် ပူးပေါင်းပါဝင်လာကြစေရန် စသည့် ရည်ရွယ်ချက်များဖြင့် မြေတိုင်းဥပဒေကို ရေးဆွဲနေခြင်းဖြစ်ပါကြောင်း။

**ပြည်သူများကိုကူညီပေးနိုင်ရေး**

ဥပဒေတွင် အခန်းပေါင်း ၁၁ ခန်း ပါဝင်မည်ဖြစ်ပြီး အခန်းတိုင်းသည် အဖွဲ့အစည်းအသီးသီးနှင့် ပြည်သူများကို အကျပ်အတည်းမဖြစ်စေဘဲ အကူအညီပေးနိုင်ရေးကိုသာ ဦးတည်ပြီးရေးဆွဲထားသည်ဖြစ်ပါကြောင်း ပြောကြားသည်။

**တက်ရောက်**

အလုပ်ရုံဆွေးနွေးပွဲသို့ လွှတ်တော်ဆိုင်ရာကော်မတီများမှ ကိုယ်စားလှယ်တော်ကြီးများ၊ ဒုတိယဝန်ကြီးနှင့်တကွ ဌာနအသီးသီးမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဥပဒေပညာရှင်များ၊ ဌာနအသီးသီးမှ ပါဝင်ဆွေးနွေးကြမည့် ပုဂ္ဂိုလ်များ၊ ပုဂ္ဂလိကနှင့် အရပ်ဘက်အဖွဲ့အစည်းအသီးသီးမှ ပါဝင်ဆွေးနွေးကြမည့် ပုဂ္ဂိုလ်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

**သတင်းစဉ်**

# ၂၀၁၂-၂၀၁၃ ပညာသင်နှစ်မှစ၍ ၂၀၁၈-၂၀၁၉ ပညာသင်နှစ်အထိ အခြေခံပညာကျောင်းပေါင်း ၁၃၀၀၀ နီးပါးရှိ ကျောင်းသားပေါင်း ၂၆၀၀၀၀ ကျော်ကို နို့တိုက်ကျွေးနိုင်ခဲ့

**နေပြည်တော် မေ ၃၀**

အခြေခံပညာကျောင်းများတွင် နို့တိုက်ကျွေးရေးအစီအစဉ် (School Milk Program) ပိုမိုထိရောက် အောင်မြင်စွာ ရာနှုန်းပြည့် ဖော်ဆောင်သွားနိုင်ရန်အတွက် နိုင်ငံတော်မှသီးသန့်ရန်ပုံငွေ ချထားပေးနိုင်ခြင်း မရှိသော်လည်း ကျောင်းဖွံ့ဖြိုးတိုးတက်မှု အထောက်အကူပြုဆိုင်ရာ (SISP) ရန်ပုံငွေမှ အစားအစာရိက္ခာခေါင်းစဉ်ဖြင့် နွားနို့တိုက်ကျွေးခြင်း လုပ်ငန်းများအတွက် ကျခံသုံးစွဲနိုင်ရေး စီမံဆောင်ရွက်ထားကြောင်း ယနေ့ကျင်းပသည့် ပြည်သူ့လွှတ်တော် အစည်းအဝေးတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က ရှင်းလင်းဖြေကြားသည်။


ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းငေါင်းဆိုင်ဟိန်း။

**သီးသန့်ရန်ပုံငွေချထားပေးရန်**

ယနေ့ကျင်းပသည့် ဒုတိယအကြိမ်မြောက် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၃ ရက်မြောက်နေ့တွင် ရှမ်းပြည်နယ် (တောင်ပိုင်း) မောက်မယ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းငေါင်းဆိုင်ဟိန်းက အခြေခံပညာကျောင်းများတွင် နို့တိုက်ကျွေးခြင်းလုပ်ငန်း (School Milk Program) ပိုမိုထိရောက်အောင်မြင်စွာ ရာနှုန်းပြည့် ဖော်ဆောင်သွားနိုင်ရန် နိုင်ငံတော်အစိုးရမှ မည်သို့ဆက်လက်ကူညီပံ့ပိုးပေးမည်နှင့် ယင်းလုပ်ငန်းစဉ်အတွက် သီးသန့်ရန်ပုံငွေ ချထားပေးရန် အစီအစဉ်ရှိ၊ မရှိ ကြယ်ပွင့်ပြမေးခွန်းအား ဒုတိယဝန်ကြီး ဦးလှကျော်က ထိုသို့ဖြေကြားခဲ့ခြင်းဖြစ်သည်။

အဆိုပါ မေးခွန်းနှင့်ပတ်သက်၍ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းငေါင်းဆိုင်ဟိန်းက “ ဒီနေ့ မေးခွန်းမေးတာကတော့ အခြေခံပညာသင်ကျောင်းတွေက မူလတန်းအဆင့်ကလေးတွေကို မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ဦးစီးပြီး နို့တိုက်ကျွေးရေးလုပ်ငန်းတွေ အဓိက တာဝန်ယူလုပ်ဆောင်နေတာ ရှိပါတယ်။ မြို့နယ်ငယ်တွေအနေနဲ့ ရန်ပုံငွေ စုဆောင်းရရှိရေးအတွက် ဌာနဆိုင်ရာတွေ၊ လူမှုအသင်းအဖွဲ့တွေ၊ ကျောင်းသားမိဘတွေ စတဲ့အလှူရှင်တွေ စုပေါင်းအားနဲ့ တစ်လမှာတစ်ကြောင်းနှုန်း တိုက်ကျွေးနိုင်ဖို့ မနည်းကြိုးစားဆောင်ရွက်နေရပါတယ်။ ကျောင်းသားဦးရေနည်းတဲ့ ကျောင်းလေးတွေမှာပဲ အလှူရှင်တွေရဲ့အင်အားနဲ့ လုပ်နေရတယ်။ ဒါကိုအစိုးရအနေနဲ့ အားလုံးမလွှမ်းခြုံနိုင်သေးဘူးဆိုရင်တောင်မှပဲ တစ်ခုခုလုပ်ပေးစေချင်တယ်။ ဥပမာ မြစိမ်းရောင်လို အရင်းမပျောက်ရန်ပုံငွေမျိုးနဲ့ ဆောင်ရွက်ပေးမယ်ဆိုရင် ပိုကောင်းပါမယ်။ ဒီလုပ်ငန်းက အင်မတန်ကြီးမားကျယ်ပြန့်ပြီး ရန်ပုံငွေများစွာလိုအပ်တဲ့ လုပ်ငန်းဖြစ်ပါတယ်။ ဒါကြောင့် ခိုင်မာတောင့်တင်းတဲ့ မတည်ရန်ပုံငွေတစ်ရပ်လိုအပ်နေတာကြောင့် ဒီမေးခွန်းကို မေးမြန်းတာဖြစ်ပါတယ်” ဟု ပြောကြားသည်။

**အခြေခံပညာကျောင်းများတွင် နို့တိုက်ကျွေးရေးဆောင်ရွက်**

ယင်းမေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးလှကျော်က စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသည် မြန်မာနိုင်ငံတွင် အများပြည်သူများ သန့်ရှင်းလတ်ဆတ်သော နွားနို့သောက်သုံးသည့် အလေ့အကျင့်ကောင်းများဖြစ်ပေါ်လာစေရန်၊ နွားနို့သောက်သုံးမှုများလာခြင်းကြောင့် နို့စားနွားမွေးမြူရေးဖွံ့ဖြိုးတိုးတက်လာစေခြင်းနှင့်အတူ ကျေးလက်လူမှုစီးပွားဘဝတိုးတက်မှုအား တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေရန် ရည်ရွယ်၍ Tetra Laval ကုမ္ပဏီ၊ Nestle ကုမ္ပဏီ၊ CP ကုမ္ပဏီ၊ Alliance Star ကုမ္ပဏီ ၊ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်နှင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဦးစီးပြီး နို့ပေါင်းစက်အခြေပြုနို့တိုက်ကျွေးခြင်း အပါအဝင် တစ်ဦးချင်းအလှူရှင်များက အခြေခံပညာကျောင်းများတွင် စဉ်ဆက်မပြတ် နို့တိုက်ကျွေးရေးလုပ်ငန်း (School Milk Program) ကို ၂၀၁၂-၂၀၁၃ ပညာသင်နှစ်တွင် ပြည်ထောင်စုနယ်မြေမှ စတင်၍ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြောင်း။

အဆိုပါအစီအစဉ်စတင်ဆောင်ရွက်ခဲ့သည့် ၂၀၁၂-၂၀၁၃ ပညာသင် နှစ်မှစ၍ ၂၀၁၈-၂၀၁၉ ပညာသင်နှစ်အထိ အခြေခံပညာကျောင်းပေါင်း ၁၃၀၀၀ နီးပါးရှိ ကျောင်းသားပေါင်း ၂၆၀၀၀၀ ကျော်ကို နို့တိုက်ကျွေးခဲ့ကြောင်း၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနအနေဖြင့် တစ်ဖက်မှလည်း နို့ထုတ်လုပ်မှုတိုးတက်လာရေးအတွက် နို့စားနွားမွေးမြူရေးလုပ်ငန်း စီမံချက်ကို ၂၀၁၅- ၂၀၁၆ ဘဏ္ဍာနှစ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအချိန်အထိ နိုင်ငံတော်၏ ထောက်ပံ့ငွေကျပ်သန်းပေါင်း ၁၃၁၀ တိတိသုံးစွဲ၍ နို့စားနွားကောင်ရေ ၁၂၇၇ ကောင် ဖြန့်ဖြူးပေးနိုင်ခဲ့ပြီဖြစ်ကြောင်း။

ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာနအနေဖြင့် တိုင်းဒေသကြီး/ပြည်နယ်အသီးသီးရှိ အခြေခံပညာ ထက်၊ လယ်၊ မူ ကျောင်းများ၊ ရန်ကုန်ပညာရေးတက္ကသိုလ် (လေ့ကျင့်ရေးအထက်တန်းကျောင်း)၊ စစ်ကိုင်းပညာရေးတက္ကသိုလ် (လေ့ကျင့်ရေးအထက်တန်းကျောင်း)၊ တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်(စစ်ကိုင်း) (လေ့ကျင့်ရေးအထက်တန်း)၊ ပညာရေးကောလိပ်များရှိ (လေ့ကျင့်ရေးအလယ်တန်းကျောင်းများ)နှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများတွင် ကျောင်းဖွံ့ဖြိုးတိုးတက်မှု အထောက်အကူပြုဆိုင်ရာ (SISP) ရန်ပုံငွေများကို ဖြည့်ဆည်းခွဲဝေဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် နို့တိုက်ကျွေးခြင်းအတွက် သီးသန့်ရန်ပုံငွေ ချထားပေးနိုင်ခြင်းမရှိသော်လည်း အဆိုပါ SISP ရန်ပုံငွေမှ အစားအစာရိက္ခာခေါင်းစဉ်ဖြင့် နွားနို့တိုက်ကျွေးခြင်း လုပ်ငန်းများအတွက် ကျခံသုံးစွဲနိုင်ရေး စီမံဆောင်ရွက်ထားကြောင်း ရှင်းလင်းဖြေကြားသည်။


နေပြည်တော် ပုဗ္ဗသီရိမြို့နယ် အထက(၃) ၌ ကမ္ဘာ့နို့တိုက်ကျွေးရေးနေ့၌ ကျောင်းသားများအား နို့တိုက်ကျွေးပွဲကျင်းပစဉ်။

**နို့စားနွားမွေးမြူရေးဖွံ့ဖြိုးစေရန်**

ဆက်လက်၍ ဒုတိယဝန်ကြီးက ပညာရေးဝန်ကြီးဌာနမှ ရရှိသော အချက်အလက် စာရင်းဇယားများအရ နေပြည်တော်ကောင်စီ အပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးများအားလုံးတွင် မူလတန်းကျောင်းပေါင်း ၂၆၉၁၇ ကျောင်းရှိပြီး ကျောင်းသား ကျောင်းသူဦးရေ ၄၉၉၁၆၅၆ ဦး ပညာသင်ကြားလျက်ရှိကြောင်း၊ အသက်အရွယ်အလိုက် မူလတန်း ကျောင်းသားကျောင်းသူတစ်ဦး တစ်နေ့လျှင် သောက်သုံးသင့်သည့် နွားနို့ပမာဏသည် ပျမ်းမျှ ၆၆၀ မီလီလီတာဖြစ်ကြောင်း၊ လက်ရှိတွင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် အလှူရှင်များက တိုက်ကျွေးသည့် နွားနို့ပမာဏမှာ မူလတန်းအဆင့် ကျောင်းသားကျောင်းသူတစ်ဦးကို တစ်နေ့လျှင် နွားနို့ပမာဏ ၂၅၀ မီလီလီတာခန့်ရှိ၍ ခန့်မှန်းတန်ဖိုးအားဖြင့် ငွေကျပ် ၄၀၀ ရှိသည့်အတွက် အဆိုပါနှုန်းဖြင့် ကျောင်းဖွင့်ရက်များတွင်ကျောင်းသားကျောင်းသူ သိန်း ၅၀ နီးပါးအတွက် ပညာသင်နှစ်တစ်နှစ်လျှင် စုစုပေါင်း ငွေကျပ်ဘီလီယံ ၃၆၀ ခန့်ကုန်ကျမည်ဖြစ်ကြောင်း၊ အဆိုပါ လုပ်ငန်းသည် ကုန်ကျစရိတ်များပြားလွန်းသည့်အတွက် သီးသန့်ရန်ပုံငွေ ချထားပေးနိုင်ခြင်းမရှိသေးသော်လည်း မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနအနေဖြင့် ပြည်သူများစားသုံးမည့်နို့နှင့် နို့ထွက်ပစ္စည်းများ ပြည့်မီအောင် ထုတ်လုပ်နိုင်ရေးအတွက် နို့စားနွားမွေးမြူရေးဖွံ့ဖြိုးတိုးတက်လာစေရန် ဆောင်ရွက်လျက်ရှိပြီး နို့တိုက်ကျွေးရေးအစီအစဉ်ကိုလည်း အထောက်အပံ့ ပေးလျက်ရှိကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

**သတင်း -ဇင်ဦး၊ နေဝင်းထွန်း (မြန်မာ့အလင်း)**

**ဓာတ်ပုံ - သီဟစည်သူ**

# ဆေးလိပ်နှင့် အဆုတ် ကျန်းမာရေး ကြိုက်တာရွေး

**အငြိမ်းစားဝန်ထမ်းတစ်ဦး (ရောဂါနှိမ်နင်းရေး)**

၁.၅.၂၀၁၉နေ့ နံနက်ပိုင်းတွင် ကျွန်တော့် နေအိမ်သို့ ဦးကြည် ရောက်လာသည်။

**ကျွန်တော်။** ။ ဗိုလ်ထက်ရေ HA ကြီး ဦးကြည်နဲ့ ငါ့အတွက် ကော်ဖီလေးဖျော်ခဲ့ပါ။ ကဲ - ဦးကြည် ဘယ်က စပြောကြမှာလဲ။

**ဦးကြည်** ။ ဒီနှစ် (၃၁.၅.၁၉) ရက်နေ့မှာ ကျရောက်မယ့် **"ကမ္ဘာ့ ဆေးလိပ်မသောက်ရနေ့"** ရဲ့ ဆောင်ပုဒ်က ဘာလဲဆရာ။

**ကျွန်တော်။** ။ "ဆေးရွက်၊ ဆေးလိပ်နှင့် အဆုတ် ကျန်းမာရေး" ပါ၊ ဦးကြည် ဆက်မေးမယ့်၊ ဆွေးနွေးမယ့် အကြောင်းအရာတွေကို တစ်ဆင့်ပြီးတစ်ဆင့်ရှင်းပြမယ်၊ လူသားတွေ အသက်ရှင်ဖို့ ဘာတွေလိုသလဲ ဦးကြည်။

**ဦးကြည်။** ။ လူသားတွေအသက်ရှင်ဖို့ လေ၊ရေ၊ အာဟာရ လိုပါတယ် ဆရာ။

**ကျွန်တော်။** ။ ဟုတ်ပါတယ်၊ အာဟာရ (ထမင်း)အသက် ခုနှစ်ရက်၊ ရေအသက် တစ်မနက်စသဖြင့်ပေါ့၊ စဉ်းစား၊ စဉ်းစား၊ လေအတွက် ဘယ်နှစက္ကန့်၊ မိနစ်၊ နာရီ စသဖြင့်ပေါ့။

**ဦးကြည်။** ။ လူသားတွေကို ဘာတွေနဲ့ဖွဲ့စည်းထားသလဲ ဆရာ။

ကျွန်တော်။ ။ ဦးကြည်က HA ကျန်းမာရေး ဝန်ထမ်း ဆိုတော့ ခန္ဓာဗေဒကို သိပြီးဖြစ်မယ်။ လိုရင်းနဲ့ အမြဲမှန်တဲ့ ဖွဲ့စည်းပုံကတော့ "ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယော" ပါ။ ခန္ဓာဗေဒ Anatomy အတိုင်းပဲ ဦးကြည်၊ အဲဒီ ဖွဲ့စည်းပုံကြီး ဆက်လက်တည်မြဲဖို့နဲ့ အသက်ရှင်နိုင်ဖို့ ရှေ့က ပြောခဲ့သလို လေ၊ ရေ၊ အာဟာရ လိုတာပေါ့၊ အောက်ဆီဂျင်ဟာ လူ့ခန္ဓာကိုယ်ရဲ့ အင်္ဂါအစိတ်အပိုင်းများရဲ့ အခြေခံ ကလပ်စည်း "Cell" တိုင်းအတွက် အရေးကြီးတယ်။ လုံးဝပြတ်လို့ မရဘူး။ အောက်ဆီဂျင်ပြတ်တာနဲ့ အသက်ရှင်ဖို့ မဖြစ်နိုင်တော့ဘူး။ လေ (အောက်ဆီဂျင်) မည်မျှအရေးကြီးပုံကို သိသင့်ပြီ ဦးကြည်။

**ဦးကြည်။** ။ ဟုတ်တယ်နော် ဆရာ၊ လိုတဲ့လေကို ကျွန်တော်တို့ အဆုတ် (Lung) က ရှူပေးရတာနော်၊ အဆုတ်ရဲ့ ဖွဲ့စည်းပုံနဲ့ လုပ်ဆောင်ချက်လေး ရှင်းပြပါ ဆရာ။

**ကျွန်တော်။** ။ လွယ်လွယ်ပြောရရင် လေဝင်/ထွက် (သို့) လေရှူ၊ ထုတ်လုပ်ရအောင် အသက်ရှူလမ်းကြောင်း (လေပြွန်) များနဲ့ ၎င်းတို့အတွင်းမှာ မလိုအပ်တာတွေကို ရှင်းလင်းဖယ်ရှားဖို့ အမွေးအမှင် (Cilia) များပါရှိတယ်၊ လေကို ခေတ္တသိုလှောင်ဖို့ လေအိတ် (Alveoli) လေးများလိုတယ် ဦးကြည်။ လေထဲက အောက်ဆီဂျင်ကို သယ်ယူပြီး ကာဗွန်ဒိုင်အောက်ဆိုက်ကို ထုတ်ပစ်ဖို့ သွေးကြောလေးတွေနဲ့ ဝန်းရံဖွဲ့စည်းထားပါတယ်။ အဲဒီမှာ လေအိတ်ကလေးများသန်းချီရှိပြီး ဧရိယာအနေနဲ့ တင်းနစ်ကစားကွင်း (Tennis Court) တစ်ကွင်းစာလောက်ရှိတယ်၊ အဆုတ်အနေနဲ့ ပြင်ပကလေကိုရှူ လေအိတ်လေးတွေမှာ လေထဲမှ လိုတဲ့ အောက်ဆီဂျင်ကို သွေးကြောလေးတွေက သယ်ယူပြီး နှလုံးက တစ်ဆင့် အင်္ဂါအစိတ်အပိုင်း အားလုံးကိုဖြန့်စေပါတယ်။ မလိုအပ်တဲ့ ကာဗွန်ဒိုင်အောက်ဆိုက် ($CO_2$) ကို ပြန်သယ်ယူလာပြီး လေအိတ်ကလေးများမှတစ်ဆင့် လေပြွန်ချောင်းကလေးများကိုဖြတ်ပြီး ရှူထုတ်ပစ်တယ်။ အဲ့ဒီလို အသက်ရှူထုတ်ခြင်းကို အမြဲမပြတ် စက္ကန့်မလပ်ဆောင်ရွက်ရပါတယ်။ လူကသာ အိပ်ရတာ၊ အဆုတ်တို့ နှလုံးတို့က နားချိန်၊ အိပ်ချိန်မရှိပါဘူး။ အဲဒီမှာ သဘောပေါက်ရမှာက လေပြွန်တွေကျဉ်းခြင်း၊ ပိတ်ခြင်း၊ (Cilia) လေးတွေ အလုပ်မလုပ်ခြင်းနဲ့ လေအိတ်များ ပျက်စီးခြင်း၊ ကျုံ့ပွမှု လျော့နည်းခြင်းတို့ဖြစ်ရင် ဘယ်လိုအကျိုးဆက်ဖြစ်မယ်ဆိုတာ သဘောပါရမယ်နော်။

**ဦးကြည်။** ။ သဘောပါပါပြီဆရာ။ ဆေးရွက်/ဆေးလိပ် အကြောင်းနဲ့ ဆေးလိပ်သောက်ခြင်းကြောင့် အဆုတ်ကျန်းမာရေးကို ဘယ်လိုထိခိုက်တဲ့အကြောင်း ဆက်ဆွေးနွေးပါဆရာ။

**ကျွန်တော်။** ။ ဆေးရွက်ကို တောင်အမေရိကတိုက်မှာ ဘီစီ ၆၀၀၀ လောက်က စတင်စိုက်ပျိုးပြီး ဆေးရွက်အသုံးပြုခြင်းကို ဘီစီ ၅၀၀၀ လောက်မှာ စသုံးကြတယ်။ ဥရောပအနေနဲ့ပြောရရင် ပထမဦးဆုံး ခရစ္စတိုဖာကိုလံဘတ်က တောင်အမေရိကတိုက်နဲ့ ဆေးရွက်ပင်ကို အေဒီ ၁၅ ရာစုမှာ ရှာဖွေတွေ့ရှိခဲ့တယ်။ ဆေးရွက်ပင် စိုက်ပျိုးခြင်းကို အေဒီ ၁၅၃၁ မှာ ပထမဦးဆုံးစိုက်ပျိုးပြီး ပထမဦးဆုံး ဆေးလိပ်သောက်သူကတော့ အေဒီ ၁၅၆၀ ခုနှစ်မှာ ပြင်သစ်နိုင်ငံသား Jean Nicot ဖြစ်တယ်။ သူ့အမည်ကို အစွဲပြုပြီး ဆေးလိပ်ငွေ့ထဲမှာပါပြီး စွဲစေတဲ့ (Adict) ဓာတ်ပစ္စည်းကို "Nicotine" လို့ အမည်ပေးခဲ့ကြတယ် ဦးကြည်။ ဆေးလိပ်ငွေ့ထဲမှာ ဆေးလိပ်ကိုစွဲစေတဲ့ "Nicotine" အပြင် အခြားဓာတ်ပစ္စည်း ၇၀၀၀ ခန့်ပါရှိတယ်။ အဲဒီအထဲမှာပါတဲ့ ဓာတ်ပစ္စည်းတွေက အချို့က လေပြွန်ချောင်းများ၊ Cilia များ၊ လေအိတ်လေးများ၊ အဆုတ်ထဲရှိ Macrophage သွေးဥတွေကို ပျက်စီးစေခြင်း၊ ၎င်းတို့၏ လုပ်ငန်းကို ဟန့်တားနှောင့်ယှက်ခြင်းတို့ကြောင့် အဆုတ်တွင်း ရောဂါ ပိုးဝင်ခြင်း (တီဘီအပါအဝင်) ပန်းနာရင်ကျပ်ဖြစ်စေခြင်း၊ နာတာရှည် လေပြွန်ချောင်း ရောင်ခြင်း၊ အဆုတ်လေအိတ်လေးများပျက်စီးပြီး အဆုတ်ပွဖောင်းလာခြင်းကြောင့် နာတာရှည် အသက်ရှူလမ်းကြောင်း ပိတ်/ကျဉ်း ရောဂါဖြစ်ခြင်းနှင့် (၆၉) မျိုးသော ဓာတ်ပစ္စည်းများကြောင့် အဆုတ်ကင်ဆာ အပါအဝင် ကင်ဆာရောဂါများဖြစ်ခြင်းစတဲ့ ဆိုးကျိုးတွေ ပေးတယ် ဦးကြည်။

**"တစ်နှစ်ကို ခြောက်သန်းခန့် ဆေးလိပ်သောက်ခြင်းကြောင့် Early Death စော၍ သေဆုံးပြီး ဆေးလိပ်မသောက်သော်လည်း ဆေးလိပ်ငွေ့ရှူမိသူ (Second Hand Smoke) ကြောင့် ၁၀% (၆၀၀၀၀၀)ခန့် သေဆုံးနေကြတယ်။ ယခုနှုန်းအတိုင်းသာဆက်သွားပါက ၂၁ ရာစုနှစ်အတွင်း ဆေးလိပ်ကြောင့် လူသန်း ၁၀၀၀ သေဆုံးမည်ဟု WHO က ခန့်မှန်းထား"**

**ဦးကြည်။** ။ ဒါ့ထက်ပိုပြီးရှင်းပြပေးပါဦး၊ ကိုယ်ဝန်ဆောင် မိခင် ဆေးလိပ်သောက်ခြင်းကြောင့် ဘာတွေ ဖြစ်နိုင်သလဲဆရာ။

**ကျွန်တော်။** ။ အထက်ဖော်ပြခဲ့သလို ဆေးလိပ်မှာပါတဲ့ ဓာတ်ပစ္စည်းတွေကြောင့် (၁) ကိုယ်ဝန်ပျက်ကျခြင်း၊ (၂) လမစေ့ဘဲမွေးခြင်း၊ (၃) မွေးစကလေး ပေါင်ချိန်မပြည့်ခြင်း၊ (၄) သန္ဓေသားဘဝထဲက အဆုတ်ကြီးထွားမှုနှင့် အဆုတ်၏ လုပ်ငန်းများနှေးကွေးကျဆင်းခြင်း၊ (၅) မီးတွင်းကလေး အဆုတ်ပိုးဝင်ရောက်ခြင်း၊ အဆုတ်ရောင်ခြင်း (၆) ရုတ်တရက် ကလေးသေဆုံးမှု ရောဂါစု (Sudden Infant Death Syndrome - SIDS) နဲ့ ကလေးသူငယ်ဘဝမှာလည်း အဆုတ်ရောင်ခြင်း၊ ပန်းနာရင်ကျပ်ကဲ့သို့ ရောဂါမကြာခဏဖြစ်ခြင်းတို့ ဖြစ်စေပါတယ်။

**ဦးကြည်။** ။ ဆေးလိပ်သောက်သူနဲ့ မသောက်သူတို့ရဲ့ သေဆုံးနှုန်းတွေကိုလည်း ရှင်းပြပေးပါဦး။

**ကျွန်တော်။** ။ သေဆုံးမှုပေါ့နော်။ အထက်မှာဖော်ပြခဲ့သလို ဆေးလိပ်သောက်ခြင်းကြောင့် (၁) သန္ဓေသားဘဝကပင် သေဆုံးခြင်း၊ (၂) မီးတွင်းကလေး သေဆုံးနှုန်းမှာ ဆေးလိပ်မသောက်တဲ့ မိခင်ထက် (၁၅%)များခြင်း၊ (၃) (SIDS) ဆိုလည်း ဆေးလိပ်မသောက်တဲ့ မိခင်ထက် နှစ်ဆခန့် များခြင်း၊ လူသားဖြစ်လာပြီး ကလေးဘဝ၊ လူငယ်၊ လူကြီးဘဝ မှစလို့ လူ့မျှော်မှန်းသက်တမ်းမှာလည်း ဆေးလိပ်မသောက်သူများထက် (၁၀-၁၈နှစ်) ခန့် ပိုတိုခြင်းတို့ဖြစ်တယ်။ သိရှိပြီး ခန့်မှန်းကိန်းဂဏန်းများအရ ဆေးလိပ်သောက်ခြင်းကြောင့် ၂၀ ရာစုနှစ်အတွင်း လူသန်း ၁၀၀ ခန့် သေဆုံးခဲ့ပြီးဖြစ်တယ်။ ယခုလည်း တစ်နှစ်ကို ခြောက်သန်းခန့် ဆေးလိပ်သောက်ခြင်းကြောင့် Early Death စော၍ သေဆုံးပြီး ဆေးလိပ်မသောက်သော်လည်း ဆေးလိပ်ငွေ့ရှူမိသူ (Second Hand Smoke) ကြောင့် ၁၀% (၆၀၀၀၀၀)ခန့် သေဆုံးနေကြတယ်။ ယခုနှုန်းအတိုင်းသာ ဆက်သွားပါက ၂၁ ရာစုနှစ်အတွင်း ဆေးလိပ်ကြောင့် လူသန်း ၁၀၀၀ သေဆုံး မည်ဟု WHO က ခန့်မှန်းထားတယ် ဦးကြည်။

**ဦးကြည်။** ။ ကြောက်စရာကြီးပါလားဆရာ။

**ကျွန်တော်။** ။ ကြောက်အောင် ခြောက်နေတာ မဟုတ်ဘူး ဦးကြည်။ ဆင်ခြင်နိုင်အောင်အမှန်တွေ တင်ပြနေတာပါ။

**ဦးကြည်။** ။ဆရာက တီဘီဌာနမှာ နှစ်တော်တော်များများ လုပ်ခဲ့တော့ ဆေးလိပ်နဲ့ တီဘီရောဂါအကြောင်းလည်း ပြောပေးပါဦးဆရာ။

**ကျွန်တော်။** ။ ဝန်ခံခြင်းနဲ့ ခွင့်လွှတ်ပေးကြပါလို့ ဦးစွာ ပြောကြားလိုပါတယ်။ ကျွန်တော် တာဝန်ထမ်းဆောင်စဉ်၊ တာဝန်ယူသည်မှစ၍ ယခုအထိ တီဘီလူနာများအပေါ် HIV လို၊ ဆီးချိုသွေးချိုလို ပူးတွဲဆောင်ရွက်မှု မရှိသလောက် နည်းပါးကြောင်း ပြောကြားလိုပါတယ်။ ကမ္ဘာ့နာမည်ကြီး အဆုတ်နဲ့ ရင်ခေါင်းဆရာဝန်ကြီး Sir John Crofton ကပြောတယ်။ ကမ္ဘာမှာ ကျော်လွှားနှိမ်နင်းဖို့ ခက်တဲ့ ရောဂါအုပ်စု နှစ်မျိုးဖြစ်တဲ့ ကူးစက်ရောဂါ (Communicable Disease – CD)နဲ့ မကူးစက်တဲ့ရောဂါ (Non-Communicable Disease –NCD)တို့ကြောင့် သေဆုံးသူများရဲ့ ၇၀% ကျော် စောစီးစွာသေဆုံးလျက်ရှိကြတယ်။ အဲဒီ CD ထဲမှာ တီဘီရောဂါက အဓိက ရောဂါဖြစ်ပြီး Tobacco ကြောင့် CA lung နဲ့ နာတာရှည်အသက်ရှူလမ်းကြောင်း ပိတ်/ကျဉ်း ရောဂါ (COPD) အပါအဝင် NCD ရောဂါများ ၈၀% ကျော် ဖြစ်ပွားတယ်။ ဒါ့ကြောင့် Tobacco နဲ့ တီဘီ ရောဂါကို တစ်ခုချင်းဖြစ်စေ၊ ပူးပေါင်း၍ဖြစ်စေ ဆောင်ရွက်ဖို့ အချိန်ရောက်ပြီလို့ ပြောလိုပါတယ်။ "It is right time"ပါ။ ကမ္ဘာ့ တီဘီရောဂါ ဖြစ်သူများရဲ့ ၄၅-၈၅% သည် ဆေးလိပ်သောက်သူများဖြစ်ခြင်း၊ ဆေးလိပ်သောက်သူများတွင် မသောက်သူများထက် တီဘီရောဂါ ၂ ဒသမ ၆ ဆ မြင့်မားခြင်း၊ ဆေးလိပ်ကြောင့် လူများတွင် တီဘီကူးစက်မှု၊ ရောဂါဖြစ်ပွားမှု၊ ရောဂါပြင်းထန်မှုနဲ့ သေဆုံးမှုမြင့်မားခြင်းတို့ကြောင့် ဆေးလိပ်ကင်းစင်ရေး စတင်လှုပ်ရှားမှု Tobacco Free Initiative (TFI) နဲ့ End TB တို့ ပူးပေါင်းဆောင်ရွက်သင့်ကြောင်း မြန်မာနိုင်ငံမှာလည်း NTP နဲ့ NCD စီမံချက် ဆေးလိပ် အပါအဝင် ပြည်သူ့ကျန်းမာရေး ဖောင်ဒေးရှင်း၊ မြန်မာနိုင်ငံတီဘီအသင်းတို့ပါ ပူးပေါင်းဆောင်ရွက်ချိန်ရောက်ပြီဖြစ်ကြောင်းလည်း တင်ပြလိုပါတယ်။

**ဦးကြည်။** ။ ဆေးလိပ်ရဲ့ ဆိုးကျိုးတွေဖြစ်တဲ့ အဆုတ်ကင်ဆာ၊ တီဘီ၊ နာတာရှည်လေပြွန်ချောင်းကျဉ်း COPD ရောဂါနှင့် သန္ဓေသားဘဝကပင် လူ့ဘဝသို့ရောက်မလာနိုင်ခြင်း မှသည် စောစီးစွာ သေဆုံးကြခြင်းတို့ကို သိရှိပါပြီ။ ဆေးလိပ်သောက်ခြင်းကို ဖြတ်လိုက်ရင်ကော ဘယ်လို ကောင်းကျိုးတွေ ခံစားရမှာလဲဆရာ။

**ကျွန်တော်။** ။ ကောင်းကျိုးတွေ ခံစားရပါတယ် ဦးကြည်။ ဆေးလိပ်ဖြတ်ပြီး အဆုတ်ရဲ့လုပ်ဆောင်ချက်တွေ တိုးတက်မှုရှိလာပါတယ်။ ကိုးလအတွင်း အဆုတ်လေပြွန်ထဲရှိ အမွေးအမှင်များ ပုံမှန်လုပ်ငန်း ဆောင်ရွက်နိုင်လို့ ရောဂါပိုးဝင်ရောက်ခြင်း၊ ချောင်းဆိုးခြင်း၊ ရင်ကျပ်ခြင်းတို့ လျော့နည်းလာပါတယ်။ နှစ်များစွာ ဆေးလိပ်သောက်လို့ လေအိတ်လေးများ ပျက်စီးပြီး COPD ရောဂါရရှိရင် အဆုတ်အနေနဲ့ မူလအခြေအနေ ပြန်မရောက်သော်လည်း ဆေးလိပ်ဖြတ်ခြင်းကြောင့် ရောဂါခံစားရမှုတော့ ဆေးလိပ်ဆက်သောက်နေသူထက် လျော့နည်းစေပါတယ်၊ ဆေးလိပ်ဖြတ်ပြီး ၁၀ နှစ်အကြာမှာ အဆုတ်ကင်ဆာဖြစ်ပွားမှု (၅၀%) ကျဆင်းလာပါတယ်။

**ဦးကြည်။** ။ ဆေးလိပ်ဆိုးကျိုးများနဲ့ ဆေးလိပ်ဖြတ်၍ ရရှိမယ့် အကျိုးတွေသိရပါပြီ။ ဆေးရွက်နဲ့ ဆေးလိပ်ကို ဘယ်လိုတားဆီးနှိမ်နင်းနည်းလေးတွေ ပြောပြဆွေးနွေးပေးပါဦးဆရာ။

**ကျွန်တော်။** ။ ဦးကြည် ကြားဖူးတယ်နော် ဆန္ဒနဲ့ ဘဝ၊ စီမံချက်နဲ့ အကောင်အထည်ဖော်နိုင်မှု၊ သဘောတရားနဲ့ လက်တွေ့တစ်ထပ်တည်းကျဖို့ဆိုတာ မလွယ်ပါဘူး ဦးကြည်။ ယခင်က ဘယ်လိုဆောင်ရွက်သင့်ကြောင်း ရေးသားပြီးဖြစ်တယ်။ ယခုအကျဉ်းပဲ ဆွေးနွေးပေးပါမယ်။ သဘောတရားအရတော့ (၁) ဆေးရွက်စိုက်ပျိုးခြင်း၊ (၂) ဆေးလိပ်ထုတ်လုပ်ခြင်း၊ (၃) ကုန်သွယ်မှု၊ (၄) သောက်သုံးခြင်းတို့ကို အပိုင်းလိုက် စဉ်းစားပြီး ဆောင်ရွက်ကြည့်ရအောင်။ အပိုင်းတိုင်းကို ဥပဒေ၊ နည်း ဥပဒေပြဋ္ဌာန်းလို့ရတယ်၊ အရေးယူမှုနဲ့ ပေါင်းမှပိုပြီးအသက် ဝင်မယ်။ Tax အခွန်အကောက် တိုးပြီး ကောက်လို့ရတယ် စားသုံးသူတွေအတွက် ပညာပေးဖို့လိုတယ်။ ဆေးလိပ်ဘူးခွံမှာ ဆိုးကျိုးတွေဖော်ပြခြင်း အပါအဝင်ပေါ့။ အဲဒီမှာလည်း ဗဟုသုတ၊ ခံယူချက်အထိ အဆင်ပြေတယ်။ လိုက်နာကျင့်သုံးမှုကျတော့ အခက်အခဲရှိတယ်။ နိုင်ငံ တော်တော်များများမှာ စားသုံးသူအပိုင်း တစ်ခုထဲကိုသာ ဆောင်ရွက်နေကြတယ်။ ကျန်တဲ့အပိုင်းတွေက အကြောင်းအမျိုးမျိုးကြောင့် ဆောင်ရွက်နိုင်မှု အားနည်းပါတယ်။ ပြည်သူတွေ မိမိကိုယ်သာကိုးကွယ်ရာ၊ ဘယ်သူမပြု မိမိမှုလို့ ပြောလိုပါတယ်၊ ကိုယ်သောက် ကိုယ်ခံ ကိုယ်မသောက်/ဖြတ်တော့ ကိုယ်စံပေါ့။ တို့မြန်မာပြည်မှာလည်း ဥပဒေတွေ ထုတ်ထားတယ်။ အရေးယူမှု အားနည်းတယ်၊ ပညာပေး လှုံ့ဆော်ရေး၊ ဆေးလိပ်ငွေ့ကင်းစင်ဇုန်များ ဖော်ဆောင်ရေးတွေကို ကျန်းမာရေးနဲ့ အားကစားဝန်ကြီးဌာန၊ နီးနွယ်ဝန်ကြီး ဌာနများ၊ ပြည်တွင်း/ပြည်ပ လူမှုရေးအဖွဲ့အစည်းများ၊ အထူးသဖြင့် ပြည်သူ့ကျန်းမာရေး ဖောင်ဒေးရှင်းတို့ ပူးပေါင်းဆောင်ရွက်နေပါတယ်။

**ဦးကြည်။** ။ ကိုယ်တိုင်မသောက်ဘဲ၊ ဆေးလိပ်ငွေ့ရှူမိသူရော ဆိုးကျိုးတွေ ခံစားရပါသလား ဆရာ

**ကျွန်တော်။** ။ ရှေ့မှာသေဆုံးမှုတွေပြောခဲ့တုန်းက ဆေးလိပ်ငွေ့ရှူမိသူ (Second smoke) တွေမှာ ဆေးလိပ်ကြောင့် သေဆုံးသူများရဲ့ ၁၀% ဖြစ်တယ်လို့ ပြောထားတယ်နော်။ မိမိကိုယ်တိုင် သောက်သုံးခြင်းလောက် မဆိုးပေမယ့် ၁၀-၁၅% လောက် ဆိုးကျိုးခံစားရပါတယ်။ သန္ဓေသားဘဝကစပြီး သေဆုံးသည်အထိပေါ့။ အဓိက သိထားရမှာက တစ်နေ့သောက်တဲ့ဆေးလိပ်အရေအတွက်များလေ၊ ဆေးလိပ်သောက်တဲ့ အချိန်ကာလ ကြာလေ ဆိုးကျိုးများကို ပိုမိုခံစားရလေ ဆိုတာပါပဲ။ ဆေးလိပ်ငွေ့နဲ့ ပတ်ဝန်းကျင်မှာလည်း အိမ်သာထဲမှာ၊ အိမ်အတွင်းမှာ ဆေးလိပ်သောက်သူရှိပါက ဆေးလိပ်ငွေ့ဟာ လေထဲမှာ ငါးနာရီခန့် ပျံ့လွင့်နေတော့ ကျန်မိသားစုဟာ Second smoke ဆိုးကျိုးကို ခံစားကြရတာပေါ့။ ဒါ့ကြောင့် လူသူစည်ကားရာ၊ ကားဂိတ်၊ အလုပ်ရုံ၊ ရုပ်ရှင်ရုံ၊ စားသောက်ဆိုင်တွေထဲမှာ ဆေးလိပ်သောက်ခြင်းကို ရှောင်ကြဉ်သင့်တယ် ဦးကြည်။

**ဦးကြည်။** ။ တော်တော်လေး ပြည့်ပြည့်စုံစုံသိရလို့ ကျေနပ်ပါပြီ၊ ဘာများထပ်ဖြည့်ပြီး ပြောချင်ပါသေးလဲဆရာ။

**ကျွန်တော်။** ။ ကျွန်တော်ရေးတဲ့ ဆောင်းပါးကို များများ ဖတ်စေချင်ပါတယ်။ အဲဒီဖတ်တဲ့သူတွေထဲကမှ တစ်ဦးတစ်ယောက်လောက် ဆေးလိပ်ကို စပြီးမသောက်ဘူး၊ တစ်ဦးတစ်ယောက်လောက်က သောက်နေတဲ့ ဆေးလိပ်ကို စာဖတ်ပြီး စဖြတ်မယ်ဆိုရင်ပဲ ဦးကြည်နဲ့ ကျွန်တော်တို့ ဆွေးနွေးရကျိုး၊ ရေးရကျိုးနပ်ပြီလို့ ခံစားရမှာဖြစ်ပါတယ်။ ဆေးလိပ်ဖြတ်ဖြစ်တဲ့သူများ ဖုန်းနံပါတ် ၀၉-၇၇၇၉၁၀၁၄၀ ကို ဆက်ပေးစေလိုပါတယ်။ one call အခေါ်လေးကို မဝံ့မရဲ စောင့်မျှော်လျက်...

**ဦးကြည်။** ။ ကြော် - ဆရာရယ်။ ။

# အင်းဝဘဏ်လီမိတက်၏ ဘဏ်ခွဲ(၆၀) မြောက် ပျော်ဘွယ်ဘဏ်ခွဲဖွင့်လှစ်




**နေပြည်တော် မေ ၃၀**

အင်းဝဘဏ်လီမိတက်၊ ပျော်ဘွယ်ဘဏ်ခွဲဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါဘဏ်ခွဲပရဝဏ်တွင် ကျင်းပရာ အခမ်းအနားသို့ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ကျော်စွာလင်း၊ ပျော်ဘွယ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူး ဦးမင်းမင်းထွန်းနှင့် အင်းဝဘဏ်လီမိတက်မှ တာဝန်ရှိသူများ၊ ဘဏ်ဝန်ထမ်းများနှင့် ဖိတ်ကြားထားသောဧည့်သည်တော်များ၊ ရပ်မိရပ်ဖများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အင်းဝဘဏ်လီမိတက် အုပ်ချုပ်မှုဒါရိုက်တာနှင့် တာဝန်ရှိသူများက နံနက် ၉ နာရီခွဲတွင် အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး **(ယာပုံ)** အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ် ကျော်စွာလင်းက အင်းဝဘဏ်လီမိတက်၊ ပျော်ဘွယ်ဘဏ်ခွဲဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကာ ဘဏ်ခွဲကမ္ဘည်းမော်ကွန်း ဆိုင်းဘုတ်နှင့် ဘဏ်ကောင်တာတို့အား အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးပြီး အခမ်းအနားသို့ တက်ရောက်လာသောဧည့်သည်တော်များနှင့်အတူ ဘဏ်အတွင်း လှည့်လည်ကြည့်ရှုကြသည်။

ပျော်ဘွယ်ဘဏ်ခွဲသည် ရန်ကုန်- မန္တလေးလမ်းမကြီးပေါ်ရှိ အမှတ် (၃၄၅) မြို့သစ်ရပ်ကွက်ပျော်ဘွယ်မြို့တွင် ဖွင့်လှစ်ထားရှိကာ အပ်ငွေများလက်ခံခြင်း၊ ငွေစုဘဏ်လုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ ငွေလွှဲလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ စီးပွားရေးလုပ်ငန်း များဖွံ့ဖြိုးတိုးတက်စေရန် ချေးငွေများထုတ်ချေးပေးခြင်း၊ ငွေပေးအမိန့်လွှာ (Payment Order) များ ထုတ်ပေးခြင်း၊ ဘဏ်အာမခံ (Bank Guarantee) အမျိုးမျိုး ထုတ်ပေးခြင်း၊ Debit Card များ ထုတ်ပေးခြင်း စသည့်ဘဏ်ဝန်ဆောင်မှုလုပ်ငန်းများအား ဝန်ဆောင်မှုပေးသွားမည်ဖြစ်သည်။ အင်းဝဘဏ်လီမိတက်အနေဖြင့် မြန်မာနိုင်ငံတစ်ဝန်းရှိ ပြည်သူများအကြား ငွေကြေးဆိုင်ရာဝန်ဆောင်မှုများ အဆင်ပြေလွယ်ကူချောမောစွာ လည်ပတ်နိုင်ရေး ကောင်းမွန်သောဝန်ဆောင်မှုများဖြင့် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

အင်းဝဘဏ်လီမိတက်အနေဖြင့် ပြည်တွင်းငွေလွှဲ ဝန်ဆောင်မှုလုပ်ငန်းများအပြင် ငွေစုဘဏ်အပ်ငွေအပေါ် အတိုးနှုန်း ၉ ရာခိုင်နှုန်းနှင့် စာရင်းသေအပ်ငွေအပေါ် ငွေစုဆောင်းသူများ၏ သဘောဆန္ဒအလျောက် စုဆောင်းသည့်အချိန်ကာလအပိုင်းအခြားအလိုက် မူတည်၍ ၁၀ ရာခိုင်နှုန်းအထိ အတိုးနှုန်းများပေးအပ်လျက်ရှိပြီး စီးပွားရေးလုပ်ငန်းမတည်ရင်းနှီးလုပ်ကိုင်လိုသူများအတွက် ချေးငွေများ ထုတ်ချေးပေးလျက်ရှိကာ ယခုပျော်ဘွယ်အင်းဝဘဏ်ခွဲသည် အင်းဝဘဏ်လီမိတက်၏(၆၀) မြောက် ဘဏ်ခွဲဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## ရွေးကောက်ပွဲကန့်ကွက်လွှာအမှုအမှတ် (၁/၂၀၁၈)ကို စီရင်ချက် (အမိန့်) ချမှတ်

**နေပြည်တော် မေ ၃၀**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမြင့်နိုင်က ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်၍ ခုံအဖွဲ့ဝင်များအဖြစ် ဦးလှတင့်နှင့် ဦးသန်းဌေးတို့ ပါဝင်သည့် ရွေးကောက်ပွဲခုံအဖွဲ့(၁)သည် ရန်ကုန်တိုင်းဒေသကြီး ဆိပ်ကမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံထားရသူ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ ဦးနေမျိုးအောင်အပေါ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်လောင်း ဦးသန်းထိုက်အောင်က ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၁၂ ရက်တွင် ကန့်ကွက်လျှောက်ထားသည့် ရွေးကောက်ပွဲကန့်ကွက်လွှာအမှုအမှတ် (၁/၂၀၁၈)ကို သက်ဆိုင်ရာရွေးကောက်ပွဲဥပဒေပုဒ်မ ၆၉ (က)(၁)အရ ကြားနာစစ်ဆေးခဲ့သည်။

ထိုသို့ ရွေးကောက်ပွဲခုံအဖွဲ့(၁)က ကြားနာစစ်ဆေးပြီးနောက် ရန်ကုန်တိုင်းဒေသကြီး ဆိပ်ကမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးနေမျိုးအောင်သည် ရွေးကောက်ပွဲ၌ တရားမဲ့ပြုကျင့်မှုပြုလုပ်ခဲ့ကြောင်း ပေါ်ပေါက်ခဲ့သဖြင့် ဦးနေမျိုးအောင်အား ရွေးကောက်တင်မြှောက်ခြင်းသည် ပျက်ပြယ်ကြောင်း၊ လျှောက်ထားသူ ဦးသန်းထိုက်အောင်သည် ရန်ကုန်တိုင်းဒေသကြီး ဆိပ်ကမ်းမြို့နယ် တိုင်းဒေသကြီးလွှတ်တော် မဲဆန္ဒနယ်အမှတ်(၂)မှ ရွေးကောက်တင်မြှောက်ခြင်းခံရသော တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဖြစ်ကြောင်း ၂၀၁၉ ခုနှစ် မေ ၃၀ ရက်တွင် ရွေးကောက်ပွဲခုံအဖွဲ့(၁)က ဆုံးဖြတ်ပြီး တရားစရိတ်ငွေကျပ်နှစ်သိန်းတိတိအား လျှောက်ထားခံရသူက လျှောက်ထားသူအားပေးစေရန် ဆုံးဖြတ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကလေးသူငယ်အခွင့်အရေးများအပေါ် ကြီးလေးသော ချိုးဖောက်မှု ၆ ရပ်မှ ကာကွယ်တားဆီးရေးဆိုင်ရာ နည်းပြဆရာဖြစ်သင်တန်းဖွင့်ပွဲ ကျင်းပ

**နေပြည်တော် မေ ၃၀**

ကာကွယ်ရေးဝန်ကြီးဌာနနှင့် UNCT-FMR တို့ ပူးပေါင်း၍ ဒုတိယအကြိမ်မြောက် ကလေးသူငယ်အခွင့်အရေးများအပေါ် ကြီးလေးသောချိုးဖောက်မှု ၆ရပ်မှ ကာကွယ်တားဆီးရေးဆိုင်ရာ နည်းပြဆရာဖြစ်သင်တန်း (TOT) ဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့နံနက် ၉ နာရီတွင် နေပြည်တော် Park Royal Hotel ၌ ကျင်းပသည်။

အခမ်းအနားတွင် အရွယ်မရောက်သေးသူ ကလေးသူငယ်များအားစစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌကိုယ်စား ကာကွယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဗိုလ်မှူးချုပ် အောင်ကျော်ဟိုး တက်ရောက် အဖွင့်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီဝင် ဗိုလ်ချုပ် ခွန်သန့်ဇော်ထူးနှင့် တပ်မတော်အရာရှိကြီးများ၊ UNICEF နှင့် UNCTFMR မှ ဌာနေကိုယ်စားလှယ်အရာရှိကြီးများ၊ သင်တန်းသား တပ်မတော်အရာရှိကြီးများ တက်ရောက်ကြသည်။

ကလေးသူငယ်အခွင့်အရေးများအပေါ်ကြီးလေးသော ချိုးဖောက်မှု ၆ ရပ်မှ ကာကွယ်တားဆီးရေးဆိုင်ရာ နည်းပြဆရာဖြစ်သင်တန်း (TOT)ကို မေ ၂၉ ရက်မှ ၃၁ ရက်ထိ သင်တန်းဖွင့်လှစ်မည်ဖြစ်ပြီးကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ကွပ်ကဲမှုအောက်ရုံးများမှ အရာရှိကြီးများ၊တိုင်းစစ်ဌာနချုပ်များနှင့် တပ်မတော်စစ်သားစုဆောင်းရေးတပ်များမှ သင်တန်းသားအရာရှိကြီးများ တက်ရောက်ကြကြောင်း သိရသည်။ **သတင်းစဉ်**




ဒုတိယအကြိမ်မြောက် ကလေးသူငယ်အခွင့်အရေးများအပေါ် ကြီးလေးသော ချိုးဖောက်မှု ၆ ရပ်မှ ကာကွယ်တားဆီးရေးဆိုင်ရာ နည်းပြဆရာဖြစ်သင်တန်းဖွင့်ပွဲသို့ တက်ရောက်လာသူများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။



# နော်ဝေ NRK သတင်းဌာနမှ ကျား/မ အခြေပြုနှင့်ဆိုင်သော မှတ်တမ်းဗီဒီယိုများ ရိုက်ကူး

**လှိုင်ကော် မေ ၃၀**

Care International in Norway အဖွဲ့မှ တာဝန်ရှိသူများသည် နော်ဝေနိုင်ငံအစိုးရပိုင် မီဒီယာဖြစ်သည့် NRK သတင်းဌာနနှင့်အတူ Care International Myanmar အဖွဲ့မှ ပံ့ပိုးကူညီဆောင်ရွက်နေသော ကျား/မ အခြေပြုလုပ်ငန်းနှင့်ပတ်သက်သော မှတ်တမ်းဗီဒီယိုများကို ယနေ့နံနက် ၉ နာရီခွဲက ကယားပြည်နယ် လွိုင်ကော်မြို့နယ် နမ့်ကွတ်ကျေးရွာတွင် ဆက်လက်ရိုက်ကူးခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ NRK သတင်းဌာနမှ ရိုက်ကူးရေးအဖွဲ့သည် နမ့်ကွတ်ကျေးရွာအတွင်း Care International Myanmar အဖွဲ့မှ ထောက်ပံ့ကူညီမှုဖြင့် အဝတ်လျှော်လုပ်ငန်း လုပ်ကိုင်ဆောင်ရွက်နေသော ဒေါ်အေးနှင်းဖြူအား လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို အင်တာဗျူးမှတ်တမ်းဗီဒီယိုရိုက်ကူးခဲ့သည်။ **(အပေါ်ပုံ)** ဆက်လက်၍ နေ့လယ်ပိုင်းတွင် စားသောက်ဆိုင်လုပ်ငန်း လုပ်ကိုင်ဆောင်ရွက်နေသော ဒေါ်မီးမီး အား အင်တာဗျူးမှတ်တမ်းဗီဒီယိုဆက်လက်ရိုက်ကူးခဲ့ကြောင်း သိရသည်။

နော်ဝေနိုင်ငံအစိုးရပိုင် မီဒီယာဖြစ်သည့် NRK သတင်းဌာနမှ ရိုက်ကူးရေးအဖွဲ့သည် Care International Myanmar အဖွဲ့မှ ထောက်ပံ့ကူညီမှုဖြင့် ဆောင်ရွက်နေသော ကျား/မ အခြေပြုနှင့်ဆိုင်သော အမျိုးသမီးများကို တွေ့ဆုံပြီး မှတ်တမ်းဗီဒီယိုရိုက်ကူးရေးလုပ်ငန်းများကို လွိုင်ကော်မြို့နယ် ကန်နီကျေးရွာနှင့် နမ့်ကွတ်ကျေးရွာတို့တွင် နှစ်ရက်တာ ရိုက်ကူးခဲ့ကြောင်း သိရသည်။

**လွိုင်ကော်သား**

# ပြည်တွင်းပြည်ပသတင်းမီဒီယာများပါဝင်သည့် သတင်းအဖွဲ့ ဂုံးနားကျေးရွာနှင့် အောင်ဗလကျေးရွာတို့၌ သတင်းရယူ

**မောင်တော မေ ၃၀**

ရခိုင်ပြည်နယ် မောင်တောမြို့၌ ရောက်ရှိနေသည့် ပြည်တွင်းပြည်ပသတင်းမီဒီယာများပါဝင်သော သတင်းအဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် မောင်တောမြို့နယ် ဂုံးနားကျေးရွာရှိ ရွှေဇားကပ္ပကောင်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၌ ကျေးရွာအတွင်း ရှိလူမှုအသိုက်အဝန်းများနှင့် တွေ့ဆုံသတင်းရယူကြသည်။

ဆက်လက်၍ သတင်းအဖွဲ့သည် ဂုံးနားကျေးရွာနှင့် အောင်ဗလ ကျေးရွာအတွင်း လေ့လာသတင်းရယူကြသည်။ **(အောက်ပုံ)**

ထို့နောက် သတင်းအဖွဲ့သည် မောင်တောမြို့မှ စစ်တွေမြို့သို့ ရောက်ရှိကြပြီး ညနေပိုင်းတွင် မြန်မာအမျိုးသားလေကြောင်းဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ထွက်ခွာသွားကြသည်။ **သတင်းစဉ်**



# ကမ္ဘာ့အကြီးဆုံးစာအုပ်ဈေးရောင်းပွဲတော် ဖွင့်ပွဲအခမ်းအနား မန္တလေး၌ ကျင်းပ

မန္တလေး မေ ၃၀

**မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် သိပ္ပံလမ်း မန္တလေးကွန်ဗင်းရှင်းစင်တာတွင် ယနေ့နံနက် ၁၀ နာရီက ကမ္ဘာ့အကြီးဆုံး စာအုပ်ဈေးရောင်းပွဲတော် (Big Bad Wolf Book Sale Mandalay 2019) ဖွင့်ပွဲအခမ်းအနားကို ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်နှင့် အစိုးရအဖွဲ့ဝင်များ၊ စာပေနယ်ပယ်အသီးသီးမှ စာရေးဆရာများ၊ စာပေဝါသနာရှင်များ တက်ရောက်ခဲ့ကြသည်။**



**တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာ ဇော်မြင့်မောင် ကမ္ဘာ့အကြီးဆုံးစာအုပ်ဈေးရောင်းပွဲတော် ဖွင့်ပွဲအခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။**

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က မန္တလေးမြို့တွင် ယခုကဲ့သို့ စာအုပ်ဈေးရောင်းပွဲတော်ကြီး ကျင်းပနိုင်ခြင်း အပေါ် မုဒိတာစကား ပြောကြားသည်။ ဆက်လက်ပြီး မန္တလေးမြို့တွင် စာအုပ်ဈေးရောင်းပွဲတော်ကြီး ဖြစ်မြောက်ရေး စီစဉ်သူ Read 2 Read (Myanmar) မှ ဒါရိုက်တာဦးမျိုးအောင်၊ Big Bad Wolf Books မှ Group Head of Marketing, Dipak Madhavan တို့က စာအုပ်ဈေးရောင်းပွဲတော်ကြီးနှင့် ပတ်သက်သည့် အကြောင်းအရာများကို ရှင်းလင်းပြောကြားပြီး ပွဲတော်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။ ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့တို့သည် စာအုပ်ဈေးရောင်းပွဲတော်ကြီး အတွင်း ခင်းကျင်းပြသထားမှုများကို လှည့်လည်ကြည့်ရှုသည်။

ဖွင့်ပွဲကျင်းပသည့် ယနေ့တွင် VIP နေ့အဖြစ် သတ်မှတ်ပြီး စာအုပ်များ လက်ဆောင်ပေးခြင်း၊ အွန်လိုင်းမှ တစ်ဆင့် ကံစမ်းမဲပေါက်သူများကို အထူးအခွင့်အရေးတစ်ရပ်အနေဖြင့် စာအုပ်များ ရောင်းချပေးခြင်းများ ပြုလုပ်ခဲ့ကြောင်း တွေ့ရသည်။ အများပြည်သူများ ဝယ်ယူနိုင်ရန် မေ ၃၁ ရက်မှ ဇွန် ၁၀ ရက်အထိ ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။ ပွဲတော်တွင် စာအုပ်များကို ၅၀ ရာခိုင်နှုန်းမှ ၉၀ ရာခိုင်နှုန်းအထိ အထူးလျှော့ဈေးနှုန်း သတ်မှတ်ပြီး ရောင်းချပေးသွားမည် ဖြစ်သည်။

စာအုပ်ဈေးရောင်း ပွဲတော်ကြီးတွင် အင်္ဂလိပ်ဘာသာဖြင့် အဆင့်မြင့်စွာ ထုတ်လုပ်ထားသည့် ဂန္ထဝင်ဝတ္ထုများ၊ ခေတ်ပေါ်ဝတ္ထုများ၊ စိတ်ကူးယဉ်သိပ္ပံဝတ္ထုများ၊ ဟာသစာပေ၊ ကလေးများအတွက် ပုံပြင်နှင့် ရုပ်ပုံစာအုပ်များ၊ ပညာရပ်များအလိုက် လေ့လာရန် ပြုစုထားသည့် စာအုပ်များကို ရောင်းချပေးရန် ခင်းကျင်းပြသထားကြောင်း တွေ့ရသည်။

**သတင်းနှင့်ဓာတ်ပုံ -**
**တင်မောင် (မန်းကိုယ်ပွား)၊**
**အေးမြ (မန္တလေး)**

■ *ကျော်ဖုံးမှ*

ထင်သလောက် ခြေစွမ်းပြနိုင်ခြင်းမရှိဘဲ မိုးရွာသွန်းမှုကြောင့်လည်း ခက်ခက်ခဲခဲ ကစားခဲ့ရသည်။

မြန်မာ ယူ-၂၂ အသင်းသည် ပထမပိုင်းတွင် ဘုန်းသစ္စာမင်း၊ ကျော်သူထွန်း၊ ရဲမင်းသူ၊ ရဲရင့်အောင်၊ ဟိန်းဖြိုးဝင်း၊ လွင်မိုးအောင်၊ မြတ်ကောင်းခန့်၊ အောင်နိုင်ဝင်း၊ ကျော်မျိုးနိုင်၊ ဟိန်းထက်အောင်၊ ဝင်းနိုင်ထွန်းတို့ဖြင့် ပွဲထွက်ခဲ့သည်။

ပိုဟန်စတီးလားစ်အသင်းသည် ပထမခြေစမ်းပွဲတွင် ရောဝတီကို အနိုင်ယူခဲ့သည့် ပွဲထွက်လူစာရင်းကို အနည်းငယ်သာပြောင်းလဲခဲ့ပြီး ပွဲအစတွင် တိုက်စစ်ဖွင့်ကစားခဲ့သည်။ သို့သော် မြန်မာ ယူ-၂၂ အသင်းက ပိုဟန်စတီးလားစ်အသင်းတိုက်စစ်ကို ထိန်းချုပ်နိုင်ခဲ့ပြီး ၂၃ မိနစ်တွင် အောင်နိုင်ဝင်း၏ အဝေးကန်ချက်ဖြင့် ဂိုးစရခဲ့သည်။ ယင်းဂိုးမှာ ပိုဟန်စတီးလားစ်အသင်းဂိုးသမား ကာကွယ်သော်လည်း လက်မှလွတ်ပြီး ဂိုးဝင်ခဲ့ခြင်းဖြစ်သည်။ ယင်းနောက်ပိုင်းတွင် မြန်မာ ယူ-၂၂ အသင်းက ပွဲကိုထိန်းချုပ်ကစားနိုင်ခဲ့ပြီး ၃၇ မိနစ်တွင် ဟိန်းထက်အောင်၏ ဖန်တီးပေးမှုကို ဝင်းနိုင်ထွန်းက ပိတ်သွင်းယူခဲ့၍ ဒုတိယဂိုးရခဲ့သည်။ ဒုတိယပိုင်းတွင် မြန်မာအသင်းက ကစားသမားအားလုံးလဲလှယ်ခဲ့သည်။ ဒုတိယပိုင်းတွင် ပိုဟန်စတီးလားစ်အသင်းက ချေပဂိုးရရန် ကြိုးစားခဲ့သော်လည်း မြန်မာခံစစ် အမှားမရှိသောကြောင့် ဂိုးရရန် ရုန်းကန်ခဲ့ရသည်။ ၇၃ မိနစ်တွင် မြန်မာ ယူ-၂၂ အသင်း တတိယဂိုးရခဲ့ပြီး ကောင်းထက်စိုးက သွင်းယူခဲ့ခြင်းဖြစ်သည်။ ပိုဟန်စတီးလားစ်အသင်းအတွက် ချေပဂိုးကို ၇၅ မိနစ်တွင် ကင်ဒေါ်ဘင်က သွင်းယူခဲ့သည်။

မြန်မာ ယူ-၂၂ အသင်းသည် ဇွန် ၇ ရက်တွင် ကစားမည့် ဗီယက်နမ် ယူ-၂၂ အသင်းနှင့် ခြေစမ်းပွဲအတွက် ပြင်ဆင်နေခြင်းဖြစ်ပြီး ယင်းပွဲမတိုင်မီ ရလဒ်ကောင်း ရယူနိုင်ခဲ့ခြင်းဖြစ်သည်။ တောင်ကိုရီးယားကလပ် ပိုဟန်စတီးလားစ်အသင်းသည် မြန်မာနိုင်ငံခရီးစဉ်တွင် တစ်ပွဲနိုင်၊ တစ်ပွဲရှုံးခဲ့သည်။

**ညီမြတ်သော်တာ**




## ဒို့ကျေးရွာဂျာနယ် အတွဲ(၁၆)၊ အမှတ်(၁၁) ထုတ်ဝေဖြန့်ချိ

**နေပြည်တော် မေ ၃၀**

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီစဉ်ထုတ်ဝေလျက်ရှိသည့် ဒို့ကျေးရွာဂျာနယ် အတွဲ (၁၆)၊ အမှတ် (၁၁) ကို ၂၀၁၉ ခုနှစ် ဇွန် ၁ ရက်တွင် ထုတ်ဝေဖြန့်ချိလိုက်ပြီ ဖြစ်သည်။

ယခုအပတ် ဒို့ကျေးရွာဂျာနယ်တွင် **"မြန်မာ့ကန်ထရိုက်လယ်ယာစနစ်နှင့် မျိုးစေ့ထုတ်လုပ်ငန်းများ၏ စိန်ခေါ်မှုများ (ဆောင်းပါး)၊ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လူထုအခြေပြုလေ့လာမှုစခန်း (အင်တာဗျူး)၊ တောင်သူများအား မိုးသီးနှံမျိုးစေ့များ ထောက်ပံ့ကူညီ၊ ဝက်မွေးမြူရေး ဖွံ့ဖြိုးတိုးတက်စေရန် လိုက်နာရမည့် အချက်များ (ဆောင်းပါး)၊ အရိုးပွခြင်းနှင့် ခန္ဓာကိုယ်သန်စွမ်းမှု (ဆောင်းပါး)၊ ကျောင်းဖွင့်ချိန် အနာဂတ်ရင်သွေးငယ်များ၏ ပုံရိပ်ပန်းချီများ၊ ဆရာကြီး လယ်တွင်းသားစောချစ်၏ 'ဒုတိယအရွယ်' အခန်းဆက်ဝတ္ထုရှည်"** အပါအဝင်၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျန်းမာရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ သုတ/ရသ ဆောင်းပါး၊ ကဗျာ၊ ဝတ္ထု၊ ကာတွန်း၊ ကျေးလက်ဟာသများ၊ အနုပညာ၊ အားကစား၊ နိုင်ငံတကာသတင်း၊ မှုခင်းသတင်းများနှင့် မိုးလေဝသသတင်းများကို စုံလင်စွာ ဖော်ပြထားသည်။

ဒို့ကျေးရွာဂျာနယ်ကို တစ်စောင်လျှင် ကျပ် ၂၀၀ နှုန်းဖြင့် အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများတွင် ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## MFF Open Cup ဖူဆယ်ပြိုင်ပွဲ ရှုံးထွက်ပွဲစဉ်များ ကျင်းပပြီးစီး

**ရန်ကုန် မေ ၃၀**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၁၉ MFF Open Cup ဖူဆယ်ပြိုင်ပွဲ ရှုံးထွက်အဆင့် (ဒုတိယနေ့) ကို ယနေ့ နံနက်ပိုင်းမှစ၍ အမျိုးသားအားကစားပြိုင်ပွဲရုံ-၁ သုဝဏ္ဏ၌ ကျင်းပရာ VUC အသင်း၊ GV Athletic အသင်း၊ MIU Legend အသင်းနှင့် Winner Futsal အသင်းတို့ ကွာတားဖိုင်နယ် တက်ရောက်ခဲ့သည်။

ဒုတိယနေ့တွင် Winner Futsal အသင်းက Winner အသင်းကို ခုနစ်ဂိုး-ခြောက်ဂိုး၊ GV Athletic အသင်းက Do Do Ko Ko အသင်းကို ၁၈ ဂိုး-တစ်ဂိုး၊ MIU Legend အသင်းက Team Tiger အသင်းကို ၁၁ဂိုး-ဂိုးမရှိ၊ VUC အသင်းက RDZ အသင်းကို ၁၆ ဂိုး-သုံးဂိုးဖြင့် နိုင်ခဲ့သည်။ ကွာတားဖိုင်နယ်ပွဲစဉ်များကို ဇွန် ၁ ရက်တွင် ကျင်းပမည်ဖြစ်ပြီး MIU Legend အသင်းနှင့် GV Athletic အသင်း၊ Winner Futsal အသင်းနှင့် VUC အသင်း၊ လက်ရှိချန်ပီယံ MIU အသင်းနှင့် ON Doctor အသင်း၊ ရွှေမြဝတီအသင်းနှင့် မြို့မ YTD အသင်းတို့ တွေ့ဆုံနေသည်။ ကွာတားဖိုင်နယ်ပွဲစဉ်များကို ဇွန် ၁ ရက် နံနက် ၈ နာရီခွဲမှစ၍ အမျိုးသားအားကစားပြိုင်ပွဲရုံ-၁ သုဝဏ္ဏ၌ ကျင်းပမည်ဖြစ်သည်။ ဆီမီးဖိုင်နယ်ပွဲစဉ်များကို ဇွန် ၃ ရက်၊ ဗိုလ်လုပွဲနှင့် တတိယနေရာလုပွဲကို ဇွန် ၅ ရက်တွင် ကျင်းပမည်ဖြစ်သည်။ **ရဲရင့်ရှိန်း**

# ယူအီးအက်ဖ်အေ ယူရိုပါလိဂ် ချယ်လ်ဆီးတို့ အာဆင်နယ်ကို ဂိုးပြတ်အနိုင်ယူပြီး ဖလားဆွတ်ခူး

**ယူအီးအက်ဖ်အေ ယူရိုပါလိဂ်ဗိုလ်လုပွဲကို မေ ၃၀ရက် နံနက်ပိုင်းက အဇာဘိုင်ဂျန် ဘာကူမြို့၌ ချယ်လ်ဆီးနှင့် အာဆင်နယ်တို့ ယှဉ်ပြိုင်ကစားခဲ့ရာ ချယ်လ်ဆီးအသင်းက လေးဂိုး-တစ်ဂိုးဖြင့် ဂိုးပြတ်အနိုင်ရရှိပြီး ယူရိုပါလိဂ်ဖလားကို နှစ်ကြိမ်မြောက် ဆွတ်ခူးခဲ့သည်။**

လန်ဒန်မြို့ခံပြိုင်ဘက်နှစ်သင်းတွေ့ဆုံသည့် ယင်းပွဲတွင် ချယ်လ်ဆီးအသင်းသည် ၄-၃-၃ ကစားကွက်ဖြင့် တိုက်စစ်ပိုင်း၌ ပက်ဒရို၊ ဂျီရုဒ်နှင့် ဟာဇတ်တို့ ပါဝင်ခဲ့ပြီး အာဆင်နယ်အသင်းသည် ၃-၄-၁-၂ ကစားကွက်ဖြင့် တိုက်စစ်တွင် အူဘာမီယန်နှင့် လာကာဇက်တီတို့ ပွဲထွက်လာသည်။ ပထမပိုင်းတွင် နှစ်သင်းစလုံး ဂိုးမသွင်းနိုင်ခဲ့ဘဲ အာဆင်နယ်က ကစားကွက်အသာဖြင့် ဦးဆောင်ခဲ့ပြီး ဒုတိယပိုင်းတွင် ချယ်လ်ဆီးအသင်း ကစားကွက်ပိုကောင်းမွန်ခဲ့ရာ ပွဲချိန် ၄၉ မိနစ်တွင် အီမာဆန်၏ ဖြတ်တင်ဘောကို ဂျီရုဒ်က ခေါင်းတိုက်သွင်းယူကာ ချယ်လ်ဆီးအသင်း ဦးဆောင်ဂိုး ရရှိခဲ့သည်။

### ဂိုးပြတ်ရှုံးနိမ့်

ပွဲချိန် မိနစ် ၆၀ တွင် ပက်ဒရိုက ချယ်လ်ဆီးအတွက် ဒုတိယဂိုး သွင်းယူခဲ့ပြီး ၆၅ မိနစ်တွင် ချယ်လ်ဆီးအသင်း ပယ်နယ်တီကန်ခွင့်ရကာ ဟာဇတ်က တတိယဂိုးအဖြစ် ပြောင်းလဲနိုင်ခဲ့သည်။ အာဆင်နယ်နည်းပြ အမ်မရီသည် ကစားသမား အပြောင်းအလဲပြုလုပ်ခဲ့ပြီး ချေပဂိုးရရန် ပြန်လည်တိုက်စစ်ဆင်ခဲ့ရာ ပွဲချိန် ၆၉ မိနစ်တွင် လူစားဝင်လာသော အိုင်ဝိုဘီက ၁၈ ကိုက်အစပ်မှ ကန်သွင်းယူကာ အာဆင်နယ်အတွက် တစ်လုံးတည်းသော ချေပဂိုး တစ်ဂိုးရရှိခဲ့သည်။ ချယ်လ်ဆီးအတွက် အနိုင်သေချာမည့် ဂိုးကို ပွဲချိန် ၇၂ မိနစ်တွင် ဂျီရုဒ်၏ ဖန်တီးမှုမှတစ်ဆင့် ဟာဇတ်က သွင်းယူပေးခဲ့သည်။ ပွဲပြီးချိန်တွင် အာဆင်နယ်အသင်း လေးဂိုး-တစ်ဂိုးဖြင့် ဂိုးပြတ်ရှုံးနိမ့်ခဲ့ရပြီး ဂိုးသမား ပီတာဆက်ချ်၏ နောက်ဆုံးပွဲသည်လည်း အဆုံးသတ်မလှခဲ့ပေ။

### ရှုံးပွဲမရှိ ဗိုလ်စွဲ

ချယ်လ်ဆီးအသင်းသည် ယူရိုပါလိဂ်ဖလားကို ၂၀၁၂-၁၃ တွင် ပေါ်တူဂီကလပ် ဘင်ဖီကာကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိကာ ပထမအကြိမ် ဖလားရရှိခဲ့ပြီး ယခုနှစ်ရာသီမှာ ဒုတိယအကြိမ်မြောက် ရရှိခဲ့ခြင်းဖြစ်သည်။ ချယ်လ်ဆီးအသင်းသည် ယခုနှစ်ရာသီ ယူရိုပါလိဂ်ဖလားကို ပွဲစဉ်တစ်လျှောက် ရှုံးပွဲမရှိဘဲ ဗိုလ်စွဲခဲ့ခြင်းဖြစ်သည်။

### ဗိုလ်လုပွဲသို့ အာဆင်နယ်ဒုတိယအကြိမ်တက်ရောက်

အာဆင်နယ်အသင်းသည် ယူရိုပါလိဂ် ဗိုလ်လုပွဲကို နှစ်ကြိမ်တက်ရောက်ခဲ့ရာ ၂၀၀၀ ပြည့်နှစ်တွင် ပထမဆုံးအကြိမ်တက်ရောက်ခဲ့ပြီး ဂါလာတာစာရေးနှင့် တွေ့ဆုံကာ ပယ်နယ်တီ အဆုံးအဖြတ်ဖြင့် ရှုံးနိမ့်ခဲ့သည်။ ယူအီးအက်ဖ်အေ ယူရိုပါလိဂ်ပြိုင်ပွဲကြီးတွင် ဆီဗီလာအသင်းသည် ဖလားငါးကြိမ်ရရှိထားသည့် အအောင်မြင်ဆုံးအသင်းဖြစ်ပြီး အင်္ဂလန်ကလပ် လီဗာပူးအသင်းသည် ဖလားသုံးကြိမ်ဖြင့် ဒုတိယနေရာတွင် ရပ်တည်နေသည်။




**ယူရိုပါလိဂ်ဖလား ဆွတ်ခူးခဲ့သည့် ချယ်လ်ဆီးအသင်းသားများ ပျော်ရွှင်စွာ အောင်ပွဲခံစဉ်။**

**သီဟ**

# အင်းစိန်မြို့နယ်နှင့် ရွှေပြည်သာမြို့နယ်အတွင်း ဆိုင်ကယ်ခိုးမှုကျူးလွန်သူအား ဖမ်းဆီးရမိ

**ရန်ကုန် မေ ၃၀**

ရန်ကုန်မြောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူးရုံး၊ မှုခင်းနှိမ်နင်းရေးဌာနစုမှ တပ်ဖွဲ့ဝင်များသည် မေ ၂၆ ရက် ညနေ ၄ နာရီခန့်က ရွှေပြည်သာမြို့နယ်အတွင်း မှုခင်းကျဆင်းရေးတာဝန်များ ဆောင်ရွက်နေစဉ် ထက်မြက်အောင်(ခ)ဝေယံ(ခ)နောင်နောင်အား ဆိုင်ကယ်တစ်စီးနှင့်အတူ မသင်္ကာဖွယ်တွေ့ရှိရသဖြင့် ခေါ်ယူစစ်မေးရာ ပိုင်ဆိုင်ကြောင်းအထောက်အထားမပြနိုင်သဖြင့် ဖမ်းဆီးထိန်းသိမ်းခဲ့သည်။

ထက်မြက်အောင်(ခ) ဝေယံ(ခ) နောင်နောင်အား အခြားပြစ်မှုများ ကျူးလွန်ခဲ့ခြင်း ရှိ၊ မရှိ အသေးစိတ်စစ်ဆေးခဲ့ရာ ၎င်းသည် ဧပြီလအတွင်းက ရွှေပြည်သာမြို့နယ်နှင့် အင်းစိန်မြို့နယ်အတွင်း ရပ်ကွက်များ၌ စုစုပေါင်း ဆိုင်ကယ် ၁၉ စီး ခိုးယူခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။

စစ်ဆေး ပေါ်ပေါက်ချက်အရ သက်သေခံပစ္စည်းများကို ပြန်လည်သိမ်းဆည်းပြီး ပြစ်မှုကျူးလွန်သူ ထက်မြက်အောင်(ခ)ဝေယံ(ခ)နောင်နောင်အား ဥပဒေနှင့်အညီ အမြန်ဆုံးတရားစွဲတင်ပို့နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **ရဲပြန်ကြား**



ပြစ်မှုကျူးလွန်သူ ထက်မြက်အောင်(ခ)ဝေယံ(ခ)နောင်နောင်။

# တာချီလိတ်၌ ဆိုင်ကယ်နှင့် ကားတိုက် နှစ်ဦးသေဆုံး

**တာချီလိတ် မေ ၃၀**

တာချီလိတ်မြို့ ဆန်ဆိုင်း(က)ရပ်ကွက် ဗိုလ်ချုပ်လမ်းမပေါ်၌ မေ ၂၈ ရက် ညပိုင်းက ဆိုင်ကယ်နှင့် ကားမျက်နှာချင်းဆိုင်တိုက်မိကာ ဆိုင်ကယ်မောင်းနှင်သူနှင့် နောက်မှစီးနင်းသူတို့ အခင်းဖြစ်နေရာတွင် သေဆုံးသွားသည်။

တာချီလိတ်မြို့ ဆန်ဆိုင်း(က)ရပ်ကွက် ထိုင်ဆွန်ရွှေဆိုင်အနီး ဗိုလ်ချုပ်လမ်းမပေါ်တွင် မေ ၂၈ ရက် ည ၁၀ နာရီခွဲခန့်က အားကစားရုံလမ်းဆုံ မီးပွိုင့်ဘက်မှ ပုံလို့လမ်းဆုံဘက်သို့ (စုံစမ်းဆဲ) မော်တော်ယာဉ်မှာ အရှိန်မထိန်းနိုင်ဘဲ တစ်ဖက်ယာဉ်ကြောသို့ ရောက်ရှိကာ အားကစားရုံလမ်းဆုံ မီးပွိုင့်ဘက်သို့ မကာဟိုခမ်းရပ်ကွက်နေသူ အောင်ဇော်မင်း (၃၆ နှစ်)နှင့် ဇနီးဖြစ်သူ မမြင့်မြင့်အေး (၃၆ နှစ်) လိုက်ပါလာသော ဆိုင်ကယ်ကို ဝင်ရောက်တိုက်မိပြီး မောင်းနှင်ထွက်ပြေးသွားသည်။ ယာဉ်တိုက်မှုကြောင့် ဆိုင်ကယ်မောင်းနှင်သူ အောင်ဇော်မင်းနှင့် လိုက်ပါစီးနင်းသူ မမြင့်မြင့်အေးတို့တွင် ဒဏ်ရာများရရှိကာ အခင်းဖြစ်နေရာ၌ သေဆုံးသွားခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ မော်တော်ယာဉ်မောင်းကို ဖမ်းဆီးရမိရေးအတွက် တာချီလိတ်မြို့မရဲစခန်းက အမှုဖွင့်ဆောင်ရွက်ထားကြောင်း သိရသည်။ **မြင့်မိုရ်(တာချီလိတ်)**

# ဆိုင်ကယ်နှင့်ကားပွတ်တိုက်မိပြီး ဆိုင်ကယ်မောင်းသူ သေဆုံး

**မြင်းမူ မေ ၃၀**

မြင်းမူမြို့နယ် ခြေရာတော်ကျေးရွာအနီး မြောင်မြို့ မြောင်လမ်းခွဲဘက်တွင် မေ ၂၉ ရက် နံနက် ၂ နာရီ ၁၅ မိနစ်က ယာဉ်တိုက်မှုဖြစ်ပွားသည်။

ဖြစ်စဉ်မှာ မန္တလေးဘက်မှ မခိုင်ခိုင် (၂၄နှစ်) မဟာအောင်မြေမြို့နယ် ပေပင်တိုက်တန်းနေသူ မောင်းနှင်ပြီး နောက်မှ ခင်ပွန်းဖြစ်သူ ကိုကျော်ထက်အောင်၊ သားနှင့်သမီးတို့ လိုက်ပါသည့် ၃၇ယ/----- ဆိုင်ကယ်နှင့် မြောင်မြို့ဘက်မှလာသည့် ယာဉ်တစ်စီးတို့ ပွတ်တိုက်မိပြီး ဆိုင်ကယ်မောင်းသူမှာ အခင်းဖြစ်နေရာတွင် သေဆုံးသွားပြီး နောက်မှလိုက်ပါသူများ ဒဏ်ရာများရရှိခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ မြင်းမူမြို့မရဲစခန်းက ဆိုင်ကယ်မောင်းနှင်သူ မခိုင်ခိုင်နှင့် ထွက်ပြေးတိမ်းရှောင်သွားသော မော်တော်ယာဉ်မောင်း(စုံစမ်းဆဲ)တို့ကို အမှုဖွင့်ထားကြောင်း သိရသည်။ **၀၇၇**

# မြန်မာ့ရုပ်မြင်သံကြား

**၃၁-၅-၂၀၁၉ (သောကြာနေ့)**

**နံနက်ပိုင်း**

- ၆း၀၀ - တောင်တန်းသာသနာပြုဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၀၀ - Breakfast News
- ၇း၃၅ - အပူဒဏ်ကြောင့် ကျန်းမာရေးပြဿနာ
- ၇း၄၀ - MRTV Travelogue
- ၁၀း၃၀ - မုန်တိုင်းအတွက် ဘာတွေပြင်ဆင်နိုင်မလဲ
- ၁၀း၃၅ - "ရခိုင်ပြည်နယ် ပြန်လည်ထူထောင်ရန်အတွက် ကဏ္ဍအသီးသီးမှ ဆောင်ရွက်ချက်များ"(၁၀၄)
- ၁၂း၃၅ - မြန်မာဇာတ်လမ်းတွဲ "သူ" (အပိုင်း-၁၇)
- ၁၄း၂၀ - မှတ်မှတ်ထင်ထင် မြန်မာ့ရုပ်ရှင် (အပိုင်း-၃) ဒါရိုက်တာ-ကြည်စိုးထွန်း၊ အရှည်ကြီးမျိုးမင်းဦး

**ညပိုင်း**

- ၁၆း၂၀ - အသက်အန္တရာယ်ကင်းစေဖို့ ယာဉ်မောင်းနှင်စဉ် ဖုန်းသုံးစွဲမှုရှောင်ရှားစို့
- ၁၇း၀၅ - ကျန်းမာရေးမဂ္ဂဇင်း "ဆေးလိပ်သောက်ခြင်းကြောင့် ဖြစ်ပွားတတ်သော ရောဂါများ"
- ၁၈း၂၅ - BBC Click
- ၁၈း၃၅ - သုံးသပ်ရှုမြင်မြန်မာ့ရုပ်ရှင် "ရင်ခွင်တံခါးခေါက်၍ နှလုံးသားပေါ် ဖြတ်လျှောက်သွားတဲ့ ညှော့သည်" +"စရိုက်"
- ၁၈း၅၅ - ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရန်
- ၁၉း၂၀ - မြန်မာဇာတ်လမ်းတွဲ "သူ" (အပိုင်း-၁၈) ပြေဇင်၊ ဖူးစုံ၊ မင်းသူ၊ ရဲမွန်၊ သဇင်၊ (ဒါရိုက်တာ-ဘိုသန့်)
- ၂၀း၀၀ - ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၀း၃၅ - နိုင်ငံခြားဇာတ်လမ်းတွဲ "ကိုယ့်ဘဝရဲ့လင်းရောင်ခြည်" (အပိုင်း-၂၉)
- - ပြည်သူ့နီတိ "နှုတ်ချိုလျှိုတစ်ပါး"

# ကလောမြို့နယ်၌ မီးလောင်မှုဖြစ်ပွား၊ နှစ်ဦးသေဆုံး လေးဦးဒဏ်ရာရ

**ကလော မေ ၃၀**

ရှမ်းပြည်နယ်တောင်ပိုင်း ကလောမြို့ အမှတ်(၅)ရပ်ကွက်ရှိ နတ်စင်လမ်းတွင် မေ ၂၉ ရက် ည ၇ နာရီ မိနစ် ၂၀ ခန့်တွင် ဒေါ်စန်းစန်းဝင်းနေအိမ်၌ မီးလောင်မှုဖြစ်ပွားခဲ့ရာ နှစ်ဦးသေဆုံးပြီး လေးဦးဒဏ်ရာရရှိကြောင်း သိရသည်။

အိမ်ပိုင်ရှင် ဒေါ်စန်းစန်းဝင်း(၅၀နှစ်)၏ နေအိမ်တွင်မြေးတော်စပ်သူ မစိုးမြတ်နိုးဝတီက လျှပ်စစ်ခြင်ရိုက်တံဖြင့် ဆော့ကစားနေစဉ် အနီးရှိ ဒေါ်စန်းစန်းဝင်းက သတိမထားမိဘဲ ဆိုင်ကယ်ကို ဓာတ်ဆီဖြည့်နေမှုကြောင့် ဆိုင်ကယ်ကို ကူးစက်၍ မီးစတင်လောင်ခဲ့သည်။ မီးလောင်မှုကြောင့် ဒေါ်စန်းစန်းဝင်းနှင့် နေအိမ်အလုပ်သမား မမေဇင်ဦး(၂၂နှစ်)တို့မှာ မီးလောင်ဒဏ်ရာများဖြင့် သေဆုံးခဲ့ပြီး ဦးဝေမြင့် (၃၁)နှစ်၊ ကိုငယ်လေး(၂၃နှစ်)၊ ကိုမျိုးထွေး (၃၂နှစ်)တို့မှာ မီးလောင် ဒဏ်ရာများ (မစိုးရိမ်ရ)ရရှိသဖြင့် မြို့နယ်ပြည်သူ့ဆေးရုံ၌ ဆေးကုသမှုခံယူလျက်ရှိသည်။

မီးလောင်မှုဖြစ်ပွားရာသို့ ကလောမြို့နယ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသန်းထိုက်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူး လုနိုင် ဦးစီး၍ ကလောတပ်နယ်မှ အရာရှိစစ်သည်များ၊ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးသန့်ဇော်နှင့် ပြည်သူများပူးပေါင်း၍ မီးသတ်ယာဉ်ငါးစီး၊ ရေသယ်ယာဉ်လေးစီး ဝိုင်းဝန်းမီးငြိမ်းသတ်ခဲ့ရာ ည ၈ နာရီ မိနစ် ၂၀တွင် မီးထိန်းနိုင်ခဲ့ပြီး ၈ နာရီခွဲတွင် မီးငြိမ်းသတ်နိုင်ခဲ့သည်။ မီးလောင်မှုကြောင့် မြေစိုက်နေအိမ်နှင့် ကားတစ်စီး၊ ဆိုင်ကယ်လေးစီး ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ကလောမြို့နယ်ရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**



မီးလောင်မှုဖြစ်ပွားနေသည်ကို တွေ့ရစဉ်။

# မိုးမောက်မြို့နယ် ကျောက်စခန်းစစ်ဆေးရေးဂိတ်၌ တရားမဝင်ကျောက်စိမ်းအရိုင်းတုံးများ သိမ်းဆည်းရမိ

**မိုးမောက် မေ ၃၀**

ကချင်ပြည်နယ် မိုးမောက်မြို့နယ် ကျောက်စခန်းစစ်ဆေးရေးဂိတ်၌ မေ ၂၉ ရက် နံနက်ပိုင်းက မော်တော်ယာဉ်ဖြင့် တရားမဝင်သယ်ဆောင်လာသည့် ကျောက်စိမ်းအရိုင်းတုံးများ သိမ်းဆည်းရမိခဲ့သည်။

မိုးမောက်မြို့နယ် ကျောက်စခန်းရဲကင်းမှူး ရဲအုပ်မောင်မောင်အေးနှင့် ပူးပေါင်းအဖွဲ့သည် မေ ၂၉ ရက် နံနက် ၇ နာရီခွဲက ယာဉ်အဝင်အထွက်များ စစ်ဆေးနေစဉ် မိုးမောက်ဘက်မှ ယာဉ်မောင်း ဇော်လင်းနိုင်(၃၈ နှစ်)မောင်းနှင်ပြီး နိုင်မျိုး(၂၈)နှစ်၊ ခိုင်ဦး(၅၁ နှစ်) စီးနင်းလိုက်ပါလာသည် YGN-2D/---- မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်တွင် သိုဝှက်၍ သယ်ဆောင်လာသည့် တရားမဝင်ကျောက်စိမ်းအရိုင်းတုံး အရွယ်စုံ ၄၂ တုံး (အလေးချိန် ၅၁ ပိဿာခန့်) အား သိမ်းဆည်းရမိခဲ့သည်။ တရားမဝင်ကျောက်စိမ်းအရိုင်းတုံးများ သယ်ဆောင်လာသူ ဇော်လင်းနိုင် အပါအဝင်သုံးဦးကို မိုးမောက်မြို့မရဲစခန်းတွင် ကျောက်မျက်ဥပဒေပုဒ်မဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **ဝင်းနိုင်(ကချင်မြေ)**

# ဖားဆောင်းမြို့နယ်တွင် မြစိမ်းရောင်စီမံကိန်းထောက်ပံ့ငွေရရှိမည်ဟုဆိုကာ ငွေကြေးလိမ်လည်မှုဖြစ်

**မယ်စဲ့ မေ ၃၀**

ကယားပြည်နယ် ဖားဆောင်းမြို့နယ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် မြစိမ်းရောင်ကျေးရွာစီမံကိန်းဝင် ကျေးရွာတစ်ရွာဖြစ်သည့် ဝမ်အောင်း(ကယား)ကျေးရွာတွင် နေထိုင်သူ ဦးစိုးသိန်းထံသို့ ဦးသိန်းထိုက်(ဒုတိယညွှန်ကြားရေးမှူး) စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန နေပြည်တော်မှဟု လိပ်စာပြောကြားကာ နိုင်ငံတော်က ငွေကျပ်သိန်း ၁၀၀ ထောက်ပံ့မည်ဖြစ်သဖြင့် ငွေထုတ်ယူရန်အတွက် ငွေငါးသိန်းအား မေ ၂၇ ရက် နောက်ဆုံးထား၍ ပေးသွင်းရမည်ဖြစ်သဖြင့် Wave Money ဖြင့် လွှဲပေးရန်ပြောကြားကာ ၎င်း၏ Password 333222 သို့ လွှဲပေးရန် ဖုန်းဆက်အကြောင်းကြားလာရာ အဆိုပါတောင်းခံငွေကို ဦးစိုးသိန်းက လွှဲပေးခဲ့သည့် ငွေကြေးလိမ်လည်မှုဖြစ်ပွားခဲ့သည်။

အဆိုပါဖြစ်စဉ်ကဲ့သို့ ဖြစ်ရပ်များ ထပ်မံဖြစ်ပွားခြင်းမရှိစေရန် ဘောလခဲခရိုင်အတွင်းရှိ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနများ အနေဖြင့် ဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် မြစိမ်းရောင်ကျေးရွာစီမံကိန်း၊ VDP စီမံကိန်း၊ လူထုဗဟိုပြုစီမံကိန်းတို့ကို အကြောင်းပြ၍ ငွေကြေးလိမ်လည်မှုများ မဖြစ်ပွားစေရေး ကျေးရွာများသို့ အသိပေးချပြခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ဝတ်ရည်(မယ်စဲ့)**

# နတ်တလင်း-တာပွန် ကားလမ်းဘေးတွင် အလောင်းတစ်လောင်းတွေ့ရှိ

**နတ်တလင်း မေ ၃၀**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ် ပွတ်စုကျေးရွာအုပ်စု ကုလားရွာအနီး နတ်တလင်း-တာပွန်ကားလမ်းမဘေးတွင် မေ ၂၈ ရက် ညနေပိုင်းက ပုပ်ပွနေသော လူသေအလောင်းတစ်လောင်း တွေ့ရှိရသည်။

နတ်တလင်းမြို့မရဲစခန်းမှ ဒုရဲမှူး အောင်ကျော်ကျော်နှင့်အဖွဲ့သည် သတင်းအရ သွားရောက်စစ်ဆေးရာ သေဆုံးသူမှာ ပြင်ပဒဏ်ရာမရှိဘဲ သေဆုံးနေခြင်းနှင့်ပတ်သက်၍ ဓမ္မတာအတိုင်းသေဆုံးခြင်း ဟုတ်မဟုတ် စစ်ဆေးလျက်ရှိပြီး သေဆုံးသူနှင့် ပတ်သက်၍ သိရှိနိုင်ရေးအတွက် အခင်းဖြစ်အရပ်နှင့် နီးစပ်ရာကျေးရွာများနှင့် ဆက်စပ်ရာမြို့နယ်များသို့ စုံစမ်းလျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# လေပြင်းတိုက်မှုကြောင့် မြို့နယ်များ၌ နေအိမ်အချို့ပျက်စီး

**နေပြည်တော်**

နေပြည်တော်မြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာတချို့တွင် မေ ၂၉ ရက်က လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ် ၁၇လုံး အမိုးလန်ပြိုကျပျက်စီးခဲ့သည်။

အဆိုပါလေပြင်းတိုက်ခတ်မှုကြောင့် အမှတ် (၁၆)ရပ်ကွက်တွင် နေအိမ်တစ်လုံး၊ အမှတ် (၁၂) ရပ်ကွက် တာကြီးတန်းရှိ နေအိမ်တစ်လုံး၊ နဲ့ကြိုးကျေးရွာတွင် နေအိမ်တစ်လုံး၊ ရေလဲကြီးကျေးရွာတွင် နေအိမ်ငါးလုံး၊ ပိုင်စွန်နန်ကျေးရွာတွင် နေအိမ်တစ်လုံး၊ ကျောင်းစုကျေးရွာတွင် နေအိမ်တစ်လုံး၊ တော်ကွဲကျေးရွာတွင် နေအိမ်တစ်လုံး အမိုးလန်ပျက်စီးခဲ့ပြီး ထီကွေ့ကျေးရွာတွင် နေအိမ်နှစ်လုံး၊ ကင်ပွန်းချောင်းကျေးရွာတွင် နေအိမ်လေးလုံး အမိုးလန်ပြိုကျပျက်စီးခဲ့သည်။

လေပြင်းတိုက်ခတ်မှုကြောင့် လူနှင့်တိရစ္ဆာန်ထိခိုက်ပျက်စီးမှုမရှိကြောင်းနှင့် လေဘေးသင့်သူများအား နီးစပ်ရာ ဆွေမျိုးများနေအိမ်တွင် ယာယီနေရာချထားပေးခဲ့ကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

**အောင်သူဟိဏ်း**
**(နေပြည်တော်)**

**မင်းတုန်း**

သရက်ခရိုင် မင်းတုန်းမြို့နယ်တွင် ယမန်နေ့ ညနေ ၄ နာရီခန့်မှ ၅ နာရီခွဲခန့်ထိ လေပြင်းတိုက်ခတ်၍ မြောက်ပြင်ကျေးရွာအုပ်စု ကံမနိုင်ကျေးရွာတွင် နေအိမ်နှစ်လုံး အမိုးလန်ပျက်စီးခဲ့သည်။ အဆိုပါလေပြင်းတိုက်ခတ်မှုကြောင့် လူနှင့်တိရစ္ဆာန်များ ထိခိုက်မှုမရှိကြောင်းနှင့် အမိုးလန်ပျက်စီးသွားသော နေအိမ်အား ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၏ အစီအစဉ်ဖြင့် အမြန်ပြန်လည်ပြုပြင်နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **ချင်းကလေး(မင်းတုန်း)**

# အမေရိကန်က စီးပွားရေးအကြမ်းဖက်မှုကို ပြောင်ပြောင်တင်းတင်း လုပ်ဆောင်နေသည်ဟု တရုတ်ပြောကြား

**ပေကျင်း မေ ၃၀**


အမေရိကန်သည် စီးပွားရေးအကြမ်းဖက်မှုကို ပြောင်ပြောင်တင်းတင်း လုပ်ဆောင်လျက်ရှိကြောင်း မေ ၃၀ ရက်တွင် တရုတ်ဒုတိယနိုင်ငံခြားရေးဝန်ကြီး ကျန်ဟန်ဟွီက ပြောကြားလိုက်ကြောင်း သိရသည်။

မကြာသေးမီက ကမ္ဘာ့စီးပွားရေး အင်အားကြီးနိုင်ငံနှစ်ခုဖြစ်သည့် အမေရိကန်နှင့် တရုတ်နိုင်ငံတို့အကြား ကုန်သွယ်ရေးဆွေးနွေးမှုများ သဘောတူညီမှုတစ်စုံတစ်ရာ မရရှိဘဲ ရပ်တန့်သွားခဲ့ပြီးနောက်တွင် နှစ်နိုင်ငံစီးပွားရေးဆိုင်ရာ သဘောထားကွဲလွဲမှုများ အရှိန်မြင့်လျက်ရှိသည်။ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ယခုလအစောပိုင်းတွင် အမေရိကန်ဒေါ်လာ ၂၀၀ ဘီလီယံ တန်ဖိုးခန့်ရှိသည့် တရုတ်ကုန်စည်များအပေါ် အခွန်တိုးမြှင့်ကောက်ခံလိုက်ပြီး တရုတ်နည်းပညာလုပ်ငန်းစုဖြစ်သည့် ဟွာဝေးကုမ္ပဏီကို အမည်ပျက်စာရင်းတွင် ထည့်သွင်းလိုက်သည်။

ကုန်သွယ်ရေးစစ်ပွဲကို မိမိတို့ မလိုလားသော်လည်း ယင်းစစ်ပွဲကို ကြောက်ရွံ့မှုမရှိကြောင်း တရုတ်ဒုတိယနိုင်ငံခြားရေးဝန်ကြီး ကျန်ဟန်ဟွီက သတင်းစာရှင်းလင်းပွဲတစ်ခုတွင် ပြောကြားခဲ့သည်။ စီးပွားရေးအရ အကြမ်းဖက်မှု၊ စီးပွားရေးဆိုင်ရာ ကိုယ်ကျိုးကြည့်မှုနှင့် စီးပွားရေးဆိုင်ရာ အနိုင်ကျင့်ဖိနှိပ်မှုများသည် ကုန်သွယ်ရေးပဋိပက္ခဖြစ်ပွားလာစေရန် လှုံ့ဆော်သည့် ကြိုတင်ကြံစည်ထားသော လုပ်ရပ်များဖြစ်ကြောင်း ၎င်းကပြောခဲ့သည်။

ထို့အပြင် ကျန်က တရုတ်နိုင်ငံအနေဖြင့် အရေးယူပိတ်ဆို့မှု၊ အခွန်တိုးကောက်ခံမှုနှင့် ကိုယ်ကျိုးစီးပွားကာကွယ်သည့် မူဝါဒများကို အကွက်ကျကျ အသုံးပြုနေခြင်းကို လက်မခံကြောင်းပြောကြားလိုက်ပြီး ကုန်သွယ်ရေးစစ်ပွဲတစ်ခုတွင် မည်သူကမှ အနိုင်မရကြောင်း သတိပေးခဲ့သည်။ တရုတ်နိုင်ငံသည် အမေရိကန်ဒေါ်လာ ၆၀ ဘီလီယံတန်ဖိုးခန့်ရှိသည့် အမေရိကန်ထုတ်ကုန်ပစ္စည်းများအပေါ်တွင် အခွန်တိုးမြှင့်ကောက်ခံမှု တုံ့ပြန်လုပ်ဆောင်ခဲ့ပြီး လာမည့်စနေနေ့တွင် အခွန်တိုးကောက်ခံမှု စတင်သက်ရောက်မည်ဖြစ်သည်။

**အေအက်ဖ်ပီ**



တရုတ် ဒုတိယနိုင်ငံခြားရေးဝန်ကြီး ကျန်ဟန်ဟွီ (ဝဲ) မေ ၃၀ ရက်က ပေကျင်းတွင် သတင်းစာရှင်းလင်းပွဲတစ်ခု ပြုလုပ်နေစဉ်။

# နေတန်ယာဟု အစိုးရမဖွဲ့နိုင်သည့်အတွက် ပါလီမန်ဖျက်သိမ်းကာ ရွေးကောက်ပွဲသစ် ကျင်းပမည်

**ဂျေရုဆလင် မေ ၃၀**

အစ္စရေးနိုင်ငံတွင် ပါလီမန်ဖျက်သိမ်းရန် လွှတ်တော်အမတ်များက မေ ၃၀ ရက်တွင် မဲခွဲဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

ဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုသည် ညွန့်ပေါင်းအစိုးရတစ်ရပ် ဖွဲ့စည်းရန်


အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟုကို တွေ့ရစဉ်။

ပျက်ပြားသွားပြီးနောက် ယခုလို ပါလီမန်ဖျက်သိမ်းဖို့ လွှတ်တော်အမတ်များက မဲခွဲဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

အစီအစဉ်အတိုင်း ဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုက ညွန့်ပေါင်းအစိုးရမဖွဲ့နိုင်သည့်အတွက် လွှတ်တော်ဖျက်သိမ်းပြီး ဒုတိယအကြိမ်မြောက် ရွေးကောက်ပွဲတစ်ခုကို စောစောစီးစီး ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

လွန်ခဲ့သည့် ဧပြီလ ၉ ရက်နေ့ ရွေးကောက်ပွဲအပြီးတွင် အနိုင်ရခဲ့ပြီးနောက် ညွန့်ပေါင်းအစိုးရသစ်တစ်ရပ်ဖွဲ့စည်းရန် နေတန်ယာဟုကို ဗုဒ္ဓဟူးနေ့ ညသန်းခေါင်ယံအထိ အချိန်ပေးခဲ့ပြီးနောက် ၎င်းအနေဖြင့် ညွန့်ပေါင်းအစိုးရတစ်ရပ်ဖွဲ့စည်းရန် မအောင်မမြင်ဖြစ်ပြီးနောက် ယခုလို ပြုလုပ်လိုက်ခြင်းဖြစ်သည်။

လွှတ်တော်၏ ဆုံးဖြတ်ချက်အပြီးတွင် နေတန်ယာဟုသည် ရွေးကောက်ပွဲအတွက် ထိထိရောက်ရောက် ပြင်ဆင်ပြီး မဲဆွယ်စည်းရုံးသွားမည်ဖြစ်ကြောင်း သိရသည်။ နေတန်ယာဟုက ၎င်းတို့ပါတီအနေဖြင့် အနိုင်ရလိမ့်မည်ဖြစ်ကြောင်း ပြတ်ပြတ်သားသားပြောကြားသည်။

အတိုက်အခံခေါင်းဆောင် ဘန်နီဂန့်စ်က နေတန်ယာဟုသည် တိုင်းပြည် ကောင်းကျိုးထက် ပါတီရှေ့ရေးကို ပိုမိုဂရုစိုက်ကြောင်း ဒေါသတကြီးဖြင့် စွပ်စွဲပြောကြားလိုက်သည်။

**အေအက်ဖ်ပီ**

# အီရန်နှင့် ကုန်သွယ်မှု ပြုလုပ်နေသည့် ဥရောပမဟာမိတ်များကို ပိတ်ဆို့မှု ပြုလုပ်မည်ဟု အမေရိကန်ခြိမ်းခြောက်

**ဝါရှင်တန် မေ ၃၀**

ဥရောပ မဟာမိတ်နိုင်ငံများသည် အီရန်နှင့် ကုန်သွယ်မှု ဆက်လက်ပြုလုပ်နိုင်ရန် ဘဏ္ဍာရေး အစီအစဉ်တစ်ခု ဆက်လက်လုပ်ဆောင်ပါက ယင်းနိုင်ငံများသည် အမေရိကန်၏ ပိတ်ဆို့မှုများနှင့် ရင်ဆိုင်ရလိမ့်မည်ဟု အမေရိကန်ဘက်မှ သတိပေးခဲ့ကြောင်း မီဒီယာများက ဗုဒ္ဓဟူးနေ့တွင် ဖော်ပြကြသည်။

ဗြိတိန်၊ ပြင်သစ်၊ ဂျာမနီ တို့သည် ပြီးခဲ့သည့် ဇန်နဝါရီလအတွင်း ကုန်သွယ်မှုအထောက်အကူပြုရေး လုပ်ငန်းစဉ် (INSTEX) ကို ဖန်တီးရန် ကြေညာထားခဲ့ရာ ယင်းအစီအစဉ်သည် အီရန်နှင့် ကုန်သွယ်မှု ပြုလုပ်နိုင်မည့် အစီအစဉ်သစ်တစ်ခုလည်းဖြစ်သည်။

ဥရောပသမဂ္ဂ ထိပ်တန်းသံတမန်တစ်ဦးဖြစ်သူ ဖီဒရီကာမိုဟီရီနီကလည်း ယခုလအစောပိုင်းတွင် ပြင်သစ် ၊ဂျာမနီ၊ ဗြိတိန်တို့မှ နိုင်ငံခြားရေးဝန်ကြီးများနှင့်တွေ့ဆုံကာ အမေရိကန်၏ပိတ်ဆို့မှုများကို ရှောင်ရှားနိုင်မည့် နည်းလမ်းများ၊ အီရန်နှင့် ကုန်သွယ်မှု ဆောင်ရွက်နိုင်မည့် နည်းလမ်းများကို ဆွေးနွေးခဲ့သည်။

အီရန် နျူကလီးယားစာချုပ်နှင့် ပတ်သက်ပြီး အမေရိကန်နှင့် ဥရောပမဟာမိတ်နိုင်ငံများသည် အချင်းချင်း မပြေမလည် ဖြစ်ခဲ့ရသည်။ အီရန်နိုင်ငံဘက်ကလည်း နျူကလီးယားစာချုပ်တွင် ပါဝင်လက်မှတ်ထိုးခဲ့သည့် နိုင်ငံများကို နိုင်ငံရေးအရ ကူညီသည်ထက် ပို၍ ကူညီပေးကြရန်တိုက်တွန်းခဲ့သည်။

**ဆင်ဟွာ**

# အိန္ဒိယတွင် အရက်တုသောက်သုံးမှုကြောင့် ၁၇ ဦးသေဆုံးပြီး ၄၀ကျော် ဆေးရုံတက်ကုသ

**နယူးဒေလီ မေ ၃၀**

အိန္ဒိယနိုင်ငံမြောက်ပိုင်း ဥတ္တရာပရာဒေ့ရှ်ပြည်နယ်တွင် အရက်တုသောက်သုံးမှုကြောင့် ဆေးရုံနှစ်ရုံတွင်လူ ၄၄ ဦးတက်ရောက် ကုသနေရပြီး ၁၇ ဦးသေဆုံးခဲ့ရကြောင်း သိရသည်။

အစောပိုင်းတွင် သေဆုံးသူမှာ ၁၂ ဦးဖြစ်ပြီး လက်ခ်နောင်း ဆေးရုံတွင် အရေးပေါ်ကုသမှုခံယူနေရသူ နှစ်ဦး ထပ်မံသေဆုံးသွားသည့်အတွက် သေဆုံးသူတိုးလာခဲ့ကြောင်းဘရာဘန်ကီ ခရိုင်တရားသူကြီး အူဒိုင်း ဘာဟန်နူ ထရီပတ်သီက ဆင်ဟွာသို့ ပြောသည်။ အဆိုပါနှစ်ဦးအပြင် ဆေးရုံတွင် လူသုံးဦးသေဆုံးခဲ့ပြီး ၎င်းတို့၏ဆွေမျိုးများက ၎င်းတို့မှာ အရက်တုသောက်သုံးမှုကြောင့် ယခုလို ဖြစ်ရခြင်းဖြစ်ကြောင်း ပြောသည်။

ယခုအခါ ယင်းဖြစ်ရပ်နှင့်ပတ်သက်၍ ရဲများက စုံစမ်းစစ်ဆေးနေကြပြီး မကြာမီအချိန်တွင် ဖြစ်ရပ်မှန်ကို သိရတော့မည်ဟု ၎င်းကဆက်ပြောသည်။ အရက်တုသောက်သုံးမှုကြောင့် ဘာရာကန်နီနှင့် လက်ခ် နောင်းဆေးရုံတို့တွင် တက်ရောက်ကုသနေသူ လူနာ ၄၄ ဦး ရှိကြောင်း ခရိုင်တရားသူကြီးကပြောသည်။ အရက်တုသောက်သုံးမိသူများသည် ဥတ္တရာပရာဒေ့ရှ် ပြည်နယ် မြို့တော် လက်ခ်နောင်းမြို့မှ ၅၈ ကီလိုမီတာအကွာရှိ ဘာရာဘန်ကီခရိုင် ရာနီဂန်ဒေသရှိ တရားဝင် ဖွင့်လှစ်ထားသည့်ဆိုင်မှ ပြည်တွင်းဖြစ်အရက်များကို ဝယ်ယူခဲ့ခြင်းဖြစ်ပြီး ယင်းအရက်ကို သောက်သုံးပြီးနောက် ရွာသားများသည် အမြင်အာရုံ ဆုံးရှုံးခြင်း၊ ပျို့အန်ခြင်းများဖြစ်ပေါ်ခဲ့ကြောင်း၊ အသက်ရှုရခက်လာကြောင်း ကျန်းမာရေးဝန်ထမ်းများကပြောသည်။ လူသေဆုံးမှုများ ဖြစ်ပေါ်လာပြီးနောက် အဆိုပါ ပြည်တွင်းလုပ်အရက်များကို အရေးပေါ်သတိပေးချက် ထုတ်ပြန်ခဲ့သည်။ အရက်တုသောက်သုံးမှုကြောင့် သေဆုံးမှုများသည် အိန္ဒိယတွင် မကြာခဏဖြစ်ပေါ်လေ့ရှိသည်။ ဒေသခံများသည် ဈေးပေါသည့် ပြည်တွင်းဖြစ်အရက်ပုန်းများကို သောက်သုံးရင်း သေဆုံးမှုများပေါ်ပေါက်ခဲ့ခြင်းဖြစ်သည်။


၂၀၁၆ခုနှစ် ဇူလိုင်လ ၁၈ ရက်က ဥတ္တရာပရာဒေ့ရှ်အထူးတပ်ဖွဲ့က အရက်တုများကို သွန်ပစ်နေစဉ်။

**ဆင်ဟွာ**

# ဟန်ဂေရီနိုင်ငံ ဘူဒါပက်စ်မြို့တွင် လှေနစ်မြုပ်ရာ နိုင်ငံခြားခရီးသွား ခုနစ်ဦးသေဆုံး

**ဘူဒါပက်စ် မေ ၃၀**

ဟန်ဂေရီနိုင်ငံ ဘူဒါပက်စ်မြို့ ဒါနူဘီမြစ်တွင် ရှုမျှော်ခင်းကြည့်ခရီးသွား လှေတစ်စင်း နစ်မြုပ်ခဲ့ရာ ကိုရီးယားခုနစ်ဦးသေဆုံးခဲ့ပြီး ၂၁ ဦး ပျောက်ဆုံးလျက်ရှိကြောင်း တောင်ကိုရီးယားနှင့် ဟန်ဂေရီအာဏာပိုင်များက မေ ၃၀ ရက်ကပြောသည်။

ဟန်ဂေရီမြို့လယ် ပါလီမန်အဆောက်အအုံအနီးတွင် ရှုမျှော်ခင်းကြည့် ခရီးသည်လှေသည် အပျော်စီးသင်္ဘောတစ်စင်းနှင့် မိုးကြီးလေကြီးကျချိန် ဒေသစံတော်ချိန် ညနေ ၉ နာရီ ၄၅ မိနစ်တွင် တိုက်မိပြီးနောက် တိမ်းမှောက်ခဲ့ခြင်းဖြစ်ကြောင်း သက်ဆိုင်ရာအရာရှိများက ပြောသည်။

အဆိုပါလှေပေါ်တွင် ကိုရီးယားခရီးသွား ၃၃ ဦးလိုက်ပါလာကြောင်း တောင်ကိုရီးယား နိုင်ငံခြားရေးဝန်ကြီးဌာနက ပြောကြားခဲ့ပြီး သေဆုံးသူခုနစ်ဦးမှာ တောင်ကိုရီးယားနိုင်ငံမှဖြစ်ကြောင်း အတည်ပြုခဲ့သည်။

၂၆ မီတာရှည်ပြီး ရေသူမဟုအမည်ပေးထားသော အဆိုပါ ရှုမျှော်ခင်းကြည့် လှေပေါ်တွင် ဟန်ဂေရီလူမျိုးနှစ်ဦးလည်း လှေအမှုထမ်းများအဖြစ် လိုက်ပါလာကြောင်း သိရသည်။ ၎င်းတို့ရဲ့အဖွဲ့ဝင်များက လူခုနှစ်ဦးသေဆုံးခဲ့သည်ဟု အတည်ပြုကြောင်း ဟန်ဂေရီအရေးပေါ် ကယ်ဆယ်ရေးအဖွဲ့ပြောရေးဆိုခွင့်ရှိသူ ပယ်လ်ဂျော်ဖီက ပြော သည်။

နောက်ထပ် လူ ၂၁ ဦး ပျောက်ဆုံးနေဆဲဖြစ်ကြောင်း ဟန်ဂေရီရဲဘက်ဆိုင်ရာ ပြောရေးဆိုခွင့်ရှိသူ ခရီစတော့ဖ်က အေအက်ဖ်ပီသို့ ပြောခဲ့သည်။ ရဲများသည် အခင်း ဖြစ်ရာနေရာမှ မြစ်ကြောင်းတစ်လျှောက် ပျောက်ဆုံးသူများကို လိုက်လံရှာဖွေလျက်ရှိကြောင်း သိရသည်။

**အေအက်ဖ်ပီ**

# ရုရှားက နျူကလီးယားစမ်းသပ်မှုတစ်ခု လုပ်ဆောင်နေကြောင်း သတင်းထွက်

**မော်စကို မေ ၃၀**

ရုရှားနိုင်ငံသည် စွမ်းအားနိမ့်နျူကလီးယားစမ်းသပ်မှုများ လုပ်ဆောင်နေဟန်ရှိကြောင်း ထောက်လှမ်းရေးဆိုင်ရာ လေ့လာစိစစ်မှုများက ပြသနေသည်ဟု အမေရိကန်သတင်းစာ တစ်စောင်က ဖော်ပြခဲ့သည်။

အာတိတ်သမုဒ္ဒရာ ကျွန်းစုတစ်ခုဖြစ်သည့် နိုဗာယာဇမ်လျာ၌ ပေါက်ကွဲအားမပြင်းထန်သည့် နျူကလီးယားစမ်းသပ်မှုကို လုပ်ဆောင်နေဟန်ရှိကြောင်း ဗုဒ္ဓဟူးနေ့ထုတ် ဝေါစထရိဂျာနယ်၏ ဆောင်းပါးတစ်ပုဒ်တွင် ဖော်ပြခဲ့သည်။ အဆိုပါစမ်းသပ်မှုများသည် ရုရှားနိုင်ငံ၏ နျူကလီးယားလက်နက်တိုက်ကို အဆင့်မြှင့်တင်ရာတွင် အထောက်အကူပြုစေရန် လုပ်ဆောင်ခြင်းဖြစ်ကြောင်း သိရသည်။

နျူကလီးယားပေါက်ကွဲမှုများဖြစ်စေသည့် စမ်းသပ်မှုများကို ရပ်နားရန် အမေရိကန်နှင့် ရုရှားတို့က သဘောတူထားကြသည်။ သို့သော်လည်း ကာကွယ်ရေးဆိုင်ရာ ထောက်လှမ်းမှုအေဂျင်စီမှ ဒါရိုက်တာရောဘတ်အက်ရှ်လေက ရုရှားအနေဖြင့် နျူကလီးယားစမ်းသပ်မှုယာယီရပ်ဆိုင်းထားရန် သဘောတူညီချက်ကို လိုက်နာဆောင်ရွက်ခြင်းမရှိဟု သံသယရှိကြောင်း ပြောကြားခဲ့သည်။

အမေရိကန်ပြည်ထောင်စုသည် ဖေဖော်ဝါရီလအတွင်းက နီဗာဒါပြည်နယ်၌ နျူကလီးယားစမ်းသပ်မှုတစ်ခု လုပ်ဆောင်ခဲ့ကြောင်း အမေရိကန်အစိုးရအဖွဲ့က ပြီးခဲ့သည့် သောကြာနေ့တွင် ကြေညာခဲ့သည်။

**အင်န်အိတ်ချ်ကေ**

**နိုင်ငံတကာ သတင်းတိုထွာ**

## တရုတ်သမ္မတ ရှီကျင့်ဖျင် ရုရှားနိုင်ငံသို့ သွားမည်

**ပေကျင်း မေ ၃၀**

တရုတ်သမ္မတ ရှီကျင့်ဖျင်သည် ရုရှားနိုင်ငံသမ္မတ ဗလာဒီမာပူတင်၏ ဖိတ်ကြားချက်အရ ဇွန် ၅ ရက်မှ ၇ ရက်အတွင်း ရုရှားနိုင်ငံသို့ ချစ်ကြည်ရေးခရီးစဉ် သွားရောက်မည်ဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာန ပြောခွင့်ရပုဂ္ဂိုလ်က ယမန်နေ့က ပြောကြားလိုက်သည်။

တရုတ်သမ္မတ ရှီကျင့်ဖျင်သည် ရုရှားနိုင်ငံခရီးစဉ်အတွင်း (၂၃) ကြိမ်မြောက် စိန့်ပီတာစဘာ့ဂ် နိုင်ငံတကာခရီးသွားဖိုရမ်သို့ တက်ရောက်မည်ဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာန ပြောခွင့်ရပုဂ္ဂိုလ် လုခန်းက ပြောကြားသည်။

တရုတ်သမ္မတ ရှီကျင့်ဖျင်သည် အမေရိကန်နိုင်ငံနှင့် ကုန်သွယ်ရေးဆိုင်ရာ တင်းမာမှုများဖြစ်နေချိန်တွင် ရုရှားနိုင်ငံနှင့် နှစ်နိုင်ငံဆက်ဆံရေး ပိုမိုကောင်းမွန်ရန် ဆွေးနွေးနိုင်ခြေရှိကြောင်း သိရသည်။

တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် ရုရှားသမ္မတ ဗလာဒီမာပူတင်တို့ ဇွန်လနှောင်းပိုင်းတွင် ဂျပန်နိုင်ငံ၌ ကျင်းပသွားမည့် ဂျီ-၂၀ ထိပ်သီးအစည်းအဝေးတွင်လည်း ထပ်မံတွေ့ဆုံဖွယ်ရှိကြောင်း သိရသည်။

**ဆင်ဟွာ**

## အမေရိကန်နှင့် တူရကီ ဖုန်းဖြင့် ဆွေးနွေး

**ဝါရှင်တန် မေ ၃၀**

တူရကီ-အမေရိကန် နှစ်နိုင်ငံဆက်ဆံရေးနှင့် ဒေသဆိုင်ရာပြဿနာများကို တူရကီနိုင်ငံသမ္မတ ရီဆက်တေရစ်အာဒိုဂန်နှင့် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်တို့ ယမန်နေ့က ဖုန်းဖြင့်ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

အဆိုပါဆွေးနွေးမှုတွင် ရုရှားနိုင်ငံထုတ် အက်စ်-၄၀၀ လေကြောင်းကာကွယ်ရေးစနစ်ဝယ်ယူရန် တူရကီ-အမေရိကန် ပူးတွဲအလုပ်အဖွဲ့ ဖွဲ့စည်းရန်နှင့် ဇွန်လအတွင်း ဂျပန်နိုင်ငံ အိုဆာကာမြို့တွင် ကျင်းပမည့် ဂျီ-၂၀ ထိပ်သီးအစည်းအဝေးတွင် တွေ့ဆုံရန် နှစ်ဖက်သဘောတူခဲ့ကြောင်း သိရသည်။

ထို့အပြင် နှစ်ဖက်ခေါင်းဆောင်များသည် ကုန်သွယ်ရေးတိုးမြှင့်ဆောင်ရွက်ရန်၊ တူရကီမှ သံမဏိတင်သွင်းမှုကို အမေရိကန်က အခွန်လျှော့ချရန်နှင့် ဂျီ-၂၀ ထိပ်သီးအစည်းအဝေးတွင် သက်ဆိုင်ရာအရေးကိစ္စများကို ဆက်လက်ညှိနှိုင်းဆွေးနွေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

တူရကီသည် ရုရှားနိုင်ငံမှ အက်စ်-၄၀၀ လေကြောင်းကာကွယ်ရေးစနစ် ဝယ်ယူရန် ၂၀၁၇ ခုနှစ် ဒီဇင်ဘာလတွင် သဘောတူလက်မှတ်ရေးထိုးခဲ့သည်။

အဆိုပါစနစ်သည် နောင်တစ်ချိန်တွင် ရုရှားက အမေရိကန်နှင့် မဟာမိတ်နိုင်ငံများရှိ အက်ဖ်-၃၅ တိုက်လေယာဉ်များ၏ တည်နေရာကို ခြေရာခံလိုက်ရာတွင် အထောက်အကူဖြစ်ကောင်းဖြစ်လိမ့်မည်ဟူသော စိုးရိမ်စိတ်ဖြင့် အမေရိကန် စသည့် နေတိုးအဖွဲ့ဝင်နိုင်ငံများက ဝယ်ယူခြင်းမပြုရန် တူရကီအား အကြိမ်ပေါင်းများစွာ သတိပေးခဲ့သည်။

ယခုနှစ် ဧပြီလတွင် အမေရိကန်က တူရကီနိုင်ငံသို့ အက်ဖ်-၃၅ တိုက်လေယာဉ်စက်ပစ္စည်းတင်ပို့မှုများ ခေတ္တရပ်နားကြောင်း ကြေညာခဲ့သည်။

**ဆင်ဟွာ**

# အီရန်နဲ့ အမေရိကန်အရေး ဘယ်သို့တွေးမည်နည်း

**ထွန်းသစ်စ**

**ဝါရှင်တန်နဲ့ တီဟီရန် နှစ်နိုင်ငံကြား တင်းမာမှုမြင့်တက်နေချိန် အဘူဒါဘီကို အလည်အပတ်ခရီးစဉ်အဖြစ် ရောက်ရှိခဲ့တဲ့ အမေရိကန်အမျိုးသားလုံခြုံရေးအကြံပေး ဂျွန်ဘော်လ်တန်က ယခုလမှာဖြစ်ပွားခဲ့တဲ့ ယူအေအီးကမ်းလွန်မှာ ရေနံတင်သင်္ဘောတွေကို ဖျက်လိုဖျက်ဆီးတိုက်ခိုက်မှုရဲ့နောက်ကွယ်မှာ အီရန်ဟာ ကျိန်းသေလုနီးပါဝင်ပတ်သက်မှုရှိနေတယ်ဆိုပြီး အီရန်ကို စွပ်စွဲခဲ့ပါတယ်။**



ယူအေအီးကမ်းလွန်တွင် မေ ၁၂ ရက်က ဖြစ်ပွားသော သင်္ဘောတိုက်ခိုက်ခံရမှုတွင် ပါဝင်သော ဆော်ဒီသင်္ဘော အမ်ဂျက်ကို တွေ့ရစဉ်။

### တိုက်ခိုက်ခဲ့

ပင်လယ်ကွေ့ဒေသမှာ အမေရိကန်တပ်ဖွဲ့ဝင်တွေ စစ်အင်အားတည်ဆောက်ပြီးတဲ့နောက်မှာ ဖြစ်ပေါ်လာတဲ့ ဒီစွပ်စွဲမှုဟာ အာရပ်နဲ့ ပင်လယ်ကွေ့ဒေသရဲ့အရေးကြီးဆွေးနွေးပွဲမတိုင်ခင် ဖြစ်ပေါ်ခဲ့ပါတယ်။ ဒီဆွေးနွေးပွဲကို အီရန်ရဲ့ ဒေသတွင်းပြိုင်ဘက် ဆော်ဒီအာရေဗျက တောင်းဆိုခဲ့တာဖြစ်ပါတယ်။

အမေရိကန်နိုင်ငံရဲ့ အမျိုးသားလုံခြုံရေးအကြံပေး ဂျွန်ဘော်လ်တန်က ပင်လယ်ကွေ့ဒေသမှာရှိတဲ့ အမေရိကန်နဲ့ နေတိုးတပ်ဖွဲ့ဝင်တွေကို ခြိမ်းခြောက်ဟန့်တားတဲ့သဘောနဲ့ စေလွှတ်ခဲ့တာဖြစ်ကြောင်း၊ အမေရိကန်ရဲ့ လုပ်ဆောင်မှုဟာ နှိုင်းနှိုင်းချိန်ချိန် လုပ်ဆောင်ခြင်းသာဖြစ်ကြောင်း ပြောခဲ့ပါတယ်။

ဆော်ဒီရေနံတင်သင်္ဘောနှစ်စင်းပါဝင်တဲ့ စုစုပေါင်း သင်္ဘောလေးစင်းကို အီရန်က ကျိန်းသေလုနီးပါး တိုက်ခိုက်ခဲ့တာဖြစ်ကြောင်း ဂျွန်ဘော်လ်တန်က ယူအေအီးမြို့တော်မှာ ပြောကြားခဲ့ပါတယ်။

### စုံစမ်းစစ်ဆေးမှုတွေ လုပ်မယ်

ဒီကိစ္စနဲ့ပတ်သက်ပြီး ဝါရှင်တန်မှာ တာဝန်မရှိဘူးဆိုတာ လူတိုင်းရဲ့စိတ်ထဲမှာ အမြင်ရှင်းစေချင်ကြောင်း ဂျွန်ဘော်လ်တန်က ပြောပါတယ်။ သို့သော်လည်း ဂျွန်ဘော်လ်တန်က အီရန်ပြုလုပ်တယ်ဆိုတဲ့ တိကျခိုင်မာတဲ့ သက်သေအထောက်အထားတွေပေးဖို့အတွက် ငြင်းဆန်လိုက်ပါတယ်။

"အသေးစိတ်အချက်အလက်တွေအထိတော့ မသွားတော့ဘူး။ သင်္ဘောပိုင်ရှင်တွေနဲ့ ဒီကိစ္စမှာ ပါဝင်တဲ့နိုင်ငံတွေက သူတို့ကိုယ်တိုင် ဆက်လက်ဆုံးဖြတ်ကြပါလိမ့်မယ်။ သို့သော်လည်း အရေးကြီးတာတစ်ခုကတော့ အီရန်ခေါင်းဆောင်ပိုင်းအနေနဲ့ ကျွန်တော်တို့သိသလို သူတို့သိဖို့လိုတယ်"လို့ ဂျွန်ဘော်လ်တန်က ပြောပါတယ်။

အမေရိကန်ကျွမ်းကျင်သူတွေဟာ ငါးနိုင်ငံအဖွဲ့ထဲမှာ ပါဝင်ပြီးတော့ သူတို့ဟာ မေ ၁၂ ရက်က ယူအေအီးကမ်းလွန်မှာဖြစ်ပွားခဲ့တဲ့ သင်္ဘောတိုက်ခိုက်ခံရမှု ဖြစ်ရပ်တွေကို စုံစမ်းစစ်ဆေးမှုတွေ လုပ်ဆောင်သွားမှာ ဖြစ်ပါတယ်။

### ရေနံတင်ပို့ရာနေရာဖြစ်

အဲဒီကိစ္စဖြစ်ပွားပြီး နှစ်ရက်အကြာမှာ ယီမင်ဟူသီသူပုန်တွေကလည်း အရှေ့ - အနောက်ဆက်သွယ်ထားပြီး မဟာဗျူဟာအရ အရေးပါတဲ့ ဆော်ဒီအာရေဗျရဲ့ပိုက်လိုင်းတစ်ခုကို ဒရုန်းနှစ်ခုနဲ့ တိုက်ခိုက်ခဲ့ပါတယ်။ အဲဒီလိုတိုက်ခိုက်မှုကြောင့် ရေနံစည်ပေါင်း တစ်နေ့လျှင် ငါးသန်းခန့် ဆော်ဒီအာရေဗျမှ ပင်လယ်နီသို့ တင်ပို့နေတဲ့ အဲဒီရေနံပိုက်လိုင်းကို နှစ်ရက်ကြာ ပိတ်လိုက်ရပါတယ်။

သင်္ဘောတွေတိုက်ခိုက်မခံရခင် တစ်ရက်နှစ်ရက်လောက်ကလည်း ဆော်ဒီဆိပ်ကမ်းဖြစ်တဲ့ ရန်ဘူကိုတိုက်ခိုက်ခဲ့ပြီး အဲဒီတိုက်ခိုက်မှုဟာလည်း မအောင်မြင်ခဲ့ကြောင်း ဂျွန်ဘော်လ်တန်က ပြောပါတယ်။

ရန်ဘူဟာ ဆော်ဒီအာရေဗျရဲ့အရေးကြီးဆုံး ရေနံတင်ပို့ရာနေရာတစ်ခုဖြစ်ပြီး ရေနံသန့်စင်စက်ရုံများနဲ့ ရေနံတင်ပို့မှုများ ပြုလုပ်ရာနေရာဖြစ်ပါတယ်။

### အဟန့်အတားအဖြစ် စေလွှတ်

အမေရိကန် အမျိုးသားလုံခြုံရေးအကြံပေး ဂျွန်ဘော်လ်တန်က အဘူဒါဘီရဲ့အိမ်ရှေ့စံမင်းသား ရှိတ်မိုဟာမက်ဘင် ဇာရက်အယ်လ်နာရန်နဲ့ တွေ့ဆုံခဲ့သလို ယူအေအီးနိုင်ငံရဲ့ အမျိုးသားလုံခြုံရေးအကြံပေး ရှိတ်တာနောင်ဘင်ဇာရက်အယ်လ်နာရန်တို့နဲ့ တွေ့ဆုံပြီး နှစ်နိုင်ငံဆက်ဆံရေးနဲ့ ဒေသတွင်းတင်းမာမှုတွေကို ဆွေးနွေးခဲ့ကြပါတယ်။

မိမိတို့ဟာ မိမိတို့ရဲ့မဟာမိတ်တွေနဲ့ ရှေ့အနာဂတ်မှာ ဘယ်လိုလုပ်ရမလဲဆိုတာ ပိုမိုနီးကပ်စွာ တိုင်ပင်ဆွေးနွေးမှုတွေ လုပ်ဆောင်နေပါတယ်လို့ ဂျွန်ဘော်လ်တန်က ပြောပါတယ်။

မိမိတို့အနေနဲ့ နှိုင်းနှိုင်းချိန်ချိန်လုပ်ဖို့ ကြိုးစားနေသလို သင်္ဘောတွေ၊ ပိုက်လိုင်းတွေကို တိုက်ခိုက်မှုနဲ့ပတ်သက်ပြီးတော့လည်း သက်သေတွေကို စုဆောင်းနေပြီး နောက်တိုးတပ်ဖွဲ့ဝင်တွေကိုလည်း အဟန့်အတားအနေနဲ့ စေလွှတ်ထားတာလည်းဖြစ်ပါတယ်လို့ ဂျွန်ဘော်လ်တန်က ပြောပါတယ်။

### ခြိမ်းခြောက်မှုတွေ လုပ်ခဲ့

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်ရဲ့ ခရီးစဉ်အတွက် ကြိုတင်ပြင်ဆင်မှုတွေလုပ်ဆောင်ဖို့ ဂျွန်ဘော်လ်တန်ဟာ မေ ၂၉ ရက်နှောင်းပိုင်းမှာ ယူအေအီးနိုင်ငံမှ လန်ဒန်ကိုထွက်ခွာဖို့ စီစဉ်ခဲ့ပါတယ်။

အမေရိကန်ဟာ တီဟီရန်ကို ပြင်းထန်တဲ့ အရေးယူပိတ်ဆို့မှုသစ်တွေကို ပြုလုပ်ခဲ့ပြီးတော့ အရှေ့အလယ်ပိုင်းကို အမေရိကန်တပ်ဖွဲ့ဝင် ၁၅၀၀ ဖြန့်ကြက်ဖို့ စေလွှတ်ခဲ့ပါတယ်။

အီရန်နိုင်ငံဟာ သင်္ဘောတိုက်ခိုက်ခံရမှုအပေါ် စိုးရိမ်ဖွယ်ရာအဖြစ်နဲ့သာမက စိတ်မကောင်းဖြစ်တဲ့အနေနဲ့ပါ ကြေညာခဲ့ပြီး ပယ်လယ်ရေကြောင်းဆိုင်ရာ လုံခြုံရေးကို နိုင်ငံခြားမှ ဝင်ရောက်နှောင့်ယှက်လာနိုင်ကြောင်း သတိပေးခဲ့ပါတယ်။

သင်္ဘောတိုက်ခိုက်ခံရမှုဖြစ်ပွားခဲ့တဲ့ ယူအေအီးကမ်းလွန် ဖူဂျာရာဟာ အိုမန်ပင်လယ်ရဲ့အရေးပါတဲ့ ရေနံတင်ပို့တဲ့ နေရာတစ်ခု ဖြစ်ပါတယ်။ အိုမန်ပင်လယ်ဟာ ရေနံတင်သင်္ဘောတွေအနေနဲ့ မဟာဗျူဟာကျတဲ့ ဟော်မုဇ်ရေလက်ကြားမှ ပင်လယ်ကွေ့ကို ဝင်ရောက်ရာ တစ်ခုတည်းသောရေလမ်းကြောင်းပဲ ဖြစ်ပါတယ်။ ဒါကြောင့်မို့လည်း အီရန်ဟာ ဟော်မုဇ်ရေလက်ကြားကို ပိတ်ပစ်မယ်ဆိုပြီး ခဏခဏခြိမ်းခြောက်မှုတွေလုပ်ခဲ့တာ ဖြစ်ပါတယ်။

### စေလွှတ်ခဲ့

ကမ္ဘာ့ရေနံတင်ပို့မှု သုံးပုံတစ်ပုံနီးပါးဟာ ဒီကျဉ်းမြောင်းတဲ့ရေလက်ကြားက ဖြတ်သန်းသွားလာရပြီးတော့ အဲဒီရေလက်ကြားဟာ အီရန်နဲ့ အိုမန်ကြားထဲမှာ တည်ရှိတဲ့ တစ်ခုတည်းသော ကုန်စည်ကူးသန်းရာ သင်္ဘောလမ်းကြောင်း သို့မဟုတ် ရေလမ်းကြောင်းတစ်ခုပဲ ဖြစ်ပါတယ်။

၂၀၁၅ နျူကလီးယားသဘောတူညီချက်မှ အမေရိကန်နုတ်ထွက်ပြီးနောက် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်အစိုးရဟာ အီရန်နိုင်ငံကို အရေးယူပိတ်ဆို့မှုတွေ ပြန်လည်ပြုလုပ်ခဲ့တဲ့နောက်မှာတော့ ဒေသတွင်းတင်းမာမှုတွေဟာ ပိုလို့တောင် မြင့်တက်လာပါတယ်။

အီရန်အရေးနဲ့ ပတ်သက်ပြီး ရိုက်ခတ်မှုတွေ ဖြစ်ပေါ်လာနိုင်တဲ့အတွက် အမေရိကန်သမ္မတ ထရမ့်အစိုးရဟာ အီရတ်မှ အမေရိကန်သံရုံးဝန်ထမ်းတွေကို ထွက်ခွာဖို့ အမိန့်ပေးပြီးနောက်မှာတော့ အရှေ့အလယ်ပိုင်းဒေသကို လေယာဉ်တင်သင်္ဘောနဲ့ ဘီ- ၅၂ ဗုံးကြဲလေယာဉ်တွေ စေလွှတ်ခဲ့ပါတယ်။

### တားဆီးချင်

သို့သော်လည်း အခုအခါမှာတော့ အမေရိကန်သမ္မတ ထရမ့်ဟာ အီရန်နဲ့ ပတ်သက်ပြီး သူ့ရဲ့ရန်လိုနေတဲ့သဘောထားဟာ ပျော့ပျောင်းလာသလို ရှိပါတယ်။ ဂျပန်ခရီးစဉ်အတွင်းမှာ ထရမ့်က သူ့အစိုးရအနေနဲ့ အီရန်နဲ့ပတ်သက်ပြီး အစိုးရအပြောင်းအလဲလုပ်ဖို့ ကြိုးစားမှာမဟုတ်ဘူးလို့ ပြောလိုက်ပါတယ်။

အမေရိကန် အမျိုးသားလုံခြုံရေးအကြံပေး ဂျွန်ဘော်လ်တန်က အမေရိကန်အနေနဲ့ အီရန်ရဲ့ နျူကလီးယားလက်နက်တွေထုတ်လုပ်မှုမှ တားဆီးချင်တဲ့ ဆန္ဒသာရှိကြောင်းနဲ့ သူ့အနေနဲ့ အစိုးရအဖွဲ့နဲ့ တခြားမတူညီတဲ့အရာတွေရှိပေမယ့် အဲဒါတွေကို ဘေးဖယ်ထားကြောင်းနဲ့ အဓိကကတော့ နျူကလီးယားလက်နက်ထုတ်လုပ်မှုကို တားဆီးချင်တာကတော့ အားလုံးအတူတူပဲဖြစ်တယ်လို့ ပြောကြားခဲ့ပါတယ်။

ဒီအရေးကို ချင့်ချိန်ကြည့်ခြင်းဖြင့် အမေရိကန်အနေနဲ့ အီရန်နဲ့ စစ်မက်ဖြစ်ပွားဖို့အထိ မရည်ရွယ်ဘဲ အီရန်နိုင်ငံကို သတိပေးရုံ နျူကလီးယားလက်နက်ထုတ်လုပ်မှုတွေ မပြုလုပ်အောင် တားဆီးချင်တဲ့ သဘောများလားဆိုတာ မျှော်တွေးမိပါတယ်။ ။

**"ကမ္ဘာ့ရေနံတင်ပို့မှု သုံးပုံတစ်ပုံနီးပါးဟာ ဒီကျဉ်းမြောင်းတဲ့ရေလက်ကြားက ဖြတ်သန်းသွားလာရပြီးတော့ အဲဒီရေလက်ကြားဟာ အီရန်နဲ့အိုမန်ကြားထဲမှာ တည်ရှိတဲ့ တစ်ခုတည်းသော ကုန်စည်ကူးသန်းရာ သင်္ဘောလမ်းကြောင်း သို့မဟုတ် ရေလမ်းကြောင်းတစ်ခုပဲ ဖြစ်ပါတယ်။ ၂၀၁၅ နျူကလီးယားသဘောတူညီချက်မှ အမေရိကန်နုတ်ထွက်ပြီးနောက် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်အစိုးရဟာ အီရန်နိုင်ငံကို အရေးယူ ပိတ်ဆို့မှုတွေ ပြန်လည်ပြုလုပ်ခဲ့တဲ့နောက်မှာတော့ ဒေသတွင်းတင်းမာမှုတွေဟာ ပိုလို့တောင် မြင့်တက်လာပါတယ်"**

**ကိုးကား- အေအက်ဖ်ပီ**

# အမြို့မြို့အနယ်နယ်တွင် ကျောင်းအပ်နှံရေး သီတင်းပတ် လှုပ်ရှားမှုပုံရိပ်များ

၂၀၁၉ - ၂၀၂၀ ပညာသင်နှစ်တွင် “မည်သည့်ခွဲခြားမှုမျှမရှိဘဲ ကျောင်းနေအရွယ်ကလေးအားလုံး အရည်အသွေးရှိသော ပညာသင်ခွင့်ရရှိစေရန် မိဘပြည်သူအားလုံးဝိုင်းဝန်းကူညီစို့” ဟူသော ဆောင်ပုဒ်ဖြင့် မေလ ၂၅ ရက်မှ မေလ ၃၁ရက်နေ့အထိ ကျောင်းအပ်နှံရေး သီတင်းပတ်အဖြစ်သတ်မှတ်ကာ တစ်နိုင်ငံလုံးရှိ ကျောင်းနေအရွယ် ကလေးအားလုံး ကျောင်းတက်နိုင်ရေးအတွက် မြို့နယ်အလိုက် စီမံဆောင်ရွက်လျက်ရှိသည်။



ပဲခူးတိုင်းဒေသကြီးအတွင်း ၂၀၁၉-၂၀၂၀ ပညာသင်နှစ်အတွက် ကျောင်းအပ်နှံရေးနေ့အခမ်းအနားကို ပဲခူးမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်း တက်ရောက်ဖွင့်လှစ်ပြီး ကျောင်းအပ်နှံရေးလုပ်ငန်းဆောင်ရွက်မှု ပြခန်းငယ်များကို လှည့်လည်ကြည့်ရှုစဉ်။
ဟိန်းထက်(ပဲခူး)



မွန်ပြည်နယ် သထုံမြို့နယ်၏ ၂၀၁၉-၂၀၂၀ ပညာသင်နှစ် မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးအခမ်းအနားကို မေ ၃၀ ရက် နံနက်က အမှတ် (၂) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပစဉ်။
သက်ဦး(သထုံ)



ချင်းပြည်နယ်တောင်ပိုင်း မင်းတပ်မြို့နယ်၌ ၂၀၁၉-၂၀၂၀ ပညာသင်နှစ် မြို့နယ်အဆင့် ကျောင်းအပ်နှံရေးနေ့အခမ်းအနားကို မေ ၃၀ ရက် နံနက်ပိုင်းက ကျင်းပရာ ကျောင်းသားကျောင်းသူများက မြန်မာ့ကျောင်းသီချင်းဖြင့် သီဆိုဖွင့်လှစ်ပေးစဉ်။ ခွီရှိန်း




စစ်ကိုင်းတိုင်းဒေသကြီး ၂၀၁၉-၂၀၂၀ ကျောင်းအပ်နှံရေးနေ့အခမ်းအနားကို မုံရွာမြို့ မြသလွန်ခန်းမ၌ မေ ၃၀ ရက် နံနက်က ကျင်းပရာ အခမ်းအနားသို့ တက်ရောက်လာသူများအား ကျောင်းသား ကျောင်းသူလေးများက တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေကြစဉ်။
ဝင်းဦး(ဇေယျာတိုင်း)




ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ်၌ မေ ၃၀ ရက် နံနက်က ကျင်းပသည့် ကျောင်းအပ်နှံရေးနေ့အခမ်းအနားတွင် မြို့နယ်အမျိုးသမီးရေးရာနှင့်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့က တာဝန်ရှိသူတစ်ဦးထံ ပြဋ္ဌာန်းပုံနှိပ်စာအုပ်နှင့် ဗလာစာအုပ်များ ပေးအပ်လှူဒါန်းစဉ်။
သန်းဝင်း(သန်လျင်)

# ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနား ရန်ကုန်မြို့၌ကျင်းပ

**ရန်ကုန် မေ ၃၀**

အဆုတ်ကျန်းမာအောင် ဆေးလိပ်နှင့်ကွမ်းယာရှောင် ဟူသော ခေါင်းစဉ်ဖြင့် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို မေ ၂၉ ရက်က ရန်ကုန်မြို့ ပြည်လမ်းရှိ တော်ဝင်ဂါးဒင်းဟိုတယ်၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ပြည်သူ့ကျန်းမာရေးဖောင်ဒေးရှင်းဥက္ကဋ္ဌ ဒေါက်တာသန်းစိန်က ကမ္ဘာ့ကျန်းမာရေးအဖွဲ့သည် (၁၉၈၉)ခုနှစ်မှစ၍ နှစ်စဉ်မေလ ၃၁ ရက်ကို ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့အဖြစ် သတ်မှတ်ပြီး နှစ်စဉ် ဆောင်ပုဒ်များဖော်ထုတ်၍ လှုံ့ဆော်ခဲ့သည်မှာ နှစ်(၃၀)တိုင်ခဲ့ပြီဖြစ်ကြောင်း၊ ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်းများကို ရေရှည်သုံးစွဲမှုကြောင့် ကမ္ဘာသူ ကမ္ဘာသားများ ကျန်းမာရေးထိခိုက်ပြီး ရောဂါမျိုးစုံ ရရှိခံစားနေရသည်များကို သတိပေးလိုသောကြောင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က အထိမ်းအမှတ်နေ့ ကျင်းပခြင်းဖြစ်ကြောင်း၊ ဆေးရွက်ကြီးထွက်ပစ္စည်းများကို သုံးစွဲခြင်းကြောင့် အဆုတ်နှင့်ဆက်စပ်သော ရောဂါများ(အဆုတ်တီဘီ၊ ပန်းနာရင်ကြပ်၊ နာတာရှည်အဆုတ်ရောင်၊ အဆုတ်ကင်ဆာ) ဖြစ်ပွားကြပြီး ငယ်ရွယ်စဉ် သေဆုံးနေကြသောကြောင့် ယခုနှစ် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ ဆောင်ပုဒ်ကို အဆုတ်ကျန်းမာအောင် ဆေးလိပ်နှင့်ကွမ်းယာရှောင်ဟူ၍ဖြစ်ကြောင်း အမှာစကားအဖြစ် ပြောကြားသည်။

ထို့နောက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ဌာနေကိုယ်စားလှယ် Dr.Stephen Jost က ကမ္ဘာ့ကျန်းမာရေးနှင့် ပတ်သက်၍ WHO ၏ ဆောင်ရွက်နေမှုနှင့် ရန်ကုန်မြို့၏ အများပြည်သူသွားလာရာနေရာအချို့၌ ဆေးလိပ်မသောက်ရနေရာအဖြစ် သတ်မှတ်လုပ်ဆောင်မှုတွင် အောင်မြင်မှုများနှင့် ပတ်သက်၍ ဆွေးနွေးပြောကြားသည်။




ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အခမ်းအနားတွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ဌာနေကိုယ်စားလှယ် ဆွေးနွေးစဉ်

ရန်ကုန်မြို့တွင် ဆေးလိပ်သောက်သုံးခြင်းမရှိသော အများပြည်သူတို့မှာ တစ်ဆင့်ခံ ဆေးလိပ်ငွေ့ရှူရှိုက်ရခြင်းကြောင့် ရောဂါရရှိနေမှုကို ကာကွယ်ထိန်းသိမ်းရန်အတွက် ဆေးလိပ်လုံးဝမသောက်ရသောနေရာကို ကျောက်တံတားမြို့နယ်၌ သတ်မှတ်ဖော်ဆောင်ခဲ့ရာ အောင်မြင်မှုများရရှိ၍ ရန်ကုန်မြို့တွင်းရှိ ကျန်သောမြို့နယ်များ၌လည်း ဆက်လက်ဆောင်ရွက်ရန် ပြည်သူ့ကျန်းမာရေးဖောင်ဒေးရှင်းက လုပ်ဆောင်လျက်ရှိသည်။ ဆေးလိပ်မသောက်ရ သတ်မှတ်ထားသောနေရာတွင် စနစ်တကျ လိုက်နာဆောင်ရွက်ရန်၊ ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှု လျော့နည်းရေးအတွက် ဥပဒေ၊ မူဝါဒ၊ မဟာဗျူဟာနှင့်လုပ်ငန်းအစီအစဉ်များကို ဒေသဆိုင်ရာအဆင့်ဆင့်တွင် အကောင်အထည်ဖော်သည့်အခါ ပြည်သူလူထုနှင့်အတူ ပူးပေါင်းလုပ်ဆောင်သူများအားလုံး ပါဝင်လာရေး လှုံ့ဆော်အားပေးရန် စသည်တို့ကိုလည်း အခမ်းအနားတွင် ဆွေးနွေးခဲ့သည်။

ပြည်သူ့ကျန်းမာရေးဖောင်ဒေးရှင်းအနေဖြင့် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အထိမ်းအမှတ်အဖြစ် မဂ္ဂဇင်းစာအုပ်ကိုလည်း ထုတ်ဝေဖြန့်ချိထားပြီး ထိုစာအုပ်တွင် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းသုံးစွဲမှုလျှော့ချနိုင်ရေးကို ဦးတည်သော သိကောင်းစရာအချက်များ၊ ရသစာပေများနှင့် ကဗျာ၊ ကာတွန်းများ၊ ဆောင်းပါးတိုများကို စုစည်းဖော်ပြထားသည်။

**သန်းထိုက်၊ ဓာတ်ပုံ - သန်းစိုး**

# ဂျီအေပီနှင့် အော်ဂဲနစ်ဆိုင်ရာ ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများ ဆွေးနွေး

**နေပြည်တော် မေ ၃၀**

စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ (Good Agricultural Practices-GAP) နှင့် အော်ဂဲနစ်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေနှင့် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းများနှင့်ပတ်သက်၍ ညှိနှိုင်းအစည်းအဝေးကို မေ ၂၉ ရက်က နေပြည်တော် ရုံးအမှတ် (၁၅) အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

အစည်းအဝေးတွင် ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းက GAP နှင့် အော်ဂဲနစ်လုပ်ငန်းစဉ် ဆောင်ရွက်ရာတွင် ဓာတ်ခွဲခန်းများ အဆင့်မြှင့်တင်ခြင်းနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများ၊ ဝန်ထမ်းများ၏ စွမ်းဆောင်ရည်ပြည့်ဝရေး စီမံ ဆောင်ရွက်ရန် လိုအပ်ချက်များကိုလည်းကောင်း၊ တောင်သူနှင့်လုပ်ငန်းရှင်များအပိုင်းက ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို သိရှိလိုက်နာ ဆောင်ရွက်စေရေးနှင့် စားသုံးသူများသိရှိသင့်သည့် အသိပညာပေးလုပ်ငန်းများကို တစ်ပြိုင်တည်းဆောင်ရွက်ရန် လိုအပ်ချက်များကိုလည်းကောင်း၊ ဂျီအေပီနှင့် အော်ဂဲနစ်တို့ဖြင့် စိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးလာရေးနှင့် အသိအမှတ်ပြု ထောက်ခံချက်လက်မှတ် ထုတ်ပေးနိုင်ရေးအတွက် လက်မှတ်ထုတ်ပေးရေးဆိုင်ရာ အဖွဲ့အစည်းများ ဖွဲ့စည်းခြင်း၊ ထောက်ခံချက် ထုတ်ပေးခြင်းဆိုင်ရာ စံနှုန်းများနှင့် စစ်ဆေးအတည်ပြုခြင်းဆိုင်ရာစံနှုန်းများ ထုတ်ပြန်ပြင်ဆင်ခြင်း၊ နည်းပညာပေးသင်တန်းများ ဖွင့်လှစ်ခြင်း၊ စစ်ဆေးသူများအား လေ့ကျင့်ပေးခြင်းဆိုင်ရာ ကိစ္စရပ်များကိုလည်းကောင်း ဆွေးနွေးခဲ့သည်။

ထို့နောက် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသက်ဇင်မောင်နှင့် ညွှန်ကြားရေးမှူး ဦးသူရစိုးတို့က GAP နှင့် အော်ဂဲနစ်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေနှင့် ဆက်လက်အကောင်အထည်ဖော်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြပြီး ညွှန်ကြားရေးမှူးချုပ်နှင့် အစည်းအဝေးတက်ရောက်သူများက အသိအမှတ်ပြုထောက်ခံချက်လက်မှတ် ထုတ်ပေးမည့် လုပ်ငန်းစဉ်များနှင့် GIZ နှင့် ပူးပေါင်းဆောင်ရွက်နေမှု အခြေအနေများ၊ သတင်းအချက်အလက်ဖလှယ်ရေးလုပ်ငန်း အပါအဝင် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ဝိုင်းဝန်း အကြံပြုဆွေးနွေးခဲ့သည်။

GAP နည်းစနစ်ကို လိုက်နာဆောင်ရွက်ခြင်းအားဖြင့် စားသုံးသူများ ဘေးအန္တရာယ်ကင်းရှင်း၍ အရည်အသွေး ပြည့်ဝကောင်းမွန်ပြီး အာဟာရကြွယ်ဝသော သီးနှံများကို စားသုံးနိုင်မည်ဖြစ်သကဲ့သို့ ပြည်တွင်းပြည်ပဈေးကွက်များသို့ အာမခံချက်ရှိစွာ ရောင်းချနိုင်ခြင်းကြောင့် စိုက်ပျိုးထုတ်လုပ်သူနှင့် တင်ပို့ရောင်းချသူအားလုံးအတွက် အကျိုးအမြတ်လည်း သေချာစေမည်ဖြစ်ကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ သိရသည်။

**သိမ့်သိမ့်မိုး**

# လျှပ်စစ်ဓာတ်အား တည်ငြိမ်ပြည့်ဝစွာ ဖြန့်ဖြူးပေးနိုင်ရေး ပြည်ကြီးတံခွန်မြို့နယ်တွင် ထရန်စဖော်မာများ တိုးချဲ့တည်ဆောက်

**မန္တလေး မေ ၃၀**

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းက မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ပြည်သူများ လျှပ်စစ်ဓာတ်အားကို တည်ငြိမ်ပြည့်ဝစွာသုံးစွဲနိုင်ရေးအတွက် ဓာတ်အားခွဲရုံနှင့် ဓာတ်အားလိုင်းများ အသစ်တိုးချဲ့တည်ဆောက်ခြင်း၊ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ မန္တလေးခရိုင် ပြည်ကြီးတံခွန်မြို့နယ်အတွင်းရှိ (ဆ)၊ (ဇ)၊ ထိန်ကုန်း၊ တောင်မြင့်နှင့် သင်ပန်းကုန်းရပ်ကွက်နေ ပြည်သူများသုံးစွဲနိုင်ရန် ၁၁/၀.၄ ကေဗွီ ၂၀၀ ကေဗွီအေထရန်စဖော်မာ ငါးလုံးအား ၂၀၁၉ ခုနှစ် မေလအတွင်း ထပ်မံ တိုးချဲ့တည်ဆောက်ပြီး ဓာတ်အားဆက်သွယ်ဖြန့်ဖြူးပေးနိုင်ခဲ့သည်။

**ထရန်စဖော်မာများကို တိုးချဲ့တည်ဆောက်**

လက်ရှိအခြေအနေတွင် နိုင်ငံတော်၏ ဓာတ်အားစနစ်မှ ရေိယာတိုးချဲ့၍ ဓာတ်အားဖြန့်ဖြူးခြင်း၊ ရာသီပူပြင်းမှုကြောင့် ဓာတ်အားသုံးစွဲမှုပိုမိုလာပြီး ဓာတ်အားပေးစက်ရုံများ၏ ဓာတ်အားထုတ်လုပ်မှု လျော့နည်းလာခြင်းတို့ကြောင့် ဓာတ်အားစနစ်အတွင်း ဓာတ်အားထိန်းညှိဖြန့်ဖြူးနိုင်ရန်အတွက် အလှည့်ကျဝန်အား လျှော့ချဓာတ်အားဖြတ်တောက်မှုများ ဆောင်ရွက်နေရသော်လည်း ဓာတ်အားပြည့်ဝစွာ ပြန်လည်ရရှိသည့်အချိန်တွင် ပြည်သူအများ လျှပ်စစ်ဓာတ်အားကို တည်ငြိမ်လုံလောက်စွာသုံးစွဲနိုင်ရန်အတွက် ယခုကဲ့သို့ ထရန်စဖော်မာများကို တိုးချဲ့တည်ဆောက်ရခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



# ယနေ့ ဈေးကွက်ပေါက်ဈေးများ

၃၀-၅-၂၀၁၉

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၄၆၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၈၄၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၄၉၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၈၄၅၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၉၅၅/၁၀၁၀ ကျပ် | ၁၀၁၅/၁၀၃၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၉၆၅/၁၀၂၀ ကျပ် | ၁၀၃၀/၁၀၅၀ ကျပ် |
| အောက်တိန်း ၉၂ | ၈၅၀/၉၁၅ ကျပ် | ၉၅၅/၉၆၅ ကျပ် |
| အောက်တိန်း ၉၅ | ၉၂၀/၉၈၅ ကျပ် | ၁၀၃၀/၁၀၄၅ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၅၃၅ ・ ၂ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၇၀၉ ・ ၄ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၁၁၂ ・ ၇ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၁၉၃၉ ・ ၁ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၃၉၉ ・ ၆ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၀၆၃ ・ ၇ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၂၂ ・ ၂၈ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၁ ・ ၉၆၆ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၂၈ ・ ၈၂ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၆၅ ・ ၈၇ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၈ ・ ၂၆၂ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

# ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

**နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄ )နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-**

**၀၆၇-၃၄၀၄၂၂၂၊ ၀၆၇-၃၄၀၄၉၉၉**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန

မြန်မာ့အလင်း

| | | |
|---|---|---|
| **စာတည်းမှူးချုပ်** | - | အောင်နိုင်ဦး |
| **စာတည်းမှူး** | - | စိုးစိုးနိုင် |
| **သတင်းထောက်ချုပ်** | - | မြင့်ဆွေ |
| **စာတည်းများ** | - | ကြည်ဝင်း၊ ဝင်းကျော်၊ ချူးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| **အကြီးတန်းသတင်းထောက်များ** | - | ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ဓာတ်ပုံ)၊ မြတ်မွန်ထွေး |
| **အငယ်တန်းသတင်းထောက်များ** | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| **ထုတ်ဝေခြင်းအမှတ်** | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# မက်ဒရစ်မြို့က အင်္ဂလန်ဒါဘီ

ဝေမိုးဆက်



**၂၀၁၈-၁၉ ရာသီ ဥရောပကလပ်အသင်းဘောလုံးလောကရဲ့ အဓိကပြိုင်ပွဲကြီးဖြစ်တဲ့ ချန်ပီယံလိဂ်ဖိုလ်လုပွဲကြီးကိုတော့ လာမယ့် ဇွန်လ ၂ ရက်နေ့မှာ စပိန်နိုင်ငံ မက်ဒရစ်မြို့ရှိ အက်သလက်တီကိုရဲ့ အိမ်ကွင်းမှာ ကျင်းပသွားမှာ ဖြစ်ပါတယ်။ ဒီနှစ်ချန်ပီယံလိဂ်ဖိုလ်လုပွဲကိုတော့ အင်္ဂလန်နှစ်သင်းဖြစ်တဲ့ စပါးနဲ့လီဗာပူးတို့ တက်ရောက်လာနိုင်ခဲ့တာကြောင့် အင်္ဂလန်ဒါဘီအဖြစ် စိတ်ဝင်စားဖို့ကောင်းနေပါတယ်။ ချန်ပီယံလိဂ်သမိုင်းတစ်လျှောက်ကိုပြန်လည်လေ့လာကြည့်မယ်ဆိုရင်တော့ အင်္ဂလန်ကလပ်အသင်းတွေဟာ ဖိုလ်လုပွဲကို အကြိမ် ၂၀ တိတိတက်ရောက်နိုင်ခဲ့ပေမယ့်လည်း အခုလိုချန်ပီယံလိဂ်ရဲ့နောက်ဆုံးဖိုလ်လုပွဲကြီးမှာ အင်္ဂလန်နှစ်သင်းဆုံတွေ့မှုဟာအရင်ကတစ်ကြိမ်သာ ရှိခဲ့ဖူးပါတယ်။ အဆိုပါ တစ်ကြိမ်ကတော့ မန်ယူနဲ့ ချယ်လ်ဆီးတို့ဆုံတွေ့ခဲ့ကြတဲ့ ၂၀၀၈ ခုနှစ် ဖိုလ်လုပွဲဖြစ်ပြီး အဆိုပါပြိုင်ပွဲတုန်းကတော့ မန်ယူက ပယ်နယ်တီအဆုံးအဖြတ်နဲ့ အနိုင်ရဖိုလ်စွဲခဲ့ဖူးပါတယ်။ ဒါကြောင့် အခုချန်ပီယံလိဂ်ရဲ့ဖိုလ်လုပွဲမှာ အင်္ဂလန်နှစ်သင်း ဆုံတွေ့တဲ့ဒုတိယပွဲစဉ်မှာလည်း ဘယ်အသင်းကဖိုလ်စွဲသွားမလဲဆိုတာ စိတ်ဝင်စားဖို့ကောင်းနေပါတယ်။**

### စပါး

အထူးသဖြင့် ဒီနှစ်ချန်ပီယံလိဂ်ရဲ့နောက်ဆုံးဖိုလ်လုပွဲကို တက်ရောက်လာနိုင်ခဲ့တဲ့စပါးဟာ အရင်ကချန်ပီယံလိဂ်ပြိုင်ပွဲတစ်လျှောက် တစ်ကြိမ်မှ ဖိုလ်စွဲနိုင်ခြင်း မရှိခဲ့သလို နောက်ဆုံးဖိုလ်လုပွဲကြီးကိုလည်း တစ်ကြိမ်မှ တက်ရောက်နိုင်ခြင်းမရှိခဲ့ပါဘူး။ စပါးဟာ ဥရောပအောင်မြင်မှုကို ရယူနိုင်ခြင်းမရှိတဲ့ အသင်းတစ်သင်းတော့မဟုတ်ဘဲ ဖျက်သိမ်းလိုက်ပြီဖြစ်တဲ့ ဥရောပရှုံးထွက်ဖိုလ်များဖလားနဲ့ ယူအီးအက်ဖ်အေ (ယခု ယူရိုပါလိဂ်) တို့ကိုတော့ ရယူထားနိုင်ဖူးတဲ့အသင်းတစ်သင်း ဖြစ်ပါတယ်။ ဒါပေမယ့် ချန်ပီယံလိဂ်ပြိုင်ပွဲမှာတော့ စပါးဟာ အရင်က အမြင့်ဆုံးအဖြစ် ဆီမီးဖိုင်နယ်အဆင့် အထိသာ အမြင့်ဆုံးတက်ရောက်နိုင်ခဲ့တာ ဖြစ်ပါတယ်။ ဒါကြောင့် အခုလိုချန်ပီယံလိဂ် ဖိုလ်လုပွဲကြီးကို ကလပ်သမိုင်းတစ်လျှောက် ပထမဆုံးအကြိမ်အဖြစ် တက်ရောက်လာနိုင်ချိန်မှာ စပါးအနေနဲ့ သမိုင်းသစ်ထပ်မံရေးထိုးနိုင်မလားဆိုတာကလည်း စိတ်ဝင်စားဖို့ ကောင်းနေပါတယ်။

အထူးသဖြင့် စပါးအနေနဲ့ ဒီနှစ်ဖိုလ်လုပွဲမှာ လီဗာပူးကို အနိုင်ရယူနိုင်ပြီး ချန်ပီယံဆုကိုအရယူနိုင်ခဲ့မယ်ဆိုရင် ချန်ပီယံလိဂ်ပြိုင်ပွဲအတွင်း ချန်ပီယံသစ် ပေါ်ထွက်လာမှာ ဖြစ်ပါတယ်။ ဒ့ါအပြင် စပါးဟာ ဥရောပရှုံးထွက်ဖိုလ်များဖလားနဲ့ ယူအီးအက်ဖ်အေဖလား (ယခု ယူရိုပါလိဂ်) တို့ကို အရယူထားနိုင်တာကြောင့် ချန်ပီယံလိဂ်ဖလားကိုသာ ထပ်မံအရယူနိုင်ခဲ့ရင် ဥရောပပြိုင်ပွဲသုံးရပ်စလုံးမှာ ချန်ပီယံဖြစ်ဖူးတဲ့ အသင်းတစ်သင်းအဖြစ် မှတ်တမ်းဝင်လာမှာ ဖြစ်ပါတယ်။ အဆိုပါ ဥရောပပြိုင်ပွဲသုံးရပ်စလုံးမှာ ချန်ပီယံဖြစ်အောင်စွမ်းဆောင်နိုင်တဲ့ အသင်းဆိုလို့လည်း ဥရောပဘောလုံးလောကမှာ များများစားစားမရှိပါဘူး။ ဂျူဗင်တပ်စ်၊ ဘိုင်ယန်၊ အိုင်းယက်စ်၊ ချယ်လ်ဆီး၊ မန်ယူတို့သာ အဆိုပါဥရောပပြိုင်ပွဲသုံးရပ်လုံးမှာ ဖိုလ်စွဲနိုင်အောင်စွမ်းဆောင်ထားနိုင်ပြီး စပါးသာချန်ပီယံလိဂ်ဆုဖလားကို အရယူနိုင်ခဲ့မယ်ဆိုရင်တော့ ဥရောပပြိုင်ပွဲသုံးရပ်လုံးမှာ ဖိုလ်စွဲဖူးတဲ့ ဆဌမမြောက်အသင်းအဖြစ် မှတ်တမ်းဝင်သွားမှာ ဖြစ်ပါတယ်။ ဒီမှတ်တမ်းကလည်း ရီးရဲ၊ ဘာစီလိုနာတို့လို ထိပ်တန်းအသင်းကြီးတွေတောင် ရရှိမထားသေးတဲ့ မှတ်တမ်းဖြစ်တာကြောင့် စပါးအတွက် အဖိုးတန်တဲ့ မှတ်တမ်းတစ်ခု ဖြစ်လာမှာသေချာနေသလို အဆိုပါအချက်တွေကြောင့်လည်း ဒီပွဲမှာ စပါးတို့ခြေကုန်ထုတ်လာမှာ သေချာနေပါတယ်။

### လီဗာပူး

လီဗာပူးကတော့ ဒီနှစ်ချန်ပီယံလိဂ်ဖိုလ်လုပွဲကို တက်ရောက်လာနိုင်ခဲ့တာဟာ ကလပ်သမိုင်းတစ်လျှောက် ချန်ပီယံလိဂ်ဖိုလ်လုပွဲကို ကိုးကြိမ်မြောက်တက်ရောက်လာနိုင်ခဲ့ခြင်းဖြစ်ပါတယ်။ အရင် ဖိုလ်လုပွဲကိုတက်ရောက်လာနိုင်ခဲ့တဲ့ ရှစ်ကြိမ်မှာတော့ လီဗာပူးဟာ ငါးကြိမ်တိတိ ဖိုလ်စွဲအောင်စွမ်းဆောင်ထားနိုင်ခဲ့ပြီး သုံးကြိမ်သာရှုံးနိမ့်ဖူးတဲ့ မှတ်တမ်းကောင်းကိုလည်း ရရှိထားပါတယ်။ လီဗာပူးဟာ ချန်ပီယံလိဂ်ဖိုလ်လုပွဲကို မနှစ်ကရာသီမှာလည်း တက်ရောက်နိုင်ခဲ့တဲ့အသင်းဖြစ်ပြီး ရီးရဲမက်ဒရစ်ကိုအရှုံးနိမ့်ခဲ့ရတာကြောင့် ဒုတိယဆုနဲ့သာကျေနပ်ခဲ့ရတဲ့အသင်းလည်းဖြစ်ပါတယ်။ ဒါကြောင့် လီဗာပူးအနေနဲ့ မနှစ်ကလိုခြေချော်မှုမျိုးမဖြစ်အောင် ဂရုတစိုက်နဲ့ ကစားလာမှာ ဖြစ်သလို လီဗာပူးသာချန်ပီယံလိဂ်ဆုဖလားကိုရယူနိုင်ခဲ့မယ်ဆိုရင်တော့ ချန်ပီယံလိဂ် သမိုင်းတစ်လျှောက် တတိယအအောင်မြင်ဆုံးအသင်းအဖြစ် ရပ်တည်သွားနိုင်မှာဖြစ်ပါတယ်။


ဘာကြောင့်လဲဆိုရင် လီဗာပူးဟာ လက်ရှိအချိန်မှာ ချန်ပီယံလိဂ်ဆုဖလားကို ငါးကြိမ်ရရှိထားပေမယ့် ဒုတိယ သုံးကြိမ်သာရရှိထားလို့ ချန်ပီယံလိဂ်ဆုဖလားကို ငါးကြိမ်ရရှိထားပြီး ငါးကြိမ်ဒုတိယရယူထားနိုင်တဲ့ ဘိုင်ယန်ရဲ့အောက် အဆင့် ၄ နေရာမှာသာ ရပ်တည်နေရတာ ဖြစ်ပါတယ်။ ဒါကြောင့် ဒီတစ်ကြိမ်မှာသာ လီဗာပူးတို့ ချန်ပီယံလိဂ်ဆုဖလားကိုအရယူနိုင်ခဲ့မယ်ဆိုရင် ချန်ပီယံလိဂ်ဆုဖလားကို ၁၃ ကြိမ်ရယူထားနိုင်တဲ့ ရီးရဲ၊ ခုနစ်ကြိမ်ရယူထားနိုင်တဲ့အေစီမီလန်တို့ပြီးရင် ခြောက်ကြိမ်ရယူ နိုင်တဲ့အသင်းအဖြစ် တတိယအအောင်မြင်ဆုံး အသင်းဖြစ်လာမှာလည်းဖြစ်ပါတယ်။ ဒ့ါအပြင် လီဗာပူးဟာ ၂၀၁၂ ခုနှစ်မှာ အင်္ဂလန်လိဂ်ဖလားကိုရယူပြီးတဲ့နောက်ပိုင်း ဆုဖလားလက်မဲ့ဖြစ်ခဲ့တာကြောင့် ဒီချန်ပီယံလိဂ်ဆုဖလားကိုသာ ရယူနိုင်မယ်ဆိုရင် ခုနစ်နှစ်ကြာဆုဖလားလက်မဲ့ဖြစ်နေတဲ့ကာလကိုပါ အဆုံးသတ်နိုင်မှာ ဖြစ်ပါတယ်။ ဒါကြောင့်လည်း လီဗာပူးတို့ ဒီချန်ပီယံလိဂ်ဖိုလ်လုပွဲမှာ ဆုဖလားရယူနိုင်ဖို့ ခြေကုန်ထုတ် ကစားလာမှာဖြစ်ပါတယ်။

### သုံးသပ်ချက်

ဒီလိုနှစ်သင်းစလုံးမှာ ရည်မှန်းချက်တွေ မှတ်တမ်းကောင်းတွေ ရယူနိုင်မယ့် အခြေအနေတွေရှိနေတဲ့အပြင် အင်္ဂလန်ဒါဘီပွဲဖြစ်နေပြန်တာကြောင့် ဒီနှစ်ချန်ပီယံလိဂ်ဖိုလ်လုပွဲက စိတ်ဝင်စားဖို့ပိုမိုပြီး ကောင်းမွန်နေပါတယ်။ ဒ့ါအပြင် ဒီနှစ်သင်းဟာ ဒီနှစ်ပရီမီယာလိဂ်မှာ နှစ်ကြိမ်တိတိဆုံတွေ့ခဲ့ရာမှာလည်း နှစ်ကြိမ်စလုံး လီဗာပူးကသာနိုင်ခဲ့တယ်ဆိုပေမယ့် ခြေစွမ်းမကွာခဲ့ဘဲ လီဗာပူးတို့ နှစ်ဂိုး-တစ်ဂိုးနဲ့သာ အနိုင်ရယူနိုင်ခဲ့တာချည်း ဖြစ်ပါတယ်။ ဒါကြောင့် ဒီဖိုလ်လုပွဲဟာ ပိုမိုအကြိတ်အနယ် ရှိလာဖို့ရှိနေသလို နောက်ဆုံးတွေ့ခဲ့တဲ့ပွဲမှာဆိုရင် လီဗာပူးဟာ စပါးကို ခက်ခက်ခဲခဲ ကစားခဲ့ရကာ နာကျင်အချိန်ပိုမှာမထင်မှတ်ဘဲ အနိုင်ဂိုးရခဲ့လို့သာ နှစ်ဂိုး-တစ်ဂိုး နဲ့အနိုင်ရခဲ့တာ ဖြစ်ပါတယ်။ ဒီပွဲမှာလည်း စပါးအနေနဲ့ အဓိကတိုက်စစ်မှူး ဟယ်ရီကိန်း မပါဝင်နိုင်ဖို့များနေတာကြောင့် တိုက်စစ်ထက် ခံစစ်ကိုသာအားပြုကာ ဆွန်ဟောင်မင်၊ အလီတို့ရဲ့အမြန်နှုန်းနဲ့ တန်ပြန်တိုက်စစ်ကိုအသုံးပြုလာရင် လီဗာပူးတို့ကစားရခက်ခဲ နိုင်ပါတယ်။ ဒ့ါအပြင် လီဗာပူးရဲ့ခံစစ်ကလည်း ကျစ်လျစ်မှုအပြည့်ရှိတာကြောင့် စပါး လည်း ဂိုးရဖို့ရုန်းကန်ရနိုင်ပါတယ်။ ဒါကြောင့် ဒီနှစ်ချန်ပီယံလိဂ်ဖိုလ်လုပွဲဟာ မြင်နိုင်တဲ့ ကံတရားတွေဖြစ်တဲ့ အနီကတ်ပြစ်ဒဏ်နဲ့ ဒဏ်ရာပြဿနာတွေသာ မရှိခဲ့ဘူးဆိုရင်တော့ အပြန်အလှန်သွင်းဂိုးတွေမြင်ရဖို့ခက်ခဲနိုင်ကာ တိုက်စစ်ပိုင်း ပိုကောင်းတဲ့ လီဗာပူးကသာ ကပ်ပြီးအနိုင်ရဖိုလ်စွဲနိုင်မယ်လို့သာ ယူဆမိပါတယ်။ ॥

## ၂၀၁၉ ချန်ပီယံလိဂ်ဖိုလ်လုပွဲ

| | | |
|---|---|---|
| နေ့ | - | ဇွန် ၂ ရက် |
| အချိန် | - | နံနက် ၁း၃၀ |
| ကွင်း | - | **Wanda Metropolitano, Madrid** |
| အသင်း | - | စပါး - လီဗာပူး |
| ကွင်းလယ်ဒိုင် | - | စကိုမီနာ (ဆလိုဗေးနီးယား) |
| ကျင်းပမည့်ပုံစံ | - | မိနစ် ၉၀၊ အချိန်ပို မိနစ် ၃၀၊ ပင်နယ်တီအဆုံးအဖြတ် |
| အရန်လူစာရင်း | - | ၁၂ ယောက် |
| လူစားလဲခွင့် | - | ပွဲချိန်အတွင်း ၃ ဦး၊ အချိန်ပို ၁ ဦး |



## မက်ဆီအား ဥပမာပြု၍ လူငယ်များအား သမ္မတဟောင်း အိုဘားမား အကြံပြုစကားပြောဆို

ဘာစီလိုနာနှင့် အာဂျင်တီးနား တိုက်စစ်ကစားသမား လီယွန်နယ်မက်ဆီအနေဖြင့် အာဂျင်တီးနားလက်ရွေးစင်အသင်းနှင့်အတူ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် အောင်မြင်မှုရရှိရန် ရုန်းကန်နေရခြင်းသည် ကြီးမားသည့် အောင်မြင်မှုကို တစ်ဦးတစ်ယောက်တည်း၏ စွမ်းအားဖြင့် ရရှိနိုင်လိမ့်မည်ဟု ယူဆထားသူများအတွက် သင်ခန်းစာတစ်ခုဖြစ်ကြောင်း အမေရိကန်သမ္မတဟောင်း ဘားရက်အိုဘားမားက နှိုင်းယှဉ်ပြောဆိုမှု ပြုလုပ်ခဲ့သည်။

သမ္မတဟောင်း အိုဘားမားက မက်ဆီအား အံ့အားသင့်ဖွယ်ကောင်းသူဟု ကင်ပွန်းတပ်ပြောဆိုခြင်းလည်း ပြုလုပ်ခဲ့သည်။ ကိုလံဘီယာနိုင်ငံ၏ မြို့တော် ဘိုဂိုတာတွင် ပြုလုပ်ခဲ့သော လူငယ်များအား အားပေးလှုံ့ဆော်ပေးသည့် စကားပြောဆိုခန်းအစီအစဉ်တွင် သမ္မတဟောင်း အိုဘားမားက ယခုကဲ့သို့ ပြောဆိုခဲ့ခြင်းဖြစ်သည်။

"ကျွန်တော်တို့ဟာ ကိုယ်ပိုင်စွမ်းရည် မြင့်တက်လာဖို့အတွက် အခြားသူတွေနဲ့ ပူးပေါင်းလုပ်ဆောင်ရမယ်လို့ တွေးကြတယ်။ အာဂျင်တီးနားလက်ရွေးစင်ဘောလုံးအသင်းကို ကြည့်မယ်ဆိုရင် အဲဒီအသင်းမှာ မက်ဆီလို အံ့အားသင့်ဖွယ်ကောင်းတဲ့ ကစားသမားမျိုးရှိပေမယ့် သူတို့ဟာ ကမ္ဘာ့ဖလား ချန်ပီယံဖြစ်ရေး ကြိုးပမ်းမှုမှာတော့ ပြဿနာတွေရှိနေတာကို တွေ့ရမှာပါ။ လူငယ်တွေကို ကျွန်တော်အကြံပြုချင်တာကတော့ ကိုယ်တစ်ယောက်တည်းရဲ့ စွမ်းအားနဲ့ ကြီးကျယ်ခမ်းနားတဲ့ လုပ်ဆောင်မှုမျိုး လုပ်ဆောင်နိုင်သူအရေးအတွက် အလွန်နည်းပါးတယ်ဆိုတာကို ကျွန်တော်တို့ သတိပြုမိဖို့လိုတယ်ဆိုတာပါပဲ"ဟု ပြောဆိုခဲ့သည်။

အသက် ၃၁ နှစ်အရွယ်ရှိ တိုက်စစ်ကစားသမား မက်ဆီသည် ဘာစီလိုနာအသင်းနှင့်အတူ ဆုဖလားများစွာ ရရှိထားသူဖြစ်သော်လည်း အာဂျင်တီးနားလက်ရွေးစင်အသင်းနှင့်အတူ အဓိကပြိုင်ပွဲကြီးများတွင် ဆုဖလားများ ရယူနိုင်ခြင်းမရှိသေးသူ ဖြစ်သည်။

အာဂျင်တီးနားအသင်းသည် လာမည့် ဇွန် ၁၄ ရက်မှ ဇူလိုင် ၇ ရက်အထိ ဘရာဇီးနိုင်ငံ၌ ကျင်းပမည့် ၂၀၁၉ ခုနှစ် ကိုပါအမေရိကဖလားပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ပြီး အုပ်စု (B)တွင် ကိုလံဘီယာ၊ ပါရာဂွေး၊ ကာတာအသင်းတို့နှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

**ထက်အောင်**

# စာပေနှင့် အနုပညာမူပိုင်ခွင့် ဥပဒေပြဋ္ဌာန်း

*ယမန်နေ့မှအဆက်*

၅၀။ သတ်မှတ်ချက်နှင့် ညီညွတ်သော စာပေ သို့မဟုတ် အနုပညာလက်ရာကို မှတ်ပုံတင်ပေးရန် လျှောက်ထားချက်နှင့် စပ်လျဉ်း၍ မှတ်ပုံတင်အရာရှိသည် -

(က) ပုဒ်မ ၁၃၊ ၁၄၊ ၁၅၊ ၁၆ ပါ အချက်များနှင့် ကိုက်ညီမှု ရှိ မရှိ စစ်ဆေးပြီးနောက် မှတ်ပုံတင်ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းကို စာပေနှင့် အနုပညာမူပိုင်ခွင့်မှတ်ပုံတင်စာရင်းတွင် မှတ်တမ်းတင်ပြီး လျှောက်ထားသူထံ အကြောင်းကြားရမည့်အပြင် မှတ်ပုံတင်ရန် ခွင့်ပြုပါက သတ်မှတ်ထားသည့် နည်းလမ်းနှင့်အညီ ထုတ်ပြန်ကြေညာရမည်။

(ဂ) မှတ်ပုံတင်ရန် ခွင့်ပြုပါက စာပေနှင့် အနုပညာမူပိုင်ခွင့် မှတ်ပုံတင်လက်မှတ်ကို လျှောက်ထားသူအား ထုတ်ပေးရမည်။

၅၁။ (က) စာပေနှင့် အနုပညာမူပိုင်ခွင့်ပိုင်ရှင်သည် ယင်း၏ မှတ်ပုံတင်လက်မှတ်မူရင်း ပျက်စီး သို့မဟုတ် ပျောက်ဆုံးပါက မိတ္တူမှန် ထုတ်ပေးရန် သတ်မှတ်ထားသော အခကြေးငွေပေးသွင်းပြီး မှတ်ပုံတင်အရာရှိထံ လျှောက်ထားနိုင်သည်။

(ခ) မှတ်ပုံတင်အရာရှိသည် စိစစ်၍ စာပေနှင့် အနုပညာမူပိုင်ခွင့် မှတ်ပုံတင်လက်မှတ် မိတ္တူမှန်ကို ထုတ်ပေးရမည်။

၅၂။ စာပေနှင့် အနုပညာမူပိုင်ခွင့်ပိုင်ရှင်သည် မှတ်ပုံတင်စာရင်းတွင် မှတ်တမ်းတင်ထားသော စာအရေးအသားအမှားနှင့် ပြင်ဆင်ခွင့်ပြုနိုင်သည့် အခြားမှားယွင်းမှုကိုလည်းကောင်း၊ နိုင်ငံသားနှင့် နေရပ်လိပ်စာများကိုလည်းကောင်း ပြင်ဆင်ပေးရန် သတ်မှတ်ထားသည့် အခကြေးငွေပေးသွင်းပြီး မှတ်ပုံတင်အရာရှိထံ လျှောက်ထားနိုင်သည်။

၅၃။ ဆက်နွှယ်သည့် အခွင့်အရေးပိုင်ရှင်သည် ဆက်နွှယ်သည့် အခွင့်အရေးရရှိကြောင်း ခိုင်လုံသော သက်သေအထောက်အထား ရရှိစေရန်အလို့ငှာ ဖျော်ဖြေတင်ဆက်မှုနှင့် ဖိုနိုဂရမ်တို့ကို မှတ်ပုံတင်လိုပါက ဤအခန်းပါ မှတ်ပုံတင်ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်နှင့်အညီ မှတ်ပုံတင်အရာရှိထံ လျှောက်ထားနိုင်သည်။

၅၄။ စာပေနှင့် အနုပညာဆိုင်ရာ မူပိုင်ခွင့်သည်လည်းကောင်း၊ ဖျော်ဖြေသူ၊ ဖိုနိုဂရမ် ထုတ်လုပ်သူနှင့် ထုတ်လွှင့်သည့်အဖွဲ့အစည်းများ၏ ဆက်နွှယ်သည့် အခွင့်အရေးများသည်လည်းကောင်း ဤဥပဒေအရ မှတ်ပုံတင်သည်ဖြစ်စေ၊ မတင်သည်ဖြစ်စေ ဤဥပဒေပါ အခွင့်အရေးများကို ရရှိစေရမည်။

## အခန်း (၁၇)

## စာပေနှင့် အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွှယ်သည့် အခွင့်အရေးများကို မှတ်ပုံတင်ခြင်းအား ပယ်ဖျက်ခြင်း

၅၅။ မှတ်ပုံတင်ထားသော စာပေနှင့် အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွှယ်သည့် အခွင့်အရေးနှင့် စပ်လျဉ်းသည့် အခွင့်အရေးတစ်ခုခုသည် ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် အများအကျိုးကိုထိခိုက်ကြောင်း တွေ့ရှိပါက သက်ဆိုင်ရာ ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းသည် အဆိုပါ မှတ်ပုံတင်ထားခြင်းကို ပယ်ဖျက်ရန် မှတ်ပုံတင်အရာရှိထံ လျှောက်ထားနိုင်သည်။

၅၆။ မှတ်ပုံတင်အရာရှိသည် သက်ဆိုင်ရာ ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်း၏ လျှောက်ထားချက်အရ အောက်ပါအချက်တစ်ရပ်ရပ်နှင့် ငြိစွန်းကြောင်း တွေ့ရှိပါက စာပေနှင့် အနုပညာမူပိုင်ခွင့် မှတ်ပုံတင်ထားခြင်း သို့မဟုတ် ဆက်နွှယ်သည့် အခွင့်အရေးအား မှတ်ပုံတင်ထားခြင်းကို ပယ်ဖျက်ရမည် -

(က) ပုဒ်မ ၁၆ ပါ အကာအကွယ်ပေးခြင်းမခံရသည့် စာပေ သို့မဟုတ် အနုပညာလက်ရာဖြစ်ကြောင်း ပေါ်ပေါက်လာခြင်း၊

(ခ) မူလလက်ရာရှင် သို့မဟုတ် စာပေနှင့် အနုပညာမူပိုင်ခွင့်ပိုင်ရှင် သို့မဟုတ် ဆက်နွှယ်သည့် အခွင့်အရေးပိုင်ရှင်သည် မှတ်ပုံတင်ခွင့်ရထိုက်သူ မဟုတ်ကြောင်း ပေါ်ပေါက်လာခြင်း၊

(ဂ) စာပေနှင့် အနုပညာမူပိုင်ခွင့် မှတ်ပုံတင်လက်မှတ် သို့မဟုတ် ဆက်နွှယ်သည့် အခွင့်အရေးမှတ်ပုံတင်လက်မှတ်ကို လိမ်လည်လှည့်ဖြား၍ဖြစ်စေ၊ မမှန်မကန်တင်ပြ၍ဖြစ်စေ၊ သတ်မှတ်ထားသောအရေးပါသည့် အချက်အလက်တစ်ရပ်ရပ်ကို ထိမ်ချန်၍ဖြစ်စေ ရယူထားကြောင်း ပေါ်ပေါက်လာခြင်း၊

(ဃ) စာပေနှင့် အနုပညာမူပိုင်ခွင့် မှတ်ပုံတင် သို့မဟုတ် ဆက်နွှယ်သည့် အခွင့်အရေးမှတ်ပုံတင်ပယ်ဖျက်ရန် လျှောက်ထားခြင်းနှင့် စပ်လျဉ်း၍ မူပိုင်ခွင့်တရားရုံး၏ အပြီးသတ်ဆုံးဖြတ်ချက် သို့မဟုတ် စီရင်ချက်ကို လက်ခံရရှိခြင်း။

၅၇။ မှတ်ပုံတင်အရာရှိသည် စာပေနှင့် အနုပညာမူပိုင်ခွင့်မှတ်ပုံတင်စာရင်း သို့မဟုတ် ဆက်နွှယ်သည့် အခွင့်အရေးမှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ပြီးပါက အဆိုပါ ပယ်ဖျက်ခြင်းကို မှတ်တမ်းတင်၍ စာပေနှင့် အနုပညာမူပိုင်ခွင့်ပိုင်ရှင် သို့မဟုတ် ဆက်နွှယ်သည့် အခွင့်အရေးပိုင်ရှင်ထံ အကြောင်းကြားပြီး သတ်မှတ်ထားသော နည်းလမ်းနှင့်အညီ ထုတ်ပြန်ကြေညာရမည်။

## အခန်း (၁၈)

## အယူခံခြင်း

၅၈။ (က) မှတ်ပုံတင်အရာရှိက ဤဥပဒေအရ ချမှတ်သောဆုံးဖြတ်ချက်တစ်ရပ်ရပ်ကို မကျေနပ်သူသည် ယင်းဆုံးဖြတ်ချက်ကို ထုတ်ပြန်ကြေညာသည့်နေ့ရက်မှ ရက်ပေါင်း ၆၀ အတွင်း အေဂျင်စီထံ အယူခံဝင်နိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ အယူခံမှုတွင် အေဂျင်စီသည် မှတ်ပုံတင်အရာရှိ၏ ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပယ်ဖျက်ခြင်း၊ ပြင်ဆင်ပြောင်းလဲခြင်း သို့မဟုတ် သက်သေခံအထောက်အထားများ ထပ်မံရယူရန် ညွှန်ကြားခြင်း ပြုနိုင်သည်။

(ဂ) ပုဒ်မခွဲ (ခ) အရ သက်သေခံအထောက်အထား ထပ်မံရယူတင်ပြလာလျှင် အေဂျင်စီသည် မှတ်ပုံတင်အရာရှိ၏ ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် ပြင်ဆင်ပြောင်းလဲခြင်း ပြုနိုင်သည်။

၅၉။ အေဂျင်စီက ချမှတ်သော ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ယင်းဆုံးဖြတ်ချက်အကြောင်းကြားစာကို လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၉၀ အတွင်း ဤကိစ္စအလို့ငှာ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က စီရင်ပိုင်ခွင့်အာဏာအပ်နှင်းထားသည့် မူပိုင်ခွင့်တရားရုံးသို့ လျှောက်ထားနိုင်သည်။

## အခန်း (၁၉)

## စာပေနှင့် အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွှယ်သည့် အခွင့်အရေးဆိုင်ရာ စုပေါင်းစီမံခန့်ခွဲသည့် အဖွဲ့အစည်းကို ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၆၀။ စာပေနှင့် အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွှယ်သည့် အခွင့်အရေးဆိုင်ရာ စုပေါင်းစီမံခန့်ခွဲသည့် အဖွဲ့အစည်းကို ဖွဲ့စည်းလိုသူသည် -

(က) သတ်မှတ်ထားသည့် စာပေနှင့် အနုပညာမူပိုင်ခွင့်ကဏ္ဍအလိုက် စုပေါင်းစီမံခန့်ခွဲသည့် အဖွဲ့အစည်းကို တည်ထောင်ခွင့်ပြုရန် အေဂျင်စီသို့ မိမိတို့ အဖွဲ့အစည်း၏ ဖွဲ့စည်းပုံ၊ စည်းမျဉ်း စည်းကမ်းနှင့်အတူ လျှောက်ထားရမည်။

(ခ) ပုဒ်မခွဲ (က) အရ စာပေနှင့် အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွှယ်သည့် အခွင့်အရေးဆိုင်ရာ စုပေါင်းစီမံခန့်ခွဲသည့် အဖွဲ့အစည်းကို ဖွဲ့စည်းရေးအတွက် လျှောက်ထားရာတွင် စာပေနှင့် အနုပညာမူပိုင်ခွင့်ကဏ္ဍအလိုက် သက်ဆိုင်ရာ ကျွမ်းကျင်သော ပညာရှင်တို့ကို အဖွဲ့ဝင်အဖြစ် ပါဝင်လျက် ဖွဲ့စည်းနိုင်သည်။

၆၁။ အေဂျင်စီသည် -

(က) ပုဒ်မ ၆၀ အရ လျှောက်ထားချက်ကိုစိစစ်ပြီး စည်းကမ်းချက်များ သတ်မှတ်၍ ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ခ) သတ်မှတ်ထားသည့် စာပေနှင့် အနုပညာမူပိုင်ခွင့်ကဏ္ဍအလိုက် ဖွဲ့စည်းခွင့်ပြုထားသော စာပေနှင့် အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွှယ်သည့် အခွင့်အရေးဆိုင်ရာ စုပေါင်းစီမံခန့်ခွဲသည့် အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် စပ်လျဉ်း၍ လမ်းညွှန်ခြင်း၊ လိုအပ်ပါက ညှိနှိုင်းပေါင်းစပ်ပေးခြင်း ပြုနိုင်သည်။

၆၂။ စာပေနှင့် အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွှယ်သည့် အခွင့်အရေးဆိုင်ရာ စုပေါင်းစီမံခန့်ခွဲသည့် အဖွဲ့အစည်းသည် သက်ဆိုင်ရာ စာပေနှင့် အနုပညာမူပိုင်ခွင့် ကဏ္ဍအလိုက် -

(က) စာပေနှင့် အနုပညာဆိုင်ရာ ဖန်တီးမှုများကို အားပေးမြှင့်တင်သည့် လုပ်ငန်းများကို ဆောင်ရွက်ရမည်။

(ခ) မူလလက်ရာရှင်နှင့် စာပေနှင့် အနုပညာမူပိုင်ခွင့်ပိုင်ရှင် သို့မဟုတ် ဆက်နွှယ်သည့် အခွင့်အရေးပိုင်ရှင်တို့၏ အခွင့်အရေးများ ရရှိရေးအတွက်လည်းကောင်း၊ ယင်းအခွင့်အရေးများ ထိပါးချိုးဖောက်ခြင်းနှင့် စပ်လျဉ်း၍ အကာအကွယ်ပေးရေးအတွက်လည်းကောင်း စေ့စပ်ညှိနှိုင်းဖြေရှင်းပေးခြင်း ပြုနိုင်သည်။

(ဂ) မူလလက်ရာရှင်နှင့် စာပေနှင့် အနုပညာမူပိုင်ခွင့်ပိုင်ရှင် သို့မဟုတ် ဆက်နွှယ်သည့် အခွင့်အရေးပိုင်ရှင်တို့က အပ်နှံသည့် စာပေ သို့မဟုတ် အနုပညာလက်ရာများ၊ ဖျော်ဖြေတင်ဆက်မှုများ၊ ဖိုနိုဂရမ်များကို လက်ခံခြင်းနှင့် အသုံးပြုသူများထံမှ သင့်တင့်မျှတသော အခကြေးငွေကောက်ခံပြီး ထိုသူတို့အား ပြန်လည်ခွဲဝေပေးခြင်း ပြုနိုင်သည်။

(ဃ) လိုအပ်သောစာပေ သို့မဟုတ် အနုပညာလက်ရာများ၊ ဖျော်ဖြေတင်ဆက်မှုများ၊ ဖိုနိုဂရမ်များကို မပျောက်ပျက်စေရေးအတွက် မူလလက်ရာရှင်၊ စာပေနှင့် အနုပညာမူပိုင်ခွင့်ပိုင်ရှင် သို့မဟုတ် ဆက်နွှယ်သည့် အခွင့်အရေးပိုင်ရှင်၏ ဆန္ဒအရသော်လည်းကောင်း၊ ဝယ်ယူခြင်းဖြင့်သော်လည်းကောင်း စုဆောင်းခြင်းနှင့် ထိန်းသိမ်းခြင်း ပြုနိုင်သည်။

(င) ပြည်ပရှိ စာပေနှင့် အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွှယ်သည့် အခွင့်အရေးဆိုင်ရာ စုပေါင်းစီမံခန့်ခွဲသည့် အဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများနှင့် ဆက်သွယ်၍ အကူအညီများရယူခြင်းနှင့် အကူအညီပေးခြင်းတို့ ပြုနိုင်သည်။

(စ) ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ သတ်မှတ်ထုတ်ပြန်ထားသော စည်းမျဉ်း၊ စည်းကမ်းများနှင့် အေဂျင်စီမှ သတ်မှတ်ထုတ်ပြန်ထားသော စည်းကမ်းချက်များ၊ ညွှန်ကြားချက်များကို လိုက်နာရမည်။

## အခန်း (၂၀)

## မူပိုင်ခွင့်တရားရုံးတည်ထောင်ခြင်း

၆၃။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် -

(က) မူပိုင်ခွင့်ဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ပြစ်မှုကြောင်းအရဖြစ်စေ၊ တရားမကြောင်းအရဖြစ်စေ တရားစွဲဆိုမှုများကို စစ်ဆေးစီရင်ရန် သင့်လျော်သော နယ်မြေဒေသတွင် မူပိုင်ခွင့်တရားရုံးများ တည်ထောင်၍ တရားသူကြီးများကို ခန့်ထားနိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ ခန့်ထားသည့် တရားသူကြီးများအား မူပိုင်ခွင့်ဆိုင်ရာ ကိစ္စရပ်များကို စစ်ဆေးစီရင်နိုင်ရန် စီရင်ပိုင်ခွင့်အာဏာနှင့် လုပ်ပိုင်ခွင့်များကို အပ်နှင်းနိုင်သည်။

(ဂ) ပုဒ်မခွဲ (က) အရ မူပိုင်ခွင့်တရားရုံးများကို တည်ထောင်ခြင်းမပြုမီ မူပိုင်ခွင့်ဆိုင်ရာ ကိစ္စရပ်များကို စစ်ဆေးစီရင်ရန် သင့်လျော်သော တရားရုံးအား မူပိုင်ခွင့်တရားရုံးများ၏ စီရင်ပိုင်ခွင့်အာဏာနှင့် လုပ်ပိုင်ခွင့်များကို အပ်နှင်းနိုင်သည်။

(ဃ) မူပိုင်ခွင့်တရားရုံးများက ချမှတ်သောစီရင်ချက်၊ အမိန့်နှင့် ဆုံးဖြတ်ချက်များအပေါ် အယူခံမှု၊ ပြင်ဆင်မှုများကို စီရင်ပိုင်ခွင့်ရှိသည့် မူပိုင်ခွင့်တရားရုံးများ၏ စီရင်ပိုင်ခွင့်အာဏာနှင့် လုပ်ပိုင်ခွင့်များကို သတ်မှတ်ပေးရမည်။

(င) ပုဒ်မ ၅၉ အရ လျှောက်ထားချက်များကို စစ်ဆေးစီရင်ရန် သင့်လျော်သည့် မူပိုင်ခွင့်တရားရုံးသို့ စီရင်ပိုင်ခွင့်အာဏာနှင့် လုပ်ပိုင်ခွင့်များ အပ်နှင်းရမည်။

## အခန်း (၂၁)

## စာပေနှင့် အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွှယ်သည့် အခွင့်အရေးကို အကောက်ခွန်ဦးစီးဌာနက အကာအကွယ်ပေးခြင်း

၆၄။ အခွင့်အရေးရရှိသူသည် စာပေနှင့် အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွှယ်သည့် အခွင့်အရေး ချိုးဖောက်ထားသည်ဟု စွပ်စွဲခံရသောပစ္စည်းကို နိုင်ငံတော်နယ်နိမိတ်အတွင်းသို့ တင်သွင်းထားကြောင်း သို့မဟုတ် တင်သွင်းလျက်ရှိကြောင်း သို့မဟုတ် တင်သွင်းရန်ရှိကြောင်း သံသယဖြစ်ဖွယ်ရာ အထောက်အထားရှိပါက အဆိုပါပစ္စည်းများ ကုန်သွယ်မှုလမ်းကြောင်းအတွင်းသို့ လွတ်လပ်စွာ ဝင်ရောက်ခွင့်ပြုခြင်းကို ဆိုင်းငံ့မိန့်ထုတ်ပေးရန် သတ်မှတ်ချက်နှင့်အညီ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ထံ လျှောက်ထားနိုင်သည်။

၆၅။ (က) အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်သည် -

(၁) ပုဒ်မ ၆၄ အရ လျှောက်ထားချက်ကို လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်းယင်းလျှောက်လွှာကို လက်ခံကြောင်း သို့မဟုတ် ငြင်းပယ်ကြောင်း လျှောက်ထားသူထံ အကြောင်းကြားရမည်။

(၂) လျှောက်ထားချက်ကိုစိစစ်ရန် လိုအပ်သော သတင်းအချက်အလက်များ မပြည့်စုံခဲ့လျှင် လျှောက်ထားသူမှ အကြောင်းကြားစာ ထုတ်ပြန်သည့်နေ့မှ ၁၅ ရက်အတွင်း သတင်းအချက်အလက်များ ထပ်မံဖြည့်စွက်ပေးပို့စေရန် ယင်း၏ဆုံးဖြတ်ချက်ကို လျှောက်ထားသူထံ အကြောင်းကြားစာပေးပို့၍ ရွှေ့ဆိုင်းရမည်။

(၃) လျှောက်ထားချက်ကိုလက်ခံရာတွင် အာမခံချက်တစ်ရပ်ကို အကောက်ခွန်ဦးစီးဌာနတွင် သတ်မှတ်ချက်နှင့်အညီ လျှောက်ထားသူမှပေးရန် သတ်မှတ်နိုင်သည်။

(၄) လျှောက်ထားချက်ကို ငြင်းပယ်ခဲ့လျှင် အကြောင်းပြချက်ကို ရှင်းလင်းစွာ ဖော်ပြရမည်။

(ခ) လျှောက်ထားသူသည် ပိုမိုတိုတောင်းသော အချိန်ကာလတစ်ခုကို တောင်းဆိုခြင်းမပြုခဲ့လျှင် ပုဒ်မခွဲ (က) ပါ လုပ်ဆောင်မှုများသည် ခြောက်လအထိ သက်ရောက်မှုရှိစေရမည်။

၆၆။ (က) အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်သည် ပုဒ်မ ၆၅ အရ လျှောက်ထားချက်ကို လက်ခံပြီးနောက်ဖြစ်စေ၊ အကောက်ခွန်ဦးစီးဌာန၏ စစ်ဆေးတွေ့ရှိချက်အရဖြစ်စေ စာပေနှင့် အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွှယ်သည့် အခွင့်အရေးချိုးဖောက်ပြီး တင်သွင်းသောပစ္စည်းဖြစ်သည်ဟု ယူဆနိုင်သော ခိုင်လုံသည့် အထောက်အထားများရှိလျှင် အဆိုပါပစ္စည်းများ ကုန်သွယ်မှုလမ်းကြောင်းအတွင်းသို့ လွတ်လပ်စွာ ဝင်ရောက်ခွင့်ပြုခြင်းကို ဆိုင်းငံ့ထားရမည်။ ယင်းသို့ ဆိုင်းငံ့ထားခြင်းကို လျှောက်ထားသူနှင့် တင်သွင်းသူတို့အား ချက်ချင်းအကြောင်းကြားရမည်။

(ခ) အဆိုပါပစ္စည်းသည် စာပေနှင့် အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွှယ်သည့် အခွင့်အရေးချိုးဖောက်ထားသော ပစ္စည်းဖြစ်ကြောင်း လျှောက်ထားသူ၏ တောင်းဆိုချက် မှန်ကန်ကြောင်း သက်သေပြရန် အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်သည် လျှို့ဝှက်သတင်းအချက်အလက်များအား မပေါက်ကြားစေဘဲ ဆိုင်းငံ့ထားသော ပစ္စည်းများကို လျှောက်ထားသူနှင့် တင်သွင်းသူတို့အား လုံလောက်သော စစ်ဆေးခွင့် ပြုရမည်။

၆၇။ (က) လျှောက်ထားသူထံ ဆိုင်းငံ့မိန့်ကို အသိပေး အကြောင်းကြားသည့်နေ့မှ ၁၅ ရက်အတွင်း လျှောက်ထားသူက အမှုကိစ္စ အမှားအမှန်အပေါ် ဆုံးဖြတ်နိုင်ရန် အရေးယူဆောင်ရွက်ခြင်းကို စတင်ဆောင်ရွက်နေကြောင်း သို့မဟုတ် မူပိုင်ခွင့်တရားရုံးမှ ပစ္စည်းစီးဆင်းမှုဆိုင်းငံ့သည့် ယာယီအရေးယူဆောင်ရွက်ချက်များသည် ကြန့်ကြာနေကြောင်း အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ထံ အကြောင်းကြားခဲ့ခြင်းမရှိလျှင် ယင်းပစ္စည်းကို ကင်းလွတ်ခွင့်ပြုရမည်။ သင့်လျော်သော ကိစ္စရပ်များတွင် ထိုသတ်မှတ်သည့် အချိန်ကာလကို ၁၅ ရက်မကုန်ဆုံးမီ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၏ ဆုံးဖြတ်ချက်ဖြင့် ၁၅ ရက် ထပ်မံတိုးနိုင်သည်။

(ခ) ပျက်စီးလွယ်သော ပစ္စည်းဖြစ်ပါက သတ်မှတ်ကာလသည် သုံးရက်ဖြစ်သည်။

*(ဆက်လက်ဖော်ပြပါမည်)*




## ဖခင်အမည်မှန်

သဲကုန်းမြို့နယ်၊ အမှတ်(၁)ရပ်ကွက်၊ ဘုရားကြီးလမ်းနေ မောင်လင်းပြည့်အောင်နှင့်မသီရိကိုကိုတို့၏ ဖခင်အမည်မှန်မှာ ဦးကိုကို ၇/သကန(နိုင်) ၀၀၆၀၀၉ဖြစ်ပါကြောင်း။ **ဦးကိုကို**

## အမည်ပြောင်း

ဦးအေးသိန်း ၁၂/သဃက(နိုင်) ၀၁၁၅၄၆၏ သမီး ပြည်မြို့၊ အထက(၁)သတ္တမတန်း(B)မှ မအေနိုင်ခအား မထက်အေနိုင်ဟု ပြောင်းလဲခေါ်ပါရန်။ **မထက်အေနိုင်**

## မိခင်အမည်မှန်

ကျိုက်လတ်မြို့နယ်၊ အထက (ခွဲ)၊ ကမာချိုင့် နဝမတန်းအောင်မှ မဆုမွန်ကျော်၏ မိခင်အမည်မှန်မှာ ဒေါ်နွယ်နွယ်ဝင်း ၁၄/ကလန(နိုင်) ၀၉၅၇၃၆ဖြစ်ပါကြောင်း။

**ဒေါ်နွယ်နွယ်ဝင်း**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 11U/2749ယာဉ် လက်ဝယ်ရှိသူ ဦးဇော်ယု ၁၀/ဘန (နိုင်)၀၅၇၇၉၅က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းရုံး (ပဲခူး)**

## ကန့်ကွက်နိုင်ပါသည်။

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၈ (သမိုင်း)၊ မြေကွက်အမှတ်-၂ ၁/ဈ၁၊ ဧရိယာ-၃. ၉၃၁ ဧကရှိ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၃)ရပ်ကွက်၊ ရန်ကုန်-အင်းစိန်လမ်း၊ အမှတ်-၁၀၂ (ယခင်-အမှတ်-(၂)စက်နှင့်စက်ကိရိယာပစ္စည်းစက်ရုံ) ဟုခေါ်တွင်သော နှစ် (၆၀)မြေငှားဂရန်မြေကွက်နှင့် မြေပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်ကို အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်လွှင်လွှင်ဇေ (၁၂/စခန(နိုင်)၀၂၈၈၇၄) ထံမှ ကျွန်ုပ်၏မိတ်ဆွေကအပြီးအပိုင်ဝယ်ယူရန် ရောင်းဘိုငွေ၏တစိတ်တဒေသကို ပေးချေပြီးဖြစ်ပါသဖြင့် အဆိုပါမြေကွက်အပေါ် ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို အရောင်းအဝယ်ကိုကန့်ကွက်လိုပါက ယနေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထား မူရင်းစာရွက်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ

**သင်းကြူစိုး LL.B., LL.M.**

တရားလွှတ်တော်ရှေ့နေ (စဉ်- ၆၅၅၆)

ရုံး-အမှတ်-၅၅၊ အခန်း-၂၆၊ တတိယထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း- ၀၁-၃၇၈၇၉၉၊ ၀၉-၅၀-၁၆၃၅၂၊ ၀၉-၇၉၇၉၀၅၉၅၉။

## ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာနအတွက် စက္ကူ၊ ပုံနှိပ်ရေးပစ္စည်းနှင့် စက်အရန်ပစ္စည်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာနအတွက် စက္ကူ၊ ပုံနှိပ်ရေးပစ္စည်းနှင့် စက်အရန်ပစ္စည်းများအား ပြည်တွင်းကျပ်ငွေဖြင့် အောက်ပါအတိုင်း ဝယ်ယူလိုပါသည်-

(က) စက္ကူ ၉မျိုး
(ခ) ပုံနှိပ်ရေးပစ္စည်း ၂၀မျိုး
(ဂ) စက်အရန်ပစ္စည်း ၁၅မျိုး

၂။ အိတ်ဖွင့်တင်ဒါများကို ၃၁-၅-၂၀၁၉ရက်မှ ၇-၆-၂၀၁၉ရက်အထိ နေ့စဉ် နံနက် ၉း၃၀နာရီမှ ညနေ ၄နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန၊ ရုံးအမှတ်(၇)၊ နေပြည်တော်တွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၁၁-၆-၂၀၁၉ရက်တွင် နံနက် ၉း၃၀နာရီမှ ညနေ ၄နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၇)၊ နေပြည်တော်ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်၌ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ကာလထက် ကျော်လွန်သောတင်ဒါများကို ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း-၀၆၇-၄၁၂၃၇၄၊ ၀၆၇-၄၁၂၃၇၅၊ ၀၆၇-၄၁၂၃၉၀တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

| တင်ဒါပုံစံများထုတ်ယူရန်လိပ်စာ | တင်ဒါတင်သွင်းရန်လိပ်စာ |
|---|---|
| ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန<br>ပြန်ကြားရေးဝန်ကြီးဌာန<br>ရုံးအမှတ်(၇)၊ နေပြည်တော်<br>ဖုန်း-၀၆၇-၄၁၂၃၇၄၊ ၀၆၇-၄၁၂၃၇၅ | ကုန်ကြမ်းပစ္စည်းများဝယ်ယူရေးနှင့်စိစစ်ရေးကော်မတီ<br>ပြန်ကြားရေးဝန်ကြီးဌာန<br>ရုံးအမှတ်(၇)၊ နေပြည်တော်<br>ဖုန်း-၀၆၇-၄၁၂၃၇၅၊ ၀၆၇-၄၁၂၃၇၄ |

## ပိုင်ရှင်ကိုယ်တိုင် အမြန်ရောင်းမည်

ကားကောင်းကားသန့်လိုချင် သူများအတွက် ကားအလွန်ကောင်းသော TOYOTA Kluger ACU 20, 1L/---,YGN,2003 Model, 2Wheel, 2.4CC အနက်ရောင်၊ တစ်လက်ကိုင်၊ ကားကောင်းကားသန့်။ ကျပ်သိန်း(၃၉၀)

**ဖုန်း-၀၉-၄၄၈၈၁၁၇၄၇၊ ၀၉-၄၄၈၈၁၁၇၉၇**

## တစ်ဦးတည်း ဖြစ်ပါကြောင်း

မိတ္ထီလာမြို့နယ်၊ ကျွဲတလင်းအုပ်စု၊ မယ်ဇလီပင်ကျေးရွာနေ မောင်အေးမြတ်မင်း(အဋ္ဌမတန်း)၏ ဖခင် ဦးအောင်ဝင်းမိုး (ခ)ဦးအောင်အောင် ၉/မထလ(နိုင်) ၀၇၅၇၂၆ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## မိခင်အမည်မှန်

ချောက်မြို့နယ်၊ စလေမြို့၊ အထကအဋ္ဌမတန်းမှ မောင်စိုင်းကိုခန့်၏ မိခင်အမည်မှန်မှာ ဒေါ်စု ၈/ခမန (နိုင်) ၂၂၆၀၄၆ ဖြစ်ပါကြောင်း။

## အမည်ပြောင်း

ဦးသန်းထွန်း၏သား အထက (ပုဏ္ဏားကျွန်း) သတ္တမတန်းမှ မောင်လှိုင်လှိုင်သန်းအား မောင်ဖြိုးသူရ ဟုပြောင်းလဲခေါ်ပါရန်။

**မောင်ဖြိုးသူရ**

## ဖခင်အမည်မှန်

၂၀၁၈-၂၀၁၉ ပညာသင်နှစ် ပဲခူးတိုင်းဒေသကြီး ဝေါမြို့ အမက ချမ်းမြသာစည်(မူလွန်) စတုတ္ထတန်းမှ မဆုထူးပြည့်စုံ၏ ဖခင် အမည်မှန်မှာ ဦးမြင့်ဦး ၁၀/ကထန(နိုင်) ၀၉၂၉၈၃ ဖြစ်ပါကြောင်း။

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၆င/၆၆၉၈ ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ကန့်ကွက်နိုင်ပါကြောင်း

မိုးညှင်းမြို့၊ နားခါရပ်ကွက်၊ ကွင်းအမှတ်၄၀၊ အကွက်အမည် (မုံလာခင်း)၊ ဦးပိုင်အမှတ် ၃၂၊ ဧရိယာ(၀ဒသမ၀၃၅)ဧကရှိမြေ ကွက်၏မြေငှားဂရန်သည် ဦးကျော်ဆွေ-ဒေါ်ဝင်းမာအောင်တို့၏အမည်ပေါက် ဖြစ်ပါသည်။

မြေငှားဂရန်မူရင်းမှာ ပျောက်ဆုံးသွားပါသဖြင့် မြေငှားဂရန်အသစ်ပြန်လည်လျှောက်ထားသည်ကို ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မိုးညှင်းမြို့သို့ အထောက်အထားပြည့်စုံစွာဖြင့် ကန့်ကွက်နိုင်ပါ ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးကျော်ဆွေ ၁/မညန(နိုင်) ၀၉၁၆၁၇**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကိုင်မြို့နယ်၊ မြို့သစ်ရပ်ကွက်နေ ဦးသန်းစိန် ၉/စကတ(နိုင်) ၀၀၄၉၆၈-(ဒေါ်တင်မြ)တို့၏သား မောင်ဘဏ်လင်း ၉/စကတ (နိုင်) ၀၇၁၅၁၁မှာ မိဘနှင့်ဆွေမျိုးများ၏ ပြောဆိုဆုံးမမှုတို့အား မနာခံခြင်း၊ မိဘများ ခွင့်မလွှတ်နိုင်သည့် အပြုအမူများကို အကြိမ်ကြိမ်ပြုလုပ်ကျူးလွန်နေသည့်အတွက် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။ ၎င်းနှင့်ပတ်သက်သော မည်သည့်ကိစ္စကိုမျှ ဖြေရှင်းပေးမည် မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

ဖခင်

**ဦးသန်းစိန် ၉/စကတ(နိုင်)၀၀၄၉၆၈**

## အမည်မှန်

မြောက်ဦးမြို့နယ်၊ ဝက်လှ ကျေးရွာ(အလက) သတ္တမတန်းမှ မမြတ်နှင်းဝေ၏ အမည်မှန်မှာ မဇင်မာသန်းဖြစ်ပါကြောင်း။

**မဇင်မာသန်း**

## ဖခင်အမည်မှန်

ပျော်ဘွယ်မြို့နယ်၊ ရွှေညောင်ဖူးကျေးရွာ အထက(၈) ပဉ္စမတန်းမှ မဆောင်းနှင်းဖြူ၏ ဖခင်အမည်မှန်မှာ ဦးဇော် ၉/ပဘန(နိုင်) ၀၆၈၈၈၃ ဖြစ်ပါကြောင်း။ **ဦးဇော်**

## ဖခင်အမည်မှန်

ပျော်ဘွယ်မြို့နယ်၊ မြောက်ညောင်ကုန်းကျေးရွာ(အထက)နဝမတန်းမှ မသိမ့်ရွှေစင်၏ ဖခင်အမည်မှန်မှာ ဦးဌေးအောင် ၉/ပဘန(နိုင်) ၂၀၉၂၆၇ ဖြစ်ပါကြောင်း။ **ဦးဌေးအောင်**

## မိဘအမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မြို့နယ်၊ မကျီးကုန်း(စေ) အထက(ခွဲ) နဝမတန်းမှ မအိရွှေစင်ဝင်း၏ မိဘအမည်မှန်မှာ ဦးအေးဝင်းနိုင် ၉/ပဘန(နိုင်) ၀၅၈၂၃၈-ဒေါ်ခင်မာရီတို့ဖြစ်ပါကြောင်း။

**ဦးအေးဝင်းနိုင်-ဒေါ်ခင်မာရီ**

## မိဘအမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မြို့နယ်၊ (၃)လျှော်ဖြူကုန်း အထက(၁၀) အဋ္ဌမတန်းမှ မောင်ကံထူးနောင်၏ မိဘအမည်မှန်မှာဦးရဲဝင်း ၉/ပဘန(နိုင်) ၂၀၄၉၉၉- ဒေါ်အေးအေးဆန်းတို့ ဖြစ်ပါကြောင်း။

**ဦးရဲဝင်း-ဒေါ်အေးအေးဆန်း**

## ပျောက်ဆုံးကြောင်း

ကျွန်တော် စိုင်းကျော်လှ ၁၃/တယန(နိုင်)၀၆၉၅၇၄ ၏ Passsport No(မမှတ်မိ) မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၆၉၄၈၇၈၀၂၂**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၈/သမိုင်း၊ မြေကွက်အမှတ် ၃၃၊ မြေကွက်တည်နေရာအမှတ် (၃၂၆)၊ အောင်သိဒ္ဓိလမ်း၊ (၃) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ (မစောမြ) အမည်ပေါက် A ရှာမြေ၊ ၃(က)ဝန်ခံချက်ထုတ်ပေးမြေအား အမည်ပေါက်ထံမှ အရပ်ကတိအရောင်းအဝယ်စာချုပ်အဆက်အစပ်များဖြင့် ဝယ်ယူပိုင်ဆိုင်လာသူ ဒေါ်ယဉ်မေမှ (တရားလို)ပြုလုပ်၍ မရမ်းကုန်းမြို့နယ်တရားရုံး၌ တရားမကြီးမှုအမှတ်၂၃/၂၀၁၆ (၁၅-၃-၂၀၁၇)ဖြင့် အရောင်းအဝယ်စာချုပ် ချုပ်ဆို ပေးစေလိုမှုဖြင့် ဒေါ်စောမြ၊ ဒေါ်မြ သောင်းတို့အား(တရားပြိုင်)ထားရှိပြီး တရားစွဲဆိုခဲ့ရာ တရားလိုမှအနိုင်ဒီကရီရရှိခဲ့ပါသည်။ တရားမဇာရီမှု အမှတ် ၉/၂၀၁၇ အရ တရားရုံးကိုယ်စားဆောင်ရွက်ရန်အတွက် တရားရုံးမှ တာဝန်ပေးအပ်ခြင်းခံရသူ ဒေါ်ဦးဆန်းရီ(ဘီလစ်)မှတရားရုံးအမိန့်၊ တရားရုံးမှ ဘီလစ်ခန့်အပ်စာ၊ ၃(က)အထောက်အထားတို့ကို တင်ပြ၍ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသေ ာအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## စာအုပ် စာပေ လူ့မိတ်ဆွေ


# inet Air Conditioner

အဲယားကွန်း ဖြန့်ချိရေး 3 Years Warranty Compressor

1Hp(410A) - 295000 (စက်သီးသန့်) TAC-09R
1Hp(R22) - 275000 (စက်သီးသန့်) TAC-09
1.5Hp(R22) - 305000 (စက်သီးသန့်) TAC-12

ဖရိန်း ၁စုံ - 7000 , Safeguard ၁လုံး - 13000
ကြေးပိုက် 1ပေ - 3500, တပ်ဆင်လက်ခ 1လုံး - 15000

အမှတ်(၄)၊မြဇေယျာလမ်း၊၃ရပ်ကွက်၊ကမာရွတ်မြို့နယ်/ယုဇနပလာဇာပထမထပ်F4,5,6,7
Inet Facebook Page & Shop.mm.com/09254207759, 09260443971

## ကမ္ဘာ့ဘဏ်ချေးငွေဖြင့် ဆောင်ရွက်မည့် ရှေ့ပြေးစီမံကိန်း (Pilot Project) အတွက် တင်ဒါအနိုင်ရရှိသူများအား ကြေညာခြင်း

၁။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနသည် ဆက်သွယ်ရေးဥပဒေပုဒ်မ ၅၄ ပါ ပြဋ္ဌာန်းချက်နှင့်အညီ အများပြည်သူအကျိုးငှာ နေရာဒေသမရွေး အခြေခံဆက်သွယ်ရေးလိုအပ်ချက် ဖြည့်ဆည်းရေး အစီအစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး ရှေ့ပြေးစီမံကိန်း (Pilot Project) အဖြစ် ကမ္ဘာ့ဘဏ်ချေးငွေကို အသုံးပြု၍ မြို့နယ်(၄)မြို့နယ် (စေတုတ္တရာ၊ ဖားဆောင်း၊ မင်းပြားနှင့်အမ်း)တို့တွင် အခြေခံဆက်သွယ်ရေးလိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်နိုင်ရန် ၉-၁၁-၂၀၁၈ရက်မှ ၆-၃- ၂၀၁၉ ရက်အထိ တင်ဒါခေါ်ယူခဲ့ပါသည်။

၂။ တင်ဒါဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် အော်ပရေတာများ၏ အဆိုပြုလွှာများကို USF Pilot Project တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီနှင့် Consultant တို့မှ တင်ဒါစည်းမျဉ်း၊ စည်းကမ်းများနှင့်အညီစိစစ်ခဲ့ရာ မင်းပြားမြို့နယ် (Lot 3) အတွက် USD 206, 272 (အမေရိကန်ဒေါ်လာ နှစ်သိန်းခြောက်ထောင်နှစ်ရာ ခုနစ်ဆယ်နှစ်)ဖြင့် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့် အမ်းမြို့နယ် (Lot 4) အတွက် USD 1,138,728 (အမေရိကန်ဒေါ်လာတစ်သန်း တစ်သိန်းသုံးသောင်း ရှစ်ထောင်ခုနစ်ရာနှစ်ဆယ်ရှစ်)ဖြင့် တယ်လီနောမြန်မာလီမိတက်တို့အား တင်ဒါအနိုင်ရရှိသူများအဖြစ် ရွေးချယ်ခဲ့ကြောင်း ကြေညာအပ်ပါသည်။

**ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန**
**ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန**

## မွန်ပြည်နယ်အစိုးရအဖွဲ့ မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ကွပ်ကဲမှုအောက်ရှိ မော်လမြိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် မော်လမြိုင်မြို့တွင် အောက်ပါမြို့ရေပေးရေးဆက်စပ်လုပ်ငန်းများကို ဆောင်ရွက်ရန် စိတ်ပါဝင်စားသူ မြန်မာနိုင်ငံသားလုပ်ငန်းရှင်များမှ မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ရုံး၊ မော်လမြိုင်မြို့တွင် ၃-၆-၂၀၁၉ ရက်မှ ၂၈-၆-၂၀၁၉ ရက်ထိ ရုံးချိန်အတွင်း တင်ဒါလျှောက်လွှာဝယ်ယူတင်သွင်းနိုင်ပါသည်-

**Lot. No(1) Pump နှင့် Control စနစ်တပ်ဆင်ခြင်း(Q-500 $m^3$/hr,h-15m)**

**Lot.No(2)400KVA Tranformer တပ်ဆင်ခြင်းနှင့်**

**11KV ဓာတ်အားလိုင်းသွယ်တန်းခြင်း**

**Lot. No(3) Intake Pump မှ Detention Pond သို့ ပိုက်လိုင်းဆက်သွယ်ခြင်း**

၂။ အသေးစိတ်သိရှိလိုပါက မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ရုံးသို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၀၉-၅၂၃၂၂၅၂၊ ၀၉-၇၉၁၇၉၁၃၉၃ နှင့် ၀၉-၄၂၀၇၀၁၉၆၀ တို့သို့ ဖြစ်စေ ရုံးချိန်အတွင်း မေးမြန်းစုံစမ်းနိုင်ပါသည်။

**မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့**

## ဆောက်လုပ်ရေးဝန်ကြီးဌာန အဆောက်အဦဦးစီးဌာန အဆောက်အဦအထူးအဖွဲ့(၁၀) စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာ အမှတ်စဉ်(၃/၂၀၁၉) အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အဆောက်အဦဦးစီးဌာန အဆောက်အဦအထူးအဖွဲ့(၁၀)၊ မုံရွာမှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ချင်းပြည်နယ်၊ မတူပီမြို့၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှူးရုံး(၁၂၀'×၁၃၆'×၄၀') အဆောက်အဦ ဆောက်လုပ်ခြင်းလုပ်ငန်းအတွက် လိုအပ်သောတည်ဆောက်ရေး ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

| | |
|---|---|
| **တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်** | - ၇-၆-၂၀၁၉ ရက် |
| **တင်ဒါလျှောက်လွှာပိတ်မည့်ရက်** | - ၂၀-၆-၂၀၁၉ ရက် |
| **တင်ဒါဖွင့်ပွဲကျင်းပမည့်ရက်** | - ၂၁-၆-၂၀၁၉ ရက် |
| **တင်ဒါဖွင့်ပွဲကျင်းပမည့်နေရာ** | - ပြည်နယ်အစိုးရအဖွဲ့ရုံး၊ ဟားခါးမြို့ |

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အဆောက်အဦဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး အဆောက်အဦအထူးအဖွဲ့(၁၀)၊ မုံရွာမြို့တွင် ၇-၆-၂၀၁၉ ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။ တင်ဒါတင်သွင်းမည့် အသေးစိတ်အချက်အလက်များကို ဖုန်း-၀၉-၄၂၀၂၂၁၀၄၉၊ ၀၉-၄၅၀၅၄၀၃၇၁၊ ၀၉-၄၀၀၄၀၆၀၆၉၊ ၀၉-၃၁၁၁၆၄၆၅ တို့သို့ ဆက်သွယ် စုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

### အမည်ပြောင်း

စစ်တွေမြို့၊ ထက်မြတ်ထွန်း ကိုယ်ပိုင်အထက်တန်းကျောင်း၊ တက္ကသိုလ်ဝင်တန်းမှ (ဘ)ဦးမောင်စောသိန်း၏သမီး မအေးမျိုးဝေအား မမြတ်အေးလှိုင် ၁၁/ပဏတ(နိုင်)၁၁၅၄၄၇ဟု ပြောင်းလဲခေါ်ပါရန်။

### ဖခင်အမည်မှန်

ကျောက်မဲမြို့၊ အထက (၄)၊ စတုတ္ထတန်းမှ မမြတ်နိုးအိမ်၊ ဒုတိယတန်းမှ မောင်ကောင်းခန့်သူတို့၏ ဖခင်အမည်မှန်မှာ ဦးနန်ခမ်းပွန် ၁၃/ကမန(နိုင်)၀၈၇၂၄၂ ဖြစ်ပါကြောင်း။

**ဦးနန်ခမ်းပွန်**

### ဖခင်အမည်မှန်

ပုဏ္ဏားကျွန်းမြို့နယ်၊ ယိုးတရုတ် အထက၊ န၀မတန်းမှ မသိန်းနုအေး၏ ဖခင်အမည်မှန်မှာ ဦးမောင်အေးဆန်း ဖြစ်ပါကြောင်း။

### အမည်မှန်နှင့် ဖခင်အမည်မှန်

ကျောက်မဲမြို့၊ အမက(၉)၊ ပဉ္စမတန်းမှ နန်းရှန်လီ၏ အမည်မှန်မှာ နန်းဆိုင်လီဖြစ်ပြီး၊ ယင်း၏ဖခင် ဦးမွမ်းနှင့် စိုင်းပန်တိတ ၁၃/သပန(နိုင်)၀၆၃၀၅၁သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**စိုင်းပန်တိတ**

### မိခင်အမည်မှန်

မင်းပြားမြို့နယ်၊ သံရှင်အုပ်စု၊ သင်္ဘောကျေးရွာနေ မောင်အောင်သန်းလင်း၏ မိခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဒေါ်ကြွဇံလှ ၁၁/မပန(နိုင်)၁၃၃၉၁၄ ဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်

ကျောက်မဲမြို့၊ အထက (၃) ကျောင်းတွင် တာဝန်ထမ်းဆောင်ခဲ့သော ဒေါ်သဇင် (အလယ်တန်းပြ)၊ ၁၃/လရန(နိုင်)၀၈၃၂၄၈၏ ဖခင်အမည်မှန်မှာ ဦးညွန့်ဝေ ဖြစ်ပါကြောင်း။

### ပျောက်ဆုံးကြောင်း

ကျွန်မ မဖနချိန်လွင် ၁၃/လရန(နိုင်)၀၉၇၉၇၆၊ နိုင်ငံကူးလက်မှတ် MA 100544 သည် ပျောက်ဆုံးပါကြောင်း ကြေညာအပ်ပါသည်။

### အမည်မှန်

ကျောက်မဲမြို့၊ အလက(ခွဲ)၊ အမက(၆)၊ ဒုတိယတန်းမှ မရွှေနွေဦး၏ အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ နန်းဖြူဖြူအေးဖြစ်ပါကြောင်း။

## မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ထူးကဲဒီရေတက်မည့်အကြောင်းသတိပေးချက်

၂၀၁၉ခုနှစ်၊ ဇွန်လ(၄)ရက်မှ ဇွန်လ(၆)ရက်အထိ ကာလအတွင်းတွင် ရန်ကုန်မြစ်အတွင်း အခြေခံရေစစ်မျဉ်းအထက် အမြင့်ပေ၂၀ဒသမ၀၀ပေခန့်မှ ၂၀ဒသမ၃၀ပေခန့်အထိ သာမန်ထက် ထူးကဲဒီရေတက်ဖွယ်ရှိကြောင်း၊ ယင်းထူးကဲ ဒီရေနှင့်ပတ်သက်၍ ယခင် ၂၀၁၄-၂၀၁၅ခုနှစ်များတွင် ရန်ကုန်မြစ်အတွင်း အခြေခံရေစစ်မျဉ်း အထက်အမြင့်ပေ(၂၂)ပေခန့်ထိတက်ခဲ့ဖူးသဖြင့် စိုးရိမ်ဖွယ်မရှိကြောင်း၊ ရန်ကုန်မြစ်၏ခန့်မှန်းဒီရေအမြင့်သည် အခြေခံရေစစ်မျဉ်း အထက်အမြင့်(၂၀)ပေ ကျော်လွန်နိုင်သည့်အခါ မြစ်ကမ်းနားဒေသများအနီး နေထိုင်ကြသောလုပ်သားပြည်သူများအား ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ထားနိုင်ရန်အလို့ငှာ ယခုကဲ့သို့ သတိပေးသတင်းထုတ်ပြန်ခြင်းဖြစ်ကြောင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ အသိပေးအကြောင်းကြားအပ်ပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် မြန်မာနိုင်ငံစာရင်းကောင်စီ အရည်အချင်းစစ်စာမေးပွဲဖြေဆိုရန်လျှောက်လွှာခေါ်ယူခြင်း

၁။ နိုင်ငံခြားတိုင်းပြည်များမှ စာရင်းပညာလက်မှတ်ရရှိထားသည့် နိုင်ငံသားများအား လက်မှတ်ရပြည်သူ့စာရင်းကိုင်များအဖြစ် မှတ်ပုံတင်ရန်အရည်အချင်းစစ်စာမေးပွဲကို ၂၀၁၉ခုနှစ်၊ ဇူလိုင်လအတွင်း ကျင်းပမည်ဖြစ်ပါသည်။

၂။ အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုခွင့်ရှိသူများ၊ သင်ရိုးညွှန်းတမ်း၊ ဖြေဆိုရမည့်နေရာ၊ အချိန်စာရင်း၊ လျှောက်လွှာတင်သွင်းရန်အချက်အလက်များကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ရန်ကုန်သင်တန်းကျောင်း၊ အမှတ်၁/၁၉၊ သခင်မြပန်းခြံလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့ရှိ ကြော်ငြာသင်ပုန်းနှင့် မြန်မာနိုင်ငံစာရင်းကောင်စီ၏ Website www.oagmac.gov.mm တွင် ကြေညာထားပါမည်။

၃။ ဖုန်းနံပါတ် ၀၁-၂၂၇၂၄၆၊ ၀၁-၂၂၃၁၄၃ သို့လည်းဆက်သွယ်မေးမြန်းနိုင်ပါသည်။

**မြန်မာနိုင်ငံစာရင်းကောင်စီ**

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ လမ်းတံတားဌာန အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ လမ်းတံတားဌာနမှ လမ်းလုပ်ငန်းများတွင် အသုံးပြုရန်အတွက်လိုအပ်သော Pre-Heated Bulk Bitumen (60/70)(အသင့်ကျိုကတ္တရာအရည်ပြည့်-၆၀/၇၀)အား အိတ်ဖွင့်တင်ဒါ (Open Tender)ခေါ်ယူ၍ ဝယ်ယူမည်ဖြစ်ပါသဖြင့် အိတ်ဖွင့်တင်ဒါ တင်သွင်းနိုင်ပါရန် ဖိတ်ခေါ်ပါသည်။

| | | |
|---|---|---|
| (က) | **ဝယ်ယူမည့်ပစ္စည်း** | - အသင့်ကျိုကတ္တရာအရည်ပြည့် (၆၀/၇၀) Pre-Heated Bulk Bitumen (60/70) |
| (ခ) | **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** | - ၂၀၁၉ ခုနှစ်၊ မေ ၃၀ ရက် |
| (ဂ) | **တင်ဒါပိတ်မည့်ရက်နှင့်အချိန်** | - ၂၀၁၉ ခုနှစ်၊ ဇွန် ၂၇ ရက် (ကြာသပတေးနေ့) မွန်းတည့် ၁၂ နာရီ |
| (ဃ) | **တင်ဒါရောင်းချမည့်နေရာနှင့် တင်သွင်းရမည့်နေရာ** | - လမ်းတံတားဌာန၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ |
| (င) | **တင်ဒါတစ်စုံရောင်းဈေးနှုန်း** | - တစ်စုံလျှင်(၁၅၀၀၀ိ/-)နှုန်းဖြင့် ရုံးချိန်အတွင်းဝယ်ယူနိုင်ပါသည်။ |

အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်ပုံစံနှင့် အချက်အလက်များကို အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း လမ်းတံတားဌာန- ဖုန်း-၀၂-၄၀၃၆၁၇၁၊ လိုင်းခွဲ ၁၅၇သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

### တစ်ဦးတည်းဖြစ်ပါကြောင်း

မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါခရိုင်၊ ဆောမြို့နယ်၊ ကြီးကျေးရွာနေ မောင်ဖြိုးသူရလင်း၏မိခင် ဒေါ်စန်းစန်းဝေ(ခ) ဒေါ်ကေသီဦး ၈/ကထန(နိုင်)၀၀၅၅၁၂ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

### ပတ်စ်ပို့ပျောက်

ကျွန်တော် မောင်အောင်ကျော်စိုး ၉/တကန(နိုင်)၀၁၃၁၁၅ ၏ ပတ်စ်ပို့နံပါတ် MD-793671 မှာ ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၉၂၈၆၀၈၆၅**

### ပတ်စ်ပို့ပျောက်

ကျွန်တော် ဦးခင်မောင်နိုင် ၉/တကန (နိုင်)၀၁၈၈၃၄၏ ပတ်စ်ပို့နံပါတ် MD-528308 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၈၉၈၁၃၆၆၇၁**

### ပတ်စ်ပို့ပျောက်

ကျွန်တော် မောင်ဟိန်းလတ် ၁၄/ဒဒရ (နိုင်)၂၁၈၆၀၃၏ ပတ်စ်ပို့နံပါတ် MD-793691မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၈၉၁၈၄၀၃၈၈**

## နှစ်ဦးသဘောတူကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်းကြေညာခြင်း

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ ရမ်ပူရပ်ကွက်၊ အမှတ် (၂၄/၂၂၀၆)နေ ကျွန်မ ဒေါ်ခင်သီတာအောင် ၁/မကန(နိုင်)၀၉၈၅၀၉နှင့် ဦးသန်းမင်းဦး ၁/မကန(နိုင်)၀၉၇၈၄၄တို့သည် ၂၄-၅-၂၀၁၉ရက်တွင် တရားသူကြီးရှေ့မှောက်၌ နှစ်ဦးသဘောတူ တရားဝင်ကွာရှင်းပြတ်စဲပြီးဖြစ်ပါသဖြင့် နောက်နောင် ဦးသန်းမင်းဦးနှင့်ပတ်သက်သည့် အရှုပ်အရှင်းပြဿနာမှန်သမျှကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခင်သီတာအောင်**

## လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်း အများသိစေရန်

မော်လမြိုင်မြို့၊ ပဲခူးချောင်ရပ်နေ ဦးပြည်စိုးဦး ၁၀/မလမ(နိုင်)၂၃၇၀၇၈နှင့် ညောင်ဦးမြို့၊ တက်သိမ်း(မ)ရပ်နေ ဒေါ်နိုကိုဇူး ၉/ညဥန(နိုင်)၁၉၄၃၆၆ တို့သည် တစ်ဦးနှင့်တစ်ဦး ပေါင်းသင်းရန် ဆန္ဒမရှိတော့၍ ၈-၄-၂၀၁၉ ရက်မှစ၍ ညောင်ဦးခရိုင်တရားရုံးတွင် ကွာရှင်းပြတ်စဲပြီးဖြစ်ပါ၍ တစ်ဦးနှင့်တစ်ဦး မည်သို့မှ သက်ဆိုင်ခြင်းမရှိတော့ပါ၍ မည်သည့်နှောင့်ယှက်မှုကိုမျှ မပြုလုပ်ရန်နှင့် ထပ်မံပြုလုပ်ပါက ဥပဒေအရ ဆောင်ရွက်မည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးပြည်စိုးဦး**
**၁၀/မလမ(နိုင်)၂၃၇၀၇၈**

## တိရစ္ဆာန်ဥယျာဉ် (ရန်ကုန်) တွင်ယာဉ်ရပ်နားစခန်းတင်ဒါခေါ်ယူခြင်း

တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)ရှိမြောက်ဂိတ်၊ တောင်ဂိတ်နှင့်ပြတိုက်ဂိတ် ယာဉ်ရပ်နားစခန်းတို့အား Open တင်ဒါစနစ်ဖြင့် တင်ဒါခေါ်ယူသွားမည်ဖြစ်ပါသည်။

| | | |
|---|---|---|
| (က) | တင်ဒါသွင်းရမည့်နေ့စွဲ | - ၃.၆.၂၀၁၉ ရက်နေ့ (တနင်္လာနေ့) |
| (ခ) | တင်ဒါအမျိုးအစား | - Open တင်ဒါ |
| (ဂ) | လုပ်ငန်းစတင်ရမည့်နေ့ရက် | - ၅.၆.၂၀၁၉ ရက်နေ့ (ဗုဒ္ဓဟူးနေ့) |
| (ဃ) | တင်သွင်းရမည့် လုပ်ငန်း အာမခံကြေး | - တင်ဒါအောင်မြင်သည့်ဈေးနှုန်း၏ (၂)ဆ |
| (င) | တင်ဒါသက်တမ်း | - (၅.၆.၂၀၁၉)ရက်နေ့မှ (၄.၆.၂၀၂၀)ရက်နေ့ထိ |

(အသေးစိတ်အချက်အလက်များအားအောက်ပါလိပ်စာနှင့် ဖုန်းနံပါတ်များအတိုင်းဆက်သွယ်စုံစမ်းနိုင်ပါသည်။)

တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)၊ ကန်လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။ ဖုန်း - ၀၁- ၃၇၀၉၇၅၊ ၃၇၁၁၂၀ (လိုင်းခွဲ - ၁၀၇) ၊Hot Line - ၀၉ - ၉၅၃၄၇၇၇၆၄ ၊ ၀၉ - ၄၄၈၀၀၇၅၂၇ (စီမံမန်နေဂျာ)။

## မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)မှ တင်ဒါခေါ်ယူခြင်း

မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)မှ တာဝန်ယူဆောင်ရွက်လျက်ရှိသော တေးသီချင်းမူပိုင်ခွင့်နှင့် ပတ်သက်သည့် လုပ်ငန်းများ(FM Radio များမှ အနုပညာကြေးများကောက်ခံခွဲဝေခြင်း၊ KTV၊ ကာရာအိုကေလုပ်ငန်းများမှ အနုပညာကြေးများ ကောက်ခံခွဲဝေခြင်း)တွင် ပိုမိုပြည့်စုံသေချာသော နည်းပညာဖြင့် ဆောင်ရွက်သွားရန်ရှိပါသည်။

ထို့ကြောင့် မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)နှင့်လက်တွဲရန် အထက်ဖော်ပြပါလုပ်ငန်းများအား တိကျပြည့်စုံသောနည်းပညာဖြင့် အမှန်ကန်ဆုံး ဆောင်ရွက်ပေးနိုင်မည့် နည်းပညာကုမ္ပဏီများအား အောက်ပါအစီအစဉ်အတိုင်း ထပ်မံတင်ဒါဖိတ်ခေါ်အပ်ပါသည်။

စိတ်ပါဝင်စားသောလုပ်ငန်းရှင်များ မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို) ရုံးခန်းတွင် အချက်အလက်အပြည့်အစုံ စုံစမ်းနိုင်ပါသည်။

| | |
|---|---|
| **တင်ဒါနေရာ** | - မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)၊ အမှတ်(၂)၊ ဓမ္မဒါနလမ်း၊ နတ်ချောင်းရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ |
| **တင်ဒါပိတ်ရက်** | - ၁၂-၆-၂၀၁၉ရက်(ဗုဒ္ဓဟူးနေ့)၊ ညနေ(၄း၀၀)နာရီနောက်ဆုံးထားတင်သွင်းရန် |
| **အသေးစိတ်စုံစမ်းရန်** | - ရုံးအဖွဲ့မှူး(မြန်မာနိုင်ငံဂီတအစည်းအရုံး-ဗဟို)၊ ဖုန်း-၀၁ ၅၄၅၈၆၃ |

### ဝန်ထမ်းအလိုရှိသည်

ကွန်ပျူတာ stock စာရင်းကိုင် (၁) ဦး

အမှတ်-၅၂၉(၁/၂)၊ ပင်လုံလမ်း၊ စက်မှုဇုန်(၁)၊ တောင်ဒဂုံမြို့နယ်

**ဖုန်း-၀၁-၈၁၀၀၂၉၉၊ ၀၁-၈၁၀၀၅၅၉**

### မိဘအမည်မှန်

ကသာခရိုင်၊ ထီးချိုင့်မြို့နယ်၊ ဖုန်ကုန်းကြီးကျေးရွာနေ မောင်ဝေလင်းအောင်၏ မိဘအမည်မှန်မှာ ဦးလွင်လွင်ထွန်း ၅/ထခန(နိုင်)၀၆၄၁၈၅နှင့် ဒေါ်ခိုင်စံပယ် ၅/ထခန(နိုင်)၀၈၆၄၅၀ ဖြစ်ပါကြောင်း။

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6H/6844 Toyota Premoo ZRT 260 Saloon ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်ခင်ပြုံး ၁၂/ကမတ(နိုင်)၀၁၉၅၀၇က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)**

### အမျိုးသားမှတ်ပုံတင်အမှန်

ကသာခရိုင်၊ ထီးချိုင့်မြို့နယ်၊ ကွမ်းတုံကျေးရွာနေ မစိမ်းစိမ်းကြူ၏ ဖခင်ဦးကွမ်းချိန်၏ မှတ်ပုံတင်အမှတ်သည် ၁၃/ကလတ(နိုင်)၀၂၃၆၇၉ ဖြစ်ပြီး မိခင်ဒေါ်နွားစိန်၏ မှတ်ပုံတင်အမှတ်သည် ၅/ထခန(နိုင်)၀၃၃၆၇၅ ဖြစ်သည်မှာ မှန်ကန်ပါကြောင်း။

### ဒီကရီကိုအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)

ကျောက်မဲခရိုင် တရားရုံးတော်၌

၂၀၁၆ ခုနှစ် တရားမကြီးမှုအမှတ်-၉ နှင့်ဆက်သွယ်သည့်

၂၀၁၉ ခုနှစ် တရားမဇာရီမှုအမှတ်-၄

| | | |
|---|---|---|
| ၁။ ဦးစိုင်းထွန်းရင် (၄င်းကိုယ်တိုင်နှင့် ၂၊ ၃၊ ၄၊ ၅ တရားနိုင်တို့၏ အထွေထွေကိုယ်စားလှယ်စာရသူ) | နှင့် | ၁။ ဒေါ်နန်းလှလှဝင်း |
| ၂။ ဒေါ်နုနု | | ၂။ ကိုထက်နိုင်လင်း |
| ၃။ ဦးစိုင်းသန်းတင် | | ၃။ မဝေဝေအောင် |
| ၄။ ဦးစိုင်းပန်းစိန် | | ၄။ ဒေါ်နန်းသီတာ |
| ၅။ ဒေါ်နန်းအေးခမ်းလင်း | | ၅။ ဒေါ်နန်းစန္ဒာ |
| | | ၆။ ဦးစိုင်းနော်ခမ်း |
| | | ၇။ ဒေါ်နန်းချိုချိုဝင်း |
| **ဒီကရီအနိုင်ရသူများ** | | **တရားရှုံးများ** |

၁။ ဒေါ်နန်းလှလှဝင်း၊ ၂။ ကိုထက်နိုင်လင်း၊ ၃။ မဝေဝေအောင်၊ ၅။ ဒေါ်နန်းစန္ဒာ၊ ၆။ ဦးစိုင်းနော်ခမ်း၊ အမှတ် -၅၊ ဓာတ်စုရပ်ကွက်၊ သီပေါမြို့(ယခုနေရပ်လိပ်စာမသိသူများ) သိစေရမည်။

၂၀၁၆ ခုနှစ် တရားမကြီးမှုအမှတ်-၉တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် ဦးစိုင်းထွန်းရင်(၄င်းကိုယ်တိုင်နှင့် ၂၊ ၃၊ ၄၊ ၅ တရားနိုင်တို့၏ အထွေထွေကိုယ်စားလှယ်စာရသူ)က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်အရရှေ့နေဖြင့်ဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၁၉ ခုနှစ် ဇွန် ၂၀ရက် (၁၃၈၁ ခုနှစ် နယုန်လ ပြည့်ကျော် ၃ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၉ ခုနှစ် မေ ၁၆ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(နန်းစမ်ငင်း)၊ ဒုတိယခရိုင်တရားသူကြီး**
**ကျောက်မဲခရိုင်တရားရုံး**

### မိခင်အမည်မှန်

ကသာခရိုင်၊ ထီးချိုင့်မြို့နယ်၊ မြတောင်ကျေးရွာ အထက သတ္တမတန်းမှ မသက်မွန်အိနှင့် တတိယတန်းမှမောင်ညဏ်ဟိန်းနိုင်တို့၏ မိခင်အမည်မှန်မှာ ဒေါ်စန်းစန်းအေး ၅/ကသန(နိုင်)၀၅၂၁၁၃ ဖြစ်ပါကြောင်း။

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9G/7579၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ နေပြည်တော်**

## အိတ်ဖွင့်တင်ဒါအမှတ် ၁/၂၀၁၉ ခေါ်ယူခြင်း

၁။ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ အမှတ်(၁) သတ္တုတွင်းလုပ်ငန်းမှ အောက်ပါသတ္တုပစ္စည်းများကို အမေရိကန်ဒေါ်လာဖြင့် အိတ်ဖွင့်တင်ဒါခေါ်ယူရောင်းချမည်ဖြစ်ပါသည်-

(က) ကတ်သုတ်ကြေးနီ(၅၀၀၀)မက်ထရစ်တန် (15) Lot

| | | | | |
|---|---|---|---|---|
| Group-1 | (1)Lot လျှင် (၁၀၀)မ/တန်စီဖြင့် | (5)Lot | မုံရွာ၊ Mine Site |
| Group-2 | (1)Lot လျှင် (၂၀၀)မ/တန်စီဖြင့် | (5)Lot | ။ |
| Group-3 | (1)Lot လျှင် (၅၀၀)မ/တန်စီဖြင့် | (3)Lot | ။ |
| Group-4 | (1)Lot လျှင် (၁၀၀၀)မ/တန်စီဖြင့် | (2)Lot | ။ |

(ခ) ကတ်သုတ်ကြေးနီ၏ကြမ်းခင်းဈေးကို တင်ဒါဖွင့်သည့်ရက်တွင်ရှိမည့် London Metal Exchange ကမ္ဘာ့သတ္တုပေါက်ဈေးနှုန်းပါ ကတ်သုတ်ကြေးနီတစ်တန်ဈေးနှုန်း (Unknown Price)အပေါ်တွင် အခြေခံ၍ Premium အများဆုံးပေးပြီး သယ်ယူခ၊ တင်ချစရိတ်များအတွက် ကုန်ကျစရိတ်အား အနည်းဆုံးပေးသွင်းနိုင်သည့် (LME+Premiumအပေါ်သယ်ယူစရိတ်ခုနှိပ်)ကုမ္ပဏီအား တင်ဒါအောင်မြင်သူအဖြစ် သတ်မှတ်မည်။

| | | | |
|---|---|---|---|
| (ဂ) | အဆင့်နိမ့်သွပ်သတ္တုရိုင်း | ၂၀၀၀၀တန် | တန့်ယန်း၊ Mine Site |
| (ဃ) | ခဲသတ္တုရောရာသတ္တုပစ္စည်းများ | ၅၇.၆၆တန် | နမ္မတူရုံးခွဲ |
| (င) | ဂဝံ၊ သံကြွယ်ဘောက်ဆိုက်၊ သလင်းကြွယ်ဟု ယူဆရသောကျောက်များ | ၇၈.၀၀တန် | ရှာင်မြို့နယ် |

၂။ တင်ဒါပိတ်ရက်မှာ ၂၀၁၉ ခုနှစ် ဇူလိုင် ၂ ရက် ၁၄း၀၀ နာရီဖြစ်ပြီး ၁၅း၀၀နာရီတွင် အိတ်ဖွင့်တင်ဒါများ ဖွင့်ဖောက်မည်ဖြစ်ပါသည်။

၃။ တင်ဒါပုံစံများနှင့်အသေးစိတ်သိရှိလိုသောအချက်လက်များကို ဖြည့်တင်းထိန်းသိမ်းရေးနှင့် ဝယ်ယူရောင်းချရေးဌာနခွဲ၊ အမှတ် (၁)သတ္တုတွင်းလုပ်ငန်း၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၁၉)၊ နေပြည်တော် ဖုန်း-၀၆၇-၄၀၉၁၆၂၊ ၀၆၇-၄၀၉၀၁၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းရယူနိုင်ပါသည်။

**တင်ဒါကော်မတီ**
**အမှတ် (၁)သတ္တုတွင်းလုပ်ငန်း**

---

NOTICE Under Section 208(E) Myanmar Companies Act.

## INDUS INTERNATIONAL LIMITED

(Members Voluntary Winding-Up)

INVITATION TO FINAL MEETING

A Final meeting of " INDUS INTERNATIONAL LIMITED" will be held on 31th June 2019 at No.176, (First Floor), Botahtaung Pagoda Road, Pazundaung Township, Yangon Region, Myanmar.

- Liquidator's report and return will be presented at the meeting.
- All member are invited to attend.

U YE NOOS (LL.B)
LIQUIDATOR
Supreme Court Advocate
YE NOOS & ASSOCIATES (Law Firm)
176,(First Floor), Botahtaung Pagoda Road,
Pazundaung Township,Yangon Region.

---

**Notice Under Section 348 of the Myanmar Companies Law**

## "SASA MYANMAR CO.,LTD"

**(In Member's Voluntary Winding-Up)**

According to the Special Resolution at the General Meeting held on 28th, May 2019 at Company's Office Room and it was resolved that:

(1) "SASA MYANMAR CO.,LTD" be wound up voluntarily by the members with effect from 28-5-2019.

(2) Be appointed the following persons as liquidators of the Company for the purpose of winding -up.

| LIQUIDATOR | CO-LIQUIDATOR |
|---|---|
| **U YE NOOS (LL.B)**<br>**Supreme Court Advocate**<br>**YE NOOS & ASSOCIATES**<br>**(Law Firm)** | **DAW MOE MOE AYE**<br>**(B.Com, Diploma in I.F.R & Business Law)**<br>No.176, (First Floor),<br>Botataung Pagoda Road,<br>Pazundaung Township,<br>Yangon Region.<br>Ph:01-203023, 01-397234-35 |

(3) The creditors of "SASA MYANMAR CO.,LTD" are, therefore, requested to submit their claims together with supporting legal documents to the liquidators at the address given above, latest by 28th, June' 2019.

**MR.KITTIPAT OER AREEMITR**
**Director**
**SASA MYANMAR CO.,LTD**

---

## ရောင်းချရန်ကြော်ငြာစာ

**(တရားမကျင့်ထုံး ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)**
**မန္တလေးခရိုင်တရားရုံးတော်၌**
**၂၀၁၉ ခုနှစ် တရားမဇာရီမှုအမှတ် ၇၃**

| | | |
|---|---|---|
| မန်နေဂျာ<br>မြန်မာ့စီးပွားရေးဘဏ်(၁)မန္တလေးမြို့။<br>(၎င်းဘဏ်၏ကိုယ်စား ဘဏ်ခွဲမန်နေဂျာ<br>ဦးမျိုးထက်အောင်)<br>**ဒီကရီအနိုင်ရသူ** | **နှင့်** | ၁။ ဒေါ်ဖူးဝေခိုင်<br>၂။ ဦးကျော်ဝင်း<br><br><br>**တရားရှုံးများ** |

မန္တလေးခရိုင်တရားရုံးတော်၊ တရားမကြီးမှုအမှတ် ၅၅၂/၂၀၁၇ အမှုတွင် အနိုင်ဒီကရီကို အတည်ပြုဆောင်ရွက်ရန်အတွက် အောက်တွင်ဖော်ပြထားသောပစ္စည်းကို ၂၀၁၉ ခုနှစ် ဇူလိုင် ၈ ရက် (၁၃၈၁ ခုနှစ် ဝါဆိုလဆန်း ၇ ရက်) နံနက် ၁၀ နာရီတွင် ၎င်းပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။ ကိုယ်တိုင်သော်လည်းကောင်း၊ တရားဝင်လွှဲအပ်သည့် ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း လေလံဆွဲဝယ်ယူနိုင်ကြောင်း ကြေညာလိုက်သည်။

**ပစ္စည်းစာရင်း**

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်း ရပ်ကွက်၊ အကွက်အမှတ်(ညည-၁၄)၊ ဦးပိုင်အမှတ်(၅၅-ခ+၇၂-ခ)၊ ဧရိယာ ၀ဒသမ၀၃၁+၀ဒသမ၀၃၁ ဧက၊ စုစုပေါင်း ၀ဒသမ ၀၆၂ ဧကရှိဂရန်မြေနှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်(၁)-(၂၇×၅၂)(၁၄×၉)ပေရှိ (၃)ထပ်ခွဲအာရ်စီပတ်ကားတိုက်အဆောက်အအုံနှင့် အိမ်(၂)-(၁၅×၁၈)ပေရှိ တစ်ထပ် Steel Structure တိုက်အဆောက်အအုံ။

**လေလံကြမ်းခင်းဈေး ငွေကျပ်သိန်း (၇၀၀၀)(ကျပ်သိန်းခုနစ်ထောင်တိတိ)**
**လေလံတင်ရောင်းချမည့်စည်းကမ်းချက်များ**

၁။ ပစ္စည်းစာရင်းတွင် ဖော်ပြထားသော အချက်အလက်များမှာ တရားနိုင်က တရားရုံးသို့တင်ပြချက်အရ သိရသမျှဖြစ်သည်။ မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်း၊ တစ်ခုခုပေါ်ပေါက်ပါက တရားရုံးက တာဝန်ယူမည်မဟုတ်ပါ။ တရားရှုံး၏အကျိုးသက်ဆိုင်သမျှကိုသာ ရောင်းချလိမ့်မည့်အကြောင်း လေလံဆွဲဝယ်မည့်သူတို့အား အထူးသတိပြုရန် နှိုးဆော်လိုက်သည်။

၂။ လေလံတင်ရောင်းချသည့် နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

၃။ ဈေးနှုန်းအမြင့်ဆုံးဝယ်ယူသူအား လေလံဆွဲဝယ်ယူသူအဖြစ် သတ်မှတ်မည်။ သို့သော် အမြင့်ဆုံးပေးသည့်ဈေးနှုန်းမှာ ရောင်းချသည့်ပစ္စည်းအတွက် လက်ခံရန်မသင့်ကြောင်း ရောင်းချသူအရာရှိက ထင်မြင်လျှင် လက်မခံဘဲ ငြင်းပယ်ပိုင်ခွင့်ရှိသည်။

၄။ လေလံတင်ရောင်းချပြီး မရွှေ့မပြောင်းနိုင်သောပစ္စည်းအတွက် လေလံဆွဲဝယ်သူက ငွေကျပ် ၁၀၀ လျှင် ၂၅ကျပ်ကို လေလံဆွဲဝယ်ယူပြီးသည်နှင့်တစ်ပြိုင်နက် နေ့ချင်းပေးသွင်းရမည်။ ထိုသို့ပေးသွင်းခြင်းမပြုလျှင် တစ်ဖန်ပြန်လည်လေလံတင်ရောင်းချလိမ့်မည်။

၅။ လေလံဆွဲဝယ်ယူသူများသည် ရောင်းချသည့်အရာရှိက သတ်မှတ်ထားသည့် စပေါ်ငွေကို တင်သွင်းမှသာ လေလံဆွဲဝယ်ယူခွင့်ရှိရမည်။

၆။ လေလံဆွဲဝယ်ယူရရှိသူသည် ၂၅ရာခိုင်နှုန်း နေ့ချင်းပေးသွင်းပြီးနောက် ကျန်ငွေများကို လေလံတင်ရောင်းချသည့်ရက်ကိုပယ်၍ ၁၅ ရက်မြောက်နေ့ ရုံးဆင်းချိန်မတိုင်မီ ပေးဆောင်ရမည်။ ၁၅ ရက်မြောက်နေ့သည် ရုံးပိတ်ရက်ဖြစ်လျှင် ပထမရုံးဖွင့်သည့်ရက်တွင် အပြေအကျေပေးသွင်းရမည်။

၇။ လေလံကျန်ငွေများကို အထက်ပါရက်တွင် ပေးသွင်းရန်ပျက်ကွက်ပါက ပစ္စည်းကို တစ်ဖန်လေလံတင်ရောင်းချလိမ့်မည်။ ပေးသွင်းထားသည့် လေလံငွေများကို ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

၂၀၁၉ ခုနှစ် မေ ၂၄ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ လေလံတင်ရောင်းချရန် ကြော်ငြာစာထုတ်ပေးလိုက်သည်။

**(ဉမ္မာတင်)**
**တွဲဖက်ခရိုင်တရားသူကြီး(၂)**
**မန္တလေးခရိုင်တရားရုံး**

---

## ငြင်းချက်ထုတ်ရန်ဆင့်စာ

**(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)**
**မြို့နယ်တရားရုံးတော်၌**
**၂၀၁၉ ခုနှစ် တရားမကြီးမှုအမှတ်-၁၈**

| | | |
|---|---|---|
| ဒေါ်ဂေါ်လ်ဒင်နီ<br>(၎င်း၏အခွင့်ရကိုယ်စားလှယ်<br>ဦးလောက်လောမ်ဆန်းဝါ)<br>**တရားလို** | **နှင့်** | ၁။ ဒေါ်ဥမ္မာအောင်<br>၂။ ဒေါ်စုစုခိုင်<br><br>**တရားပြိုင်များ** |

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်တော်လေးရပ်ကွက်၊ (၈၈)လမ်း၊ အမှတ် (၅၃)နေ ဒေါ်ဥမ္မာအောင်နှင့် ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ (၁၁၂)လမ်း၊ အမှတ် (၉)နေ ဒေါ်စုစုခိုင် (ယခုနေရပ်လိပ်စာမသိသူများ) သိစေရမည်။

သင်တို့အပေါ်၌ တရားလိုက ပဋိညာဉ်အတိုင်း အိမ်၊ ခြံ၊ မြေ အရောင်းအဝယ်စာချုပ်ကို မှတ်ပုံတင်ပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၁၉ ခုနှစ် ဇွန် ၇ ရက် (၁၃၈၁ ခုနှစ် နယုန်လဆန်း ၅ရက်) မွန်းမတည့်မီ ၁၀း၀၀နာရီတွင် အထက်အမည်ပါသူ တရားလို၏ဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်တို့မလာရောက် ပျက်ကွက်ခဲ့လျှင် သင်တို့မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင်တို့ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်တို့ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၉ ခုနှစ် မေ ၂၇ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ကျော်ဝဏ္ဏ)**
**မြို့နယ်တရားသူကြီး**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး**

---

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံးဥပဒေ ကိုဓဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**ပြည်ကြီးတံခွန်မြို့နယ်တရားရုံးတော်**
**၂၀၁၉ ခုနှစ် တရားမကြီးမှုအမှတ်-၄၂**

| | | |
|---|---|---|
| ဒေါ်နုနုခိုင်<br>**တရားလို** | **နှင့်** | ဦးသန်းစိုး<br>**တရားပြိုင်** |

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ၁၉×၂၀ လမ်းကြား၊ အနိုပ်တော်ရပ်ကွက်၊ (ယခုနေရပ်လိပ်စာမသိ)နေ ဦးသန်းစိုး သိစေရမည်။

သင့်အပေါ်၌ တရားလိုက မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၁၉ ခုနှစ် ဇွန် ၁၁ ရက် (၁၃၈၁ ခုနှစ် နယုန်လဆန်း ၉ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၉ ခုနှစ် မေ ၂၇ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**( ကြည်ပြာဆင့်)**
**တွဲဖက်မြို့နယ်တရားသူကြီး (၃)**
**ပြည်ကြီးတံခွန်မြို့နယ်တရားရုံး**

---

## အကြောင်းပြရန်ပေးသည့် အကြောင်းကြားစာ

**ရွှေဘိုခရိုင်တရားရုံးတော်**
**၂၀၁၉ ခုနှစ် တရားမပြင်ဆင်မှုအမှတ် - ၁၈**

| | | |
|---|---|---|
| ၁။ ဦးစိုးမြင့်ထိုက်<br>၂။ ဦးလှဦး<br>(၎င်း၏အထွေထွေကိုယ်စားလှယ်စာရသူ<br>ဦးစိုးမြင့်ထိုက်)<br>**လျှောက်ထားသူများ** | **နှင့်** | ၁။ မနှင်းကြည်<br>၂။ ဦးကျော်ဆန်းဌေး<br><br><br>**လျှောက်ထားခံရသူများ** |

၂။ ဦးကျော်ဆန်းဌေး (ခ)ကိုမောင်ဆန်း (ဘ)ဦးရှိန်း၊ ကုန်းဘောင်ဦးထိပ်ကျောင်းတောင်ဘက်ကပ်လျက် ကုန်းဘောင်ရပ်၊ အမှတ်(၁၀)ရပ်ကွက်၊ ရွှေဘိုမြို့ (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

အထက်အမည်ပါ ဦးစိုးမြင့်ထိုက် ပါ၂ဦးက ဤရုံးသို့ ရွှေဘိုမြို့နယ်တရားရုံး၏ ၂၀၁၄ ခုနှစ် တရားမကြီးမှုအမှတ် ၄၇ ၏ ၁၉-၃-၂၀၁၉ ရက်စွဲပါ အမိန့်ကိုပြင်ဆင်ပေးပါရန် လျှောက်ထားသည်ဖြစ်၍ သင်က ဤလျှောက်လွှာအတိုင်း အမိန့်မချသင့်ကြောင်း အကြောင်းပြရန် ၂၀၁၉ ခုနှစ် ဇွန် ၂၇ ရက် (၁၃၈၁ ခုနှစ် နယုန်လပြည့်ကျော် ၁၀ ရက်) မွန်းမတည့်မီ ၁၀း၀၀ နာရီတွင် သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ ဤရုံးသို့လာရောက်ရမည်။ မလာရောက်ခဲ့လျှင် အဆိုပါလျှောက်ထားချက်ကို သင့်မျက်ကွယ်တွင် တစ်ဖက်သတ်ကြားနာစစ်ဆေးဆုံးဖြတ်လိမ့်မည်။

၂၀၁၉ ခုနှစ် မေ ၂၇ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ရီရီထူး)**
**ခရိုင်တရားသူကြီး**
**ရွှေဘိုခရိုင်တရားရုံး**

---

## ငြင်းချက်ထုတ်ရန်ဆင့်စာ

**(တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**ဝါးခယ်မမြို့နယ်တရားရုံးတော်**
**၂၀၁၉ ခုနှစ် တရားမကြီးမှုအမှတ်-၆၇**

| | | |
|---|---|---|
| ကိုစိုးသူလင်း(ခ)ကိုလတ်<br>**တရားလို** | **နှင့်** | မဂျူလိုင်နိုးနိုး<br>**တရားပြိုင်** |

ဝါးခယ်မမြို့၊ သောင်တန်းကျေးရွာ၊ တြိန်းကျွန်းကျေးရွာအုပ်စုနေ မဂျူလိုင်နိုးနိုး (ဘ)ဦးမျိုးမြင့်ဦး သိစေရမည်။

သင့်အပေါ်၌ ကိုစိုးသူလင်း(ခ)ကိုလတ်က လင်မယားကွာရှင်းပေးစေလိုမှု ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၁၉ ခုနှစ် ဇွန် ၇ရက် (၁၃၈၁ ခုနှစ် နယုန်လဆန်း ၅ရက်) မွန်းမတည့်မီ ၁၀း၀၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၉ ခုနှစ် မေ ၂၄ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ထက်နိုင်လင်း)**
**ဒုတိယမြို့နယ်တရားသူကြီး**
**ဝါးခယ်မမြို့နယ်တရားရုံး**

---

### ဖခင်အမည်မှန်

ရွှေပြည်သာမြို့နယ်၊ လှော်ကားကျေးရွာအုပ်စု၊ အလက(၁)မှ အဋ္ဌမတန်းအောင်မြင်သူ စောဆာမူထော်၊ သတ္တမတန်းမှ စောတာအယ်ကော်နှင့် စတုတ္ထတန်းမှ စောအယ်စေးမူးတို့၏ ဖခင်အမည်မှန်မှာ စောအယ်ဖွီး ၁၂/လကန(နိုင်)၁၄၃၉၄၄ ဖြစ်ပါသည်။

**စောအယ်ဖွီး**

### ဖခင်အမည်မှန်

ရန်ကင်းမြို့နယ် ကံဘဲ့နေ မဝင့်ဝါထွန်း၊ မောင်ဝင့်နိုင်ထွန်း၊ မမိုးအိန္ဒြေမောင်၊ မောင်အောင်စစ်ပိုင်၊ ဂျိုးဂျိုးမေတို့၏ဖခင် အမည်မှန်မှာ ဦးသိန်းညွန့် ၁၂/ရကန(နိုင်) ၀၃၅၈၀၁ ဖြစ်ပါကြောင်း။

### အမည်မှန်

ကချင်ပြည်နယ်၊ မိုးမောက်မြို့နယ်၊ အထက(ခွဲ) ကြံခင်းကျောင်း သတ္တမတန်းမှ မောင်ဆန်မိုင်အောင်၏ အမည်မှန်မှာ မောင်ထွယ်ဆန်အောင် ဖြစ်ပါကြောင်း။

**မောင်ထွယ်ဆန်အောင်**

### ဖခင်အမည်မှန်

ရွှေဘိုမြို့နယ်၊ တအုံကျေးရွာ အထက(ခွဲ)၊ ပဉ္စမတန်းမှ မောင်မင်းသက်နိုင် သတ္တမတန်းမှ မယွန်းအိခက်နိုင်၊ မင်းပေးကျေးရွာ အမက $G_1$ မှ မလှိုင်နဒီထွန်းတို့၏ ဖခင်အမည်မှန်မှာ ဦးထွေးမြင့် ၅/ရဘန(နိုင်) ၁၄၅၂၉၈ ဖြစ်ပါကြောင်း။ **ဦးထွေးမြင့်**

### အမည်ပြောင်း

နေပြည်တော်၊ ဇေယျာသီရိမြို့နယ်၊ ရေဆင်းကျေးရွာ အလက(ခွဲ)ကျောင်း Grade-1 မှ (ဘ)ဦးဝင်းထွန်း၏ သမီး မဇူးဇူးဝေအား မငြိမ်းနန္ဒာထွန်းဟု ပြောင်းလဲခေါ်ပါရန်။

### ဖခင်အမည်မှန်

ကချင်ပြည်နယ်၊ မိုးမောက်မြို့နယ်၊ အထကကျောင်း နဝမတန်းမှ မောင်ရှုရှယ်နောင်၏ ဖခင်အမည်မှန်မှာ ဦးမရန်တူးထန် ဖြစ်ပါကြောင်း။

**ဦးမရန်တူးထန်**
**မိုးမောက်မြို့**

### မိဘအမည်မှန်

ရွှေဘိုမြို့ အထက(၅) တက္ကသိုလ်ဝင်တန်းမှ မောင်လွှမ်းထက်အောင်၏ မိဘအမည်မှန်မှာ ဦးအောင်နိုင်ထွန်းနှင့် ဒေါ်တင်ဇာဦးတို့ ဖြစ်ပါကြောင်း။

**ဦးအောင်နိုင်ထွန်း-ဒေါ်တင်ဇာဦး**

### အမည်မှန်

ကျွန်းစုမြို့၊ အမက(မူလွန်)၊ ဒုတိယတန်းမှ (ဘ)ဦးခင်စိုး၏သား မောင်မိုးစက်၏ အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ မောင်စိုင်းသူရစိုး ဖြစ်ပါကြောင်း။ **မောင်စိုင်းသူရစိုး**

### မွေးသက္ကရာဇ်အမှန်

ကချင်ပြည်နယ်၊ မိုးမောက်မြို့ အထက(ခွဲ) ကြံခင်းကျောင်း တက္ကသိုလ်ဝင်တန်းမှ မအေးအောင်၏ မွေးသက္ကရာဇ်အမှန်မှာ ၁၅-၉-၂၀၀၂ ဖြစ်ပါကြောင်း။ **မအေးအောင်**

### အမည်မှန်

မြဝတီမြို့၊ အမှတ်(၃) ရပ်ကွက်နေ ဦးမြင့်ဦး ၁၄/ကလန(နိုင်)၀၈၃၀၅၂ ၏ သမီး အလက(၃) ပဉ္စမတန်းမှ မရွှန်းလဲ့ဝေ၏ အမည်မှန်မှာ မချယ်ရီဝင်း ဖြစ်ပါကြောင်း။

**မချယ်ရီဝင်း**

### အမည်မှန်

တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံးမြို့နယ်၊ ကြက်ယက်တွင်းကျေးရွာနေ ဦးကျော်လွင်စိုးနှင့် ဒေါ်သီတာသိမ့်တို့၏ သား မောင်ဟိန်းမြတ်စိုး၏ အမည်မှန်မှာ မောင်ဟိန်းလပြည့်စိုး ဖြစ်ပါကြောင်း။

**မောင်ဟိန်းလပြည့်စိုး**

### အမည်မှန်

နမ့်ခမ်းမြို့၊ အလက(ကောင်းဆာ)၊ ပဉ္စမတန်း ဖြေဆိုအောင်မြင်ပြီးသော နန်းမွေဆိုင်တွမ်၏ အမည်မှန်မှာ နန်းမွေဆိုင် ၁၃/နခန(နိုင်)၁၀၃၄၂၅ ဖြစ်ပါကြောင်း။

### မွေးသက္ကရာဇ်အမှန်

မြဝတီမြို့ အထက(၁) တက္ကသိုလ်ဝင်တန်းမှ မသင်းနန္ဒာအောင် ၃/မဝတ(နိုင်)၀၇၂၁၃၂ ၏ မွေးသက္ကရာဇ်အမှန်မှာ ၁၀-၅-၂၀၀၃ ဖြစ်ပါကြောင်း။

**မသင်းနန္ဒာအောင်**

### မွေးသက္ကရာဇ်အမှန်

တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံးမြို့နယ်၊ ဘူချိုင်းရွာနေ ဦးစိုးနိုင် ၆/လလန(နိုင်)၀၉၂၇၄၉-ဒေါ်ခင်စန်းနွယ် ၆/လလန(နိုင်)၁၄၇၇၃၆ တို့၏သမီး မအေးမီငြိမ်း၏ မွေးသက္ကရာဇ်အမှန်မှာ အိမ်ထောင်စုစာရင်းအရ ၂၈-၂-၂၀၀၁ ဖြစ်ပါကြောင်း။

### အမည်မှန်နှင့် ဖခင်အမည်မှန်

နမ့်ခမ်းမြို့၊ အလက(ကောင်းဆာ)၊ အဋ္ဌမတန်းအောင်မြင်ပြီးသော နန်းမွေဆိုင်စံ၏ အမည်မှန်မှာ နန်းမွေဆိုင်ဖြစ်ပြီး၊ မွေးသက္ကရာဇ်အမှန်မှာ ၁၅-၇-၂၀၀၅ ဖခင်အမည်မှန်မှာ ဦးစိုင်းစံထွန်း ၁၃/နခန(နိုင်)၀၄၁၇၆၈ ဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်

မြဝတီမြို့နယ်၊ သဃ်န်းညီနောင်ကျေးရွာအုပ်စု၊ ဖားချောင်းကျေးရွာနေ မဟန်နီချစ်စု၏ ဖခင်အမည်မှန်မှာ ဦးကိုအေး ၃/မဝတ(နိုင်)၀၃၈၀၇၇ ဖြစ်ပါကြောင်း။

**ဦးကိုအေး**

### ဖခင်အမည်မှန်

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ အထက (၆) ရေညက်ကျေးရွာ အဋ္ဌမတန်းမှ မမေမြတ်နိုးဦး၏ ဖခင်အမည်မှန်မှာ ဦးမြင့်ရွှေ ၁၂/ကခက(နိုင်)၀၅၈၉၅၈ ဖြစ်ပါသည်။

**ဦးမြင့်ရွှေ**

### မိဘအမည်မှန်

နမ့်ခမ်းမြို့၊ အလက(ကောင်းဆာ)၊ အဋ္ဌမတန်း ဖြေဆိုအောင်မြင်ပြီးသော စိုင်းလှိုင်းဟန်၏ မိဘအမည်မှန်မှာ စိုင်းအွန်ခမ်း ၁၃/သနန(နိုင်)၀၀၀၂၆၃ နှင့် နန်းအေမွေ ၁၃/နခန(နိုင်)၀၆၁၆၁၆ ဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်

မြဝတီမြို့နယ်၊ ရွှေကုက္ကိုလ် အထက စတုတ္ထတန်းမှ မောင်အောင်ပြည့်ဖြိုး၏ ဖခင်အမည်မှန်မှာ ဦးဇော်မင်းလွင် ၁၀/မလမ(နိုင်)၀၀၃၀၄၈ ဖြစ်ပါကြောင်း။

**ဦးဇော်မင်းလွင်**

### ဖခင်အမည်မှန်

ဒဂုံဆိပ်ကမ်းမြို့နယ်(တောင်)၊ အထက (၂) GRADE IX မှ မောင်အောင်ကောင်းမြတ်၏ ဖခင်အမည်မှန်မှာ ဦးအောင်ကိုမြတ် ၁၂/ဥကတ(နိုင်)၁၆၆၁၀၈ ဖြစ်ပါကြောင်း။

### အမည်မှန်နှင့် ဖခင်အမည်မှန်

နမ့်ခမ်းမြို့၊ အလက(ကောင်းဆာ)၊ သတ္တမတန်း ဖြေဆိုအောင်မြင်ပြီးသော မောင်အောင်ဝင်းလှိုင်၏ အမည်မှန်မှာ မောင်အိုက်လိမ့်ဖြစ်ပြီး ဖခင်အမည်မှန်မှာ ဦးအိုက်ညွှတ် ၁၃/နခန(နိုင်)၀၃၁၂၇၃ ဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်

တောင်ကြီးမြို့နယ်၊ အေးသာယာ၊ အထက(၂)၊ နဝမတန်း(အောင်)မှ မဇင်မာဝေ၏ ဖခင်အမည်မှန်မှာ ဦးညီဝင်း ၉/မထလ(နိုင်)၁၂၄၁၁၉ ဖြစ်ပါကြောင်း။

**ဦးညီဝင်း**

### အမည်ပြောင်း

ဦးတင်ထွန်းအောင်၏သမီး အင်းစိန်မြို့နယ် အမှတ်(၄)၊ အခြေခံပညာမူလတန်းကျောင်း ဒုတိယတန်းမှ မသူသူရတနာအောင်အား မမေမြင့်မြတ်စံဟု ပြောင်းလဲခေါ်ပါရန်။

**C B BANK**

လေးစားအပ်ပါသော CB Bank ၏ မိတ်ဟောင်း၊ မိတ်သစ် Customer များအား CB Bank ဟားခါး(မြို့သစ်) ဘဏ်ခွဲ အသစ်ကိုဖွင့်လှစ်၍ ဘဏ်လုပ်ငန်းဝန်ဆောင်မှုများအားဆောင်ရွက်ပေးနေပြီဖြစ်ပါကြောင်းသတင်းကောင်းပါးအပ်ပါသည်။




## ဟားခါး(မြို့သစ်) ဘဏ်ခွဲ

အမှတ်(၉၈)၊ မြို့သစ်ရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊ ဟားခါးမြို့နယ်၊ ချင်းပြည်နယ်။

Tel : (95) **070 21318**
Fax : (95) **070 22206 / 22072**
Email : **contact@cbbank.com.mm** /Contact Center : **(01) 2317770**

## ဒေါက်တာ ဒေါ်နန္ဒာမောင်
**M.B,B.S(Ygn)**

**(Rose San Maung)(St.John Convent)**

**အသက်(၇၄)နှစ်**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်နေ (ဝဏ္ဏကျော်ထင် ဦးစန်းမောင်-ဒေါ်လှကြည်)တို့၏သမီး၊ ဒေါ်ဝင်းမြ၊ (ဒေါ်လှရည်)၊ ဒေါ်သန်းစိန်၊ (ဒေါ်ကျင်ရွှေ)တို့၏တူမ၊ ဦးသီဟမင်းအောင်(ညွှန်မှူး-ငြိမ်း)-ဒေါ်ရူပါမောင်(အထပြ-ငြိမ်း)တို့၏ညီမ၊ ဦးအောင်မြတ်(CRO-ငြိမ်း)၊ ဒေါက်တာ ဦးမင်းအောင်-ဒေါ်လှိုင်မေထက်၊ ဒေါက်တာ ဦးအုန်းသိန်း-ဒေါက်တာခင်စန်းတင့်၊ ဒေါ်ခေမာမောင်(လက်ထောက်ကထိက-ငြိမ်း)၊ ဦးကျော်ဆန်း(အဖွဲ့ဝင်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး) [ညွှန်ချုပ်၊ (ငြိမ်း) ပြည်ထောင်စုရှေ့နေချုပ်ရုံး]-ဒေါ်သင်းသင်းအေး[ဒုညွှန်ချုပ်(ငြိမ်း)ပြည်ထောင်စုရှေ့နေချုပ်ရုံး]တို့၏အစ်မ၊ ဦးစန်းမင်း-ဒေါ်ယုယုခိုင်၊ ဦးမျိုးကျော်သူ-ဒေါ်လှိုင်ပန်းအုံ(USA)၊ ဦးကျော်ရဲလင်း-ဒေါ်သူဇာစုစုနှင်း၊ ဒေါ်စိုးစန်းထက်(USA)၊ ဦးကျော်မင်းသူ-ဒေါ်စန်းသီတာအောင်(USA)၊ ဒေါက်တာနှင်းနုအေး၊ ဦးကျော်သူဝင်း-ဒေါ်ဆွေဆွေအောင်၊ ဦးနိုင်ရဲလင်း-Jean Waters (Australia)၊ ဦးရှိန်း-ဒေါ်မြနန္ဒာ(Australia)၊ ဦးကျော်စိုး(South Africa)တို့အဒေါ်၊ ကြီးတော်၊ မြေးငါးယောက်တို့၏ဘွားလေး၊ ဖျာပုံမြို့နေ ဒေါက်တာဒေါ်နန္ဒာမောင်သည် ၃၀-၅-၂၀၁၉ရက် ညနေ ၅:၄၉နာရီတွင် ARYU INTERNATIONAL HOSPITAL၌ ကွယ်လွန်သွားပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

(သင်္ဂြိုဟ်မည့်အချိန်နှင့်နေရာကို ထပ်မံကြေညာပါမည်။)

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး

## ဒေါ်ဆွေဆွေချစ် (ပြင်ဦးလွင်မြို့)
**အသက်(၇၀)**

ပြင်ဦးလွင်မြို့နေ(ဗိုလ်မှူးမျိုးချစ်-ဒေါ်တင်ထွေး)တို့၏သမီး၊ ဒေါ်ခင်ဖုန်းဆင့်၊ ဦးကျော်ဟိန်း-ဒေါ်သီတာညွှန့်၊ ဒေါက်တာ ခင်အေးမူတို့၏အစ်မ၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၂)ရပ်ကွက်၊ ဦးကြင်ဥလမ်း၊ အမှတ် ၁၁၄၂နေ ဒေါ်ထွားစိန်၏သမီးချွေးမ၊ ဒေါ်မေဝင်းမောင်၏မိခင်၊ ဦးဝင်းထွန်း(ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး-ငြိမ်း)၏ချစ်လှစွာသောဇနီးသည် ၃၀-၅-၂၀၁၉ရက် (ကြာသပတေးနေ့) နံနက် ၁၁:၀၅နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁-၆-၂၀၁၉ရက် (စနေနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

[ကွယ်လွန်သူအားရည်စူး၍ ၅-၆-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည် ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ ကျောင်းဒါယိကာမကြီး

## ဒေါ်မူမူခင်(ခ)ဒေါ်မူမူ
**ဒု-အထွေထွေမန်နေဂျာ**

**မြန်မာ့ကြံလုပ်ငန်း၊ စက်မှုသီးနှံ**

**အသက်(၇၀)**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ ကေတုမတီ(၁၇)လမ်း၊ အမှတ်(၆၀၀)နေ (ဗိုလ်ခင်မောင်-ဒေါ်တင်ရီ) တို့၏သမီး၊ ဦးဇော်သိန်းမြင့်-ဒေါ်ကြူကြူခင်၊ ဦးမြင့်ကြည်-ဒေါ်ငွေငွေခင်၊ ဦးခင်မောင်ဇော်-ဒေါ်မွေးမွေးခင်၊ ဦးဝင်းမြင့်-ဒေါ်ခင်မြင့်မြင့်အောင်တို့၏အစ်မ၊ တူ၊ တူမ ခုနစ်ယောက်တို့၏ကြီးကြီးသည် ၃၀-၅-၂၀၁၉ရက် (ကြာသပတေးနေ့) နံနက် ၅:၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့၌ပင်ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

[ကွယ်လွန်သူအားရည်စူး၍ ၅-၆-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်း ကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## သတိပေး နှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ်စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်ကို မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက် ပိုမိုစီးနင်းခြင်း မပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်း မပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာအရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

**နေပြည်တော်ယာဉ်**
**စည်းကမ်းထိန်းသိမ်းရေး**
**ကြီးကြပ်မှုကော်မတီ**

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်ဒါယိကာမကြီး

## ဒေါ်ခင်ညွန့် [ဧရာဝဏ်ဆေးတိုက်၊ တောင်ငူမြို့]
**အသက်(၉၁)နှစ်**

တောင်ငူမြို့၊ ကန်လမ်း၊ အမှတ် ၁၇/၂၀၄နှင့် ရန်ကုန်မြို့၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ အမှတ်(၈၀)နေ (ဆရာကြီးဦးလှ ထွန်း)၏ဇနီး၊ ဒေါ်ခင်လှ၊ ဦးမောင်မောင်ဝင်း-ဒေါ်လွင်လွင်ဦး၊ ဦးကျော်ဝင်း(လ/ထ ကထိက-ငြိမ်း၊ မြန်မာစာဌာန)၊ ဦးငွေးလွင်-ဒေါ်ခင်ဝင်း၊ ဦးမျိုးသန့်နိုင်-ဒေါ်ပြုံးပြုံး(ဆစ်ဒနီမြို့၊ ဩစတြေးလျနိုင်ငံ)၊ ဦးညွန့်သူ-ဒေါ်ခင်စန်းဝေတို့၏မိခင်၊ မဇွန် ဇွန်မော်ထွန်း၊ မောင်နိုင်ရဲဟိန်း၊ မောင်ချမ်းငြိမ်းသူ၊ မလွင်သဉ္ဇာထွန်း၊ မောင်နိုင်ဇွဲဟိန်း၊ မလွင်ပုဏ္ဏမီထွန်းတို့၏ဘွားဘွားကြီး သည် ၃၀-၅-၂၀၁၉ရက် (ကြာသပတေးနေ့) ညနေ ၅နာရီတွင် အထက်ပါ ရန်ကုန်မြို့နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၃-၆-၂၀၁၉ရက် (တနင်္လာနေ့) ညနေ ၅နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ ညနေ ၃နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဦးမြင့်သိန်း
**ဒုတိယညွှန်ကြားရေးမှူး(ရေနံထုတ်လုပ်ရေး-ငြိမ်း)**

**မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း**

**အသက်(၈၂)နှစ်**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ နံ့သာကုန်းရပ်ကွက်၊ မ/၃ ရှမ်းကုန်းလမ်းနေ (ဦးတင်ဦး-ဒေါ်စောလှ)တို့၏သား၊ (ဦးခင်မောင်ကြီး-ဒေါ်တင်တင်)တို့၏သားသမက်၊ (ဦးရဲမြင့်)၊ ဒေါက်တာဦးရဲတင့်၊ (ဒေါ်ကြူကြူဝင်း)၊ (ဒေါက်တာဦးတင်မောင်အေး) -ဒေါ်မူမူရှိန်၊ ဒေါက်တာစောနိုင်ဝင်း-ဒေါက်တာခင်သန်းဝင်း၊ ဦးအေးကိုမြင့်-ဒေါ်ခင်စန်းတင့်တို့၏အစ်ကို၊ ဒေါ်မိမိခင်၏ ချစ်လှစွာသောခင်ပွန်း၊ (မစုစုမြင့်)၊ မခင်ချောမြင့်၊ မမြသန္တာမြင့်တို့၏ဖခင်သည် ၃၀-၅-၂၀၁၉ရက် နံနက် ၁၀:၃၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၆-၂၀၁၉ရက် နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင်ထွက် ခွာပါမည်။)

[ကွယ်လွန်သူအားရည်စူး၍ ၅-၆-၂၀၁၉ရက် နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ဝင်းဝင်းငွေး
**အသက်(၄၂)နှစ်**

ဗဟိုဝန်ထမ်းတက္ကသိုလ် အထက်မြန်မာပြည်(ဖီးပင်ကြီး)တွင် အရာထမ်း အခြေခံသင်တန်း အမှတ်စဉ်(၅၈)တွင် တက်ရောက်နေသော ဒေါ်ဝင်းဝင်းငွေး (ဦးစီးအရာရှိ၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ ပျဉ်းမနားမြို့၊ နေပြည်တော်)သည် ၂၃-၅-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့) ညတွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**အရာထမ်းအခြေခံသင်တန်း/ အမှတ်စဉ်(၅၈)**
**သင်တန်းသား၊ သင်တန်းသူများ**

---

## ဦးသောင်းငွေ (ခရမ်း)
**အသက်(၇၈)နှစ်**

ခရမ်းမြို့နေ (ဦးစိန်ခဲ-ဒေါ်တင်)၊ (ဦးရှိန်-ဒေါ်တင်)တို့၏သား၊ မော်လမြိုင်မြို့၊ ကော့ခပုံရွာနေ (ဦးစံလွန်း-ဒေါ်ငွေစိန်) တို့၏သားသမက်၊ (ဦးကျင်ထွန်း)-ဒေါ်ဝင်း၊ (ဦးသောင်းမြ)-ဒေါ်ခင်ဥ၊ (ဦးသောင်းရွှေ)-ဒေါ်ကြင်ဥတို့၏ညီ/မောင်၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျားကွက်သစ်ရပ်ကွက်၊ ဣန္ဒာသယလမ်း၊ အမှတ် (၂၁၊ မြေညီ၊ ခေါင်းရင်း)နေ ဒေါ်သီတာအောင်၏ ချစ်လှစွာသောခင်ပွန်း၊ ဦးဇော်မိုးအောင်(General Manager, MY Industrial Ingredients Co.,Ltd.)-ဒေါ်တင်တင် ညို(Managing Partner,Tin Tin Nyo & Associates)၊ ဦးရဲဝင်းအောင်(CPF-Chatoen Pokphand Food Public Co.,Ltd,Thailand Rayong)-ဒေါ်စိုးစိုးလှိုင်(CPF)၊ ဦးဝင်းမင်း(Managing Director,Wynn and Lynn Co.,Ltd)-ဒေါ်ဇင်မာသောင်း(Director,Wynn and Lynn Co.,Ltd) တို့၏ဖခင်၊ မဆင်းရွှေရည်သွေး၊ မောင်ကျော်ထက်အောင်တို့၏အဘိုး ဦးသောင်းငွေ (ယူအမ်ပိန်း၊ ၈၁နှစ် တရုတ်အယူ)သည် ၂၉-၅-၂၀၁၉ရက် ညနေ ၆:၂၀နာရီတွင် SSCဆေးရုံ၌ကွယ်လွန်သွားပါသဖြင့် ၂-၆-၂၀၁၉ရက် (တနင်္ဂနွေနေ့) နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးတရုတ်သုသာန် မီးသင်္ဂြိုဟ်စက်အနီးတွင် ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈:၁၅နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၄-၆-၂၀၁၉ရက် (အင်္ဂါနေ့) နံနက် ၇နာရီမှ မွန်းတည့် ၁၂နာရီအထိ အထက်ပါနေအိမ်သို့ ရက် လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

## ဦးအောင်ခင်သိန်း (စစ်တွေ)
**ဦးစီးအရာရှိ(ငြိမ်း)၊ ရေအားလျှပ်စစ်-စွမ်းအင်ဝန်ကြီးဌာန**

**အသက်(၇၃)နှစ်**

စစ်တွေမြို့၊ မောလိပ်ရပ်ကွက်၊ ကုန်သည်လမ်းနေ(ဦးမြသာထွန်း-ဒေါ်စံသာဖြူ) တို့၏သား၊ ရန်ကုန်မြို့နေ (သခင်ဝတင်-ဒေါ်ခင်နန်းမြ)တို့၏သားသမက်၊ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ သီဟသူ(၃)လမ်း၊ အမှတ် ၅၆၂နေ ဒေါ်မေမေတင်၏ခင်ပွန်း၊ ဒေါ်အေးခင်-(ဦးဖြူ)၊ ဒေါ်နုနုခင်တို့၏မောင်၊ ဦးသိန်းထွန်း-ဒေါ်လှမြခင်၊ ဦးသိန်းအောင်-ဒေါ်ရီရီညွန့်၊ ဦးသိန်းဇံ တို့၏အစ်ကို၊ ဦးဒေးဗစ်ဟိန်း-ဒေါက်တာတင်ဇာအောင်(Oregon, USA)၏ဖခင်၊ မောင်စိုင်းစိုင်းအောင်ဟိန်း၏အဘိုး၊ တူ၊ တူမ ကိုးယောက်တို့၏ဦးလေးသည် ၂၈-၅-၂၀၁၉ရက် (အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် ဗဟိုရဲစည်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁-၆-၂၀၁၉ရက် (စနေနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၁၂:၃၀နာရီတွင်ထွက်ခွာပါမည်။)ကျန်ရစ်သူမိသားစု

---

## ဦးအောင်ခင်သိန်း (စစ်တွေ)
**ဦးစီးအရာရှိ(ငြိမ်း)၊ ရေအားလျှပ်စစ်-စွမ်းအင်ဝန်ကြီးဌာန**

**အသက်(၇၃)နှစ်**

စစ်တွေမြို့၊ မောလိပ်ရပ်ကွက်၊ ကုန်သည်လမ်းနေ(ဦးမြသာထွန်း-ဒေါ်စံသာဖြူ) တို့၏သား၊ ရန်ကုန်မြို့နေ (သခင်ဝတင်-ဒေါ်ခင်နန်းမြ)တို့၏သားသမက်၊ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ သီဟသူ(၃)လမ်း၊ အမှတ် ၅၆၂နေ ဒေါ်မေမေတင်၏ခင်ပွန်း၊ ဦးဒေးဗစ်ဟိန်း-ဒေါက်တာတင်ဇာအောင်(Oregon, USA)၏ဖခင်၊ မောင်စိုင်းစိုင်းအောင်ဟိန်း၏အဘိုး၊ ဦးမောင်မောင်တင်-ဒေါ်ဖြူဖြူတင်(Australia)၊ ဒေါက်တာပဒေသာတင်-ဒေါ်ဝင်းဝင်းသန်း(USA)၊ ဦးဝင်းဇော်-ဒေါ်ပပဝတီတို့၏အစ်ကို၊ တူ၊ တူမလေးယောက်တို့၏ဦးလေးသည် ၂၈-၅-၂၀၁၉ရက် (အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် ဗဟိုရဲစည်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁-၆-၂၀၁၉ရက် (စနေနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂:၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ ကျောင်းဒါယိကာမကြီး

## ဒေါ်ကြင်တီ(ခ)ဒေါ်စိန်ပွင့် အသက်(၇၁)နှစ်
**အလယ်တန်းပြ(ငြိမ်း)၊ အထက(၃) ဗိုလ်တထောင်**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ တောင်လုံးပြန်ရပ်ကွက်၊ ခန်းမဆောင် လမ်း၊ အမှတ်(၂၁)နေ (ဦးဗိုလ်ကြီး-ဒေါ်အေး သွင်)တို့၏သမီး၊ (ဦးကျင်မြင့်-ဒေါ်တင်တင်ဝင်း)၊ ဒေါ်ဝင်းဝင်း၊ (ဦးကျင်တင့်)-ဒေါ်ခင်ထားရီတို့၏ညီမ၊ (ဦးဇော်ဝင်း)-ဒေါ်စန်းစန်းနွဲ့၊ ဒေါ်သိန်းသိန်းဝင်း(တွဲဖက်ပါမောက္ခ-ငြိမ်း၊ တိုင်းရင်းသားဒီဂရီကောလိပ်၊ ရန်ကုန်၊ အဘိဓမ္မာဆရာမ၊ ဆုထူးပန်)၊ ဦးအောင်ခိုင်မင်း-ဒေါက်တာအေးအေးကြိုင်(ပါမောက္ခ တိုင်းရင်းသားဒီဂရီကောလိပ်၊ ရန်ကုန်)တို့၏အစ်မ၊ တူ၊ တူမ ၁၃ယောက်တို့၏အဒေါ်၊ မြေးရှစ်ယောက်တို့၏အဘွားသည် ၃၀-၅-၂၀၁၉ရက် (ကြာသပတေးနေ့) နံနက် ၅:၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၆-၂၀၁၉ရက် (စနေနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၁၀နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၅-၆-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ မွန်းတည့် ၁၂နာရီအထိ အထက်ပါနေအိမ်သို့ ရက် လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဒေါ်ချိုချိုလှိုင် (LL.B)
**ယခင် OVERSEAS**

**မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း**

**အသက်(၆၀)**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျားကွက်သစ်ရပ်ကွက်၊ ကျောက်မြောင်း၊ မလွကုန်းလမ်း၊ အမှတ် ၃၅(ပထမထပ်-A)နေ (ဦးချစ်လှိုင်-ဒေါ်ညွန့်ကြည်)တို့၏သမီး၊ (ဦးလှ-ဒေါ်ထွေး)တို့၏သမီးချွေးမ၊ ဦးအောင်ညွန့်လှိုင်၊ ဒေါ်စမ်းစမ်းငွေး၊ ဦးတင်ထွန်း၊ ဒေါ်အေးအေးလှိုင်၊ (ဗိုလ်မှူးမောင်ဒွေး)-ဒေါ်ဝေဝေလှိုင်၊ ဒေါ်ရီရီလှိုင်တို့၏ညီမ၊ ဦးထွန်းညွန့်လှိုင်၊ ဒေါ်စမ်းစမ်းမြင့်တို့၏အစ်မ၊ (ဒေါ်အေးအေးလှ)၏ညီမ၊ ဦးခင်မောင်အေး(စုံ/ဦးစီးမှူး-ငြိမ်း၊ စစစ)၏ဇနီး၊ မသန္တီချိုအေးတို့၏မိခင်သည် ၂၉-၅-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၃:၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒ ယင်းနေ့နံနက် ၉:၃၀နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ရဟန်း၊ ကျောင်းဒါယကာကြီး

## ဦးရဲမြင့်ဦး
**အသက်(၆၄)နှစ်**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၀)ရပ်ကွက်၊ ၂၈လမ်း၊ အမှတ် ၂၁၄နေ (ဦးမြင့်သန်း)-ဒေါ်စိန်စိန်တို့၏သား၊ (ဦးသိန်းအောင်-ဒေါ်ခင်)တို့၏သားသမက်၊ ဒေါ်ခင်မာပို၏ခင်ပွန်း၊ ဒေါ်ခင်ဝေမြင့်၊ ဒေါ်ဥမ္မာမြင့်၊ ဦးသန်းဦး-ဒေါ်အေးမော်မြင့်တို့၏အစ်ကို၊ မောင်အောင်အောင်ဟိန်း၊ မောင်ကျော်သူဟိန်း၊ မောင်ပြည်အေး-မမိုးပွင့်ဖြူ၊ မောင်ကောင်းခန့်ဟိန်းတို့၏ဖခင်၊ မယွန်းဝတ်ရည်ဦး၊ မအေးမြဦး၊ မလွန်းကြာဖြူဦးတို့၏ဘကြီးသည် ၃၀-၅-၂၀၁၉ရက် (ကြာသပတေးနေ့) နံနက် ၂:၄၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၆-၂၀၁၉ရက် (စနေနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။)

[ကွယ်လွန်သူအားရည်စူး၍ ၅-၆-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါတောင်ဥက္ကလာပမြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး

## ဦးဖူးညွန့် (လမ်းမတော်)
**အသက်(၉၅)နှစ်**

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ လှည်းတန်းလမ်း၊ အမှတ် ၉၃နေ (ဦးတော်ဝါး-ဒေါ်ဖွားတုတ်)တို့၏သား၊ (ဦးသာဉာဏ် -ဒေါ်အေးခင်)တို့၏သားသမက်၊ (ဦးသိန်းမောင်-ဒေါ်သန်းတင်)၊ (ဦးပိန်-ဒေါ်သန်းစိန်)၊ (ဦးကြီးစိန်)-ဒေါ်စန်းတို့၏ညီမ၊ (ဦးမြသိန်း-ဒေါ်ကျင်)တို့၏အစ်ကို၊ (ဦးယဉ်မောင်)-ဒေါ်မြင့်မြင့်စိန်၊ (ဦးမောင်မောင်အုန်း)-ဒေါ်တင်တင်ဝင်း၊ ဦးသန်းအောင်-ဒေါ်ခင်အေးမြင့်၊ ဒေါ်အေးညွန့်၊ ဦးစိန်မွေး-ဒေါ်စန်းစန်းမြင့်တို့၏ဖခင်၊ ကိုဇော်ထွဋ်ဝင်း-ဒေါက်တာရွှေဆုမွန်၊ ဒေါက်တာသုဝဏ်၊ ဒေါက်တာမင်းအိမ်စည်၊ မောင်ကောင်းခန့်၊ မအိခင်သစ္စာ(လသာ-၂)တို့၏အဘိုး၊ (ဒေါ်ကြည်)၏ခင်ပွန်းသည် ၃၀-၅-၂၀၁၉ရက် နံနက် ၁၁နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁-၆-၂၀၁၉ရက်(စနေနေ့) မွန်းလွဲ ၂နာရီ တွင်ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

---

## ဦးသန်းနွဲ့ (ပြည်မြို့)
**အသက်(၉၂)နှစ်**

ပြည်မြို့၊ ရွှေကူရပ်ကွက်၊ ပန်းဘဲတန်းလမ်း၊ အမှတ် ၃၃၄နေ (ဒေါ်ညွန့်ညွန့်)၏ခင်ပွန်း၊ ဦးတင်မြင့်၊ ဒေါ်ခင်သန်းနွယ် (ဆည်မြောင်း)၊ ဦးမျိုးနိုင် (သံပန်းသံတံခါး)၊ ဒေါ်ခင်မာဦး(အမက၊ ပန်းဘဲတန်း)၊ ဦးမျိုးညွန့်(တရားလွှတ်တော်ရှေ့နေ)၊ ဒေါ်ခင်နွဲ့မူ၊ (ဦးဇော်ဝင်း-ဒေါ်ချောစု)၊ ဒေါက်တာတင်ထွဋ်၊ ဒေါက်တာနီနီဆန်း(ထွဋ်တိရစ္ဆာန်ဆေးခန်း)၊ ဒေါ်ခင်မေသန်း(ခ)ဒေါ် မေဒေး(အမက၊ ပန်းဘဲတန်း)၊ (ဦးဝင်းထွန်း)၊ ဒေါက်တာခင်စန်းနွယ် (တွဲဖက်ပါမောက္ခ၊ သတ္တုဗေဒဌာန၊ ပြည်တက္ကသိုလ်)တို့၏ဖခင်၊ ကိုရဲမျိုးသီဟ၊ မဆုလဲ့မွန်၊ မဇင်သီထွဋ်(Ooredoo ရုံးချုပ်)၊ ဒေါက်တာအောင်သီဟဇော် (MAM၊ ရွှေပြည်သာ)၊ မမေသူအောင်(အာရှတော်ဝင်ဆေးရုံ)၊ မောင်ကောင်းမင်းခန့်နှင့် မြစ်လေးယောက်တို့၏အဘိုးသည် ၂၉-၅-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့) ည ၇:၅၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၅-၂၀၁၉ရက် (သောကြာနေ့) ညနေ ၄နာရီတွင် အေးငြိမ်းရာသုသာန်သို့ ပို့ ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ ရေကန်ဒါယိကာမကြီး

## ဒေါ်ခင်ညွန့်(ခ) Glady's
**ပြင်ဦးလွင်**

**အသက်(၉၀)**

ပြင်ဦးလွင်မြို့၊ ပေါ်ကုန်းရပ်နေ (ဦးသောင်း-ဒေါ်တင်)တို့၏သမီး၊ (ဦးဆင်-ဒေါ်လေး)မော်လမြိုင်တို့၏သမီးချွေးမ၊ (ဦးထွန်းရင်-ဒေါ်စိန်)(ဒေါ်ရွှေရည်)၊ (ဦးဘရီ-ဒေါ်စိန်)၊ (ဒေါ်မြသိန်း)၊ (ဦးဟန်သိန်း-ဒေါ်လှ)၊ (ဗိုလ်မှူးမောင်အေး-ဒေါ် ကြည်သန်း)၊ (ဗိုလ်မှူးချာလီသိန်းရွှေ-ဒေါ်ခင်မေကြူ)၊ (ဒေါ်ခင်အေးကြည်)၊ (ဦးသန်းအောင်)-ဒေါ်သောင်း၊ (ဦးကျော်ကျော်) -ဒေါ်ခင်သန်းမြင့်တို့၏ညီမ/အစ်မ၊ (ဦးမြင့်စိုး)၏ဇနီး၊ ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ (၈)ရပ်ကွက်၊ ၃၉လမ်း၊ အမှတ် (၁၈၅၊ ဒုတိယထပ်-ဝဲ)နေ ဦးထွန်းမြင့်စိုး(ခ)ဦးကိုကို(တိုင်းရင်းဆေး)-ဒေါ်သန်းသန်းရီ၊ ဦးဝင်းမြင့်စိုး(ခ)ကိုညီ(Bagan Entertainment Htoo group Co.,Ltd)-ဒေါ်ရီရီမြင့်(ထ-၃၊ ဗိုလ်တထောင်)၊ ဦးနေမြင့်စိုး(ခ)ဦးငယ်(ဆင်ဖြူကျွန်းကုမ္ပဏီလီမိတက်)-ဒေါ်သီတာညွန့်တို့၏မိခင်၊ ဦးရဲကျော်သူ(Maw Tin Co.,Ltd)-ဒေါ်ရတနာဖြိုး(Htoo Petroleum, Htoo group Co.,Ltd)၊ ဦးကျော်ဇင်-ဒေါ်ကြည်ဖြူမြင့်ဦး(အောင်ကျော်ကြား၊ အိမ်+ခြံ+မြေ အကျိုးဆောင်)တို့၏အဘွား၊ မောင်အောင်သီဟ၊ မောင်လင်းဘုန်းပြည့်တို့၏ဘွားဘွားကြီးသည် ၃၀-၅-၂၀၁၉ရက် (ကြာသပတေးနေ့) နံနက် ၂:၀၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၆-၂၀၁၉ရက် (စနေနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်၊ လမ်းဒါယကာကြီး

## ဒုတိယဗိုလ်မှူးကြီးအေးလွင် (ငြိမ်း)၊ ကြည်း-၇၁၆၁
**ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်(ငြိမ်း)၊ ရွှေကျင်မြို့**

**အသက်(၉၁)နှစ်**

ပဲခူးတိုင်းဒေသကြီး၊ ရွှေကျင်မြို့နေ (ဦးစိန်ခိုင်-ဒေါ်အေးခင်)တို့၏သား၊ ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ မိကျောင်းကန် အပိုင်း(၃)ရပ်ကွက်၊ သီရိရတနာရိပ်သာ၊ သီရိရတနာလမ်း၊ အမှတ်(၁၀/၁၂)နေ (ဒေါ်ဝင်းမြင့်)၏ခင်ပွန်း၊ ဒေါက်တာယုယုလွင်၊ ဦးသက်ခိုင်ရင်-ဒေါ်ဖြူဖြူလွင်၊ ဗိုလ်မှူးသင်းလွင်(ငြိမ်း)-ဒေါ်ခင်ဆွေဝင်း၊ ဦးအောင်အောင်လွင်-ဒေါ်မြမော်သင်းတို့၏ချစ် လှစွာသောဖခင်၊ မသူဇာလွင်၊ ဒေါက်တာသန့်ဇင်ဝင်း-မဖြိုးသီရိလွင်၊ မောင်သန့်ဦးလွင်၊ မောင်သန့်ညီလွင်တို့၏အဘိုး၊ မမြတ် ပန်းရတနာဝင်း၏ဘိုးဘိုးကြီးသည် ၂၉-၅-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့) ည ၁၁:၀၅နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၃၁-၅-၂၀၁၉ရက် (သောကြာနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ် ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁:၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၄-၆-၂၀၁၉ရက် (အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးမောင်ဇ (အငြိမ်းစားကျောင်းဆရာ)
**(တောင်ကုတ်မြို့နယ်အသင်း)**

**အသက်(၈၆)နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ဖျူိင်းရွာမရပ်ကွက်၊ ၁၅၃လမ်း၊ အမှတ်(၁၂၊ ငါးလွှာ)နေ ဒေါ်သန်းမြင့် (တောင်ကုတ်မြို့)၏ ခင်ပွန်း၊ ဒုဗိုလ်မှူးကြီးစိန်အေး (ငြိမ်း)(ဒုတိယညွှန်ကြားရေးမှူးချုပ်-ငြိမ်း၊ လူမှု-ကယ်ဆယ်ဝန်ကြီးရုံး)-ဒေါ်နိုင်နိုင်အေးတို့၏ ဖခင်၊ ဗိုလ်မှူး/ဗိုလ်ကြီးကျော်စောထက်(တပ်မတော်-ရေ)၊ ဗိုလ်မှူးသက်အောင်-ဒေါ်ချောစုစုနိုင်တို့၏အဘိုး၊ မောင်မင်းသုတကိုတို့၏အဘေးသည် ၃၀-၅-၂၀၁၉ရက် (ကြာသပတေးနေ့) ညနေ ၄:၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၆-၂၀၁၉ရက် (စနေနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၈နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး

## ဗိုလ်မှူးသောင်းထွန်း (ငြိမ်း)
**မော်ကွန်းထိန်း(ငြိမ်း) M.M.M.E**

**စစ်တက္ကသိုလ်အပတ်စဉ်(၂၀)**

**အသက်(၆၃)နှစ်**

မအူပင်မြို့နေ (ဦးဟန်စိန်-ဒေါ်ကြီးညို)တို့၏သား၊ လားရှိုးမြို့နေ (ဦးစိုင်းမြတ်ဟိန်း-ဒေါ်စဝ်ကြည်မေ)တို့၏သားသမက်၊ ဒေါ်နန်းမောက်ဟိန်း၏ခင်ပွန်း၊ ဒေါက်တာဒေါ်သန်းမြင့်၏မောင်၊ ဒေါ်ရီရီမြင့်၏အစ်ကို၊ မောင်စည်သူအောင်၊ ဒေါက်တာစုလဲ့ ရည်အောင်၊ မောင်သန်းထွဋ်အောင်၊ မမေမြတ်အောင်၊ စိုင်းသူရနောင်၊ နန်းမိုးမိုးစံ၊ နန်းအိအိစံတို့၏ဦးလေး၊ ဒေါ်နွယ်ဇင်ဦး (လက်ထောက်ကထိက၊ ကွန်ပျူတာတက္ကသိုလ်၊ စစ်တွေ)၊ မောင်ဝေယံဖြိုး (AB. JSM SHIPPING COMPANY)၊ ဒေါက်တာသီဟဇော်တို့၏ဖခင်သည် ၃၀-၅-၂၀၁၉ရက် (ကြာသပတေးနေ့) နံနက် ၅:၅၀နာရီတွင် အမှတ်(၂)တပ်မတော်ဆေးရုံ ခုတင်-၅၀၀၌ ကွယ်လွန်သွားပါသဖြင့် ၁-၆-၂၀၁၉ရက် (စနေနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၁၀:၃၀နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု



ဒုတိယသမ္မတ ဦးမြင့်ဆွေ ကမ္ဘာ့နိုင်ငံအားလုံး၏ လူ့အခွင့်အရေးအခြေအနေကို ပုံမှန်သုံးသပ်သည့်လုပ်ငန်းစဉ် အကြံပြုတိုက်တွန်းချက်များ အကောင်အထည်ဖော်ဆောင်ရွက်ရေး အမျိုးသားအဆင့်ကော်မတီ၏ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

# UPR လုပ်ငန်းစဉ်သည် မိမိတို့နိုင်ငံ၏ လူ့အခွင့်အရေးအခြေအနေ ဖွံ့ဖြိုးတိုးတက်မှုများကို ကမ္ဘာကသိစေရန် စနစ်တကျဖော်ထုတ်ပြသခွင့်ရမည့် အခွင့်အရေးဖြစ်သည့်အတွက် အလေးအနက်ထား ဆောင်ရွက်ပေးရန်လို

**နေပြည်တော် မေ ၁၀**

ကမ္ဘာ့နိုင်ငံအားလုံး၏ လူ့အခွင့်အရေးအခြေအနေကို ပုံမှန်သုံးသပ်သည့်လုပ်ငန်းစဉ် (Universal Periodic Review-UPR)အကြံပြုတိုက်တွန်းချက်များ အကောင်အထည်ဖော်ဆောင်ရွက်ရေး အမျိုးသားအဆင့်ကော်မတီ၏ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထဲရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ ကော်မတီဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ ကော်မတီအဖွဲ့ဝင်များဖြစ်ကြသည့် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥက္ကဋ္ဌ ဦးဝင်းမြ၊ စစ်ဥပဒေချုပ် ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး၊ ဒုတိယဝန်ကြီးများဖြစ်ကြသော ဗိုလ်ချုပ်အောင်သူ၊ ဗိုလ်ချုပ်သန်းထွဋ်၊ ဦးအောင်လှထွန်းနှင့် ဒေါက်တာ ဒေါ်မြလေးစိန်၊ အမြဲတမ်းအတွင်းဝန်များ၊ *စာမျက်နှာ ၅ ကော်လံ ၁* ❖

# မြန်မာ ယူ-၂၂ အသင်း တောင်ကိုရီးယားကလပ် ပိုဟန်စတီးလားစ်အသင်းကို အနိုင်ယူ

**ရန်ကုန် မေ ၁၀**

မြန်မာနိုင်ငံတွင် ခြေစမ်းပွဲလာရောက်ကစားသည့် တောင်ကိုရီးယားကလပ် ပိုဟန်စတီးလားစ်အသင်းနှင့် မြန်မာ ယူ-၂၂ အသင်းတို့၏ ခြေစမ်းပွဲကို ယနေ့ညနေပိုင်းက သုဝဏ္ဏကွင်း၌ ကျင်းပရာ မြန်မာ ယူ-၂၂ အသင်းက သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

မြန်မာ ယူ-၂၂ အသင်းသည် ယခုပွဲတွင် ပုံစံကောင်းပြသနိုင်ခဲ့ပြီး အာရှထိပ်သီး တောင်ကိုရီးယားနိုင်ငံမှ ပိုဟန်စတီးလားစ်အသင်းကို အနိုင်ကစားနိုင်ခဲ့သည်။ မြန်မာ ယူ-၂၂ အသင်းနည်းပြချုပ် ပိုပေါ့ဗ်သည် ယခုခြေစမ်းပွဲတွင် ရွေးချယ်ထားသည့် ကစားသမားအားလုံးနီးပါး အသုံးပြုခဲ့ပြီး ဗီယက်နမ် ယူ-၂၂ အသင်းနှင့် ခြေစမ်းပွဲအကြို ရလဒ်ကောင်းရခဲ့ခြင်းဖြစ်သည်။

ပိုဟန်စတီးလားစ်အသင်းသည် တစ်ရက်ခြား နှစ်ပွဲကစားရသောကြောင့် *စာမျက်နှာ ၁၂ ကော်လံ ၁* ■



မြန်မာအသင်းအတွက် ဒုတိယဂိုးကို ဝင်းနိုင်ထွန်း သွင်းယူနေစဉ်။ ဓာတ်ပုံ- ဖိုးသော်ဇင်

